www.burmeseclassic.com

စုံထောက် သည်းထိတ်ရင်ဖိုဝတ္ထုတိုများ
အမှတ် - ၃



# မှောင်ထဲက ကြောင်များ

အခြားဝတ္ထုတိုများ

ညီညီနိုင်၊ ဆွေမြင့်၊ ဇော်ထက်၊
နေစိုးသော်၊ အောင်စေပိုင်
မောင်မြင့်မား(ပိုလ်ကလေး)၊ နိုင်သစ်

2004
Graphic: Glory Studio

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်

၀၃၆၈/၂၀၀၄ (၁၂)

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၅၀၀၂၂၄၀၅၀၃

မျက်နှာဖုံးဒီဇိုင်း

ယောင်စနကြည်

ကွန်ပျူတာ

ကိုတင်ထွန်း

ပုံနှိပ်ခြင်း

ပထမအကြိမ်၊ ၂၀၀၅၊ ဇူလိုင်လ

အုပ်ရေ

၅၀၀

တန်ဖိုး

၆၀၀

စာအုပ်ချုပ်

ကိုမြင့်

ဦးကျော်ဟင်း (ယုံကြည်ချက်စာပေ)၊ ၂၀၈၊ လမ်း ၃၀၊ ရန်ကုန်မြို့မှ ထုတ်ဝေ၍၊ ဦးမြင့်သိန်း (Shwe Offset Printing House)၊ (ယာယီ-၁၃၇၃) အမှတ် ၁၇၅(ခ)၊ ၃၁ လမ်း၊ ရန်ကုန်တွင် ပုံနှိပ်သည်။

## မာတိကာ

ညီညီနိုင်
ရှာမှာသိုက်နှင့် မဆိုးသုံးယောက် ၁

ဆွေမြင့်
မှတ်မှတ်ရရ ၃၃

ဇော်ထက်
သစ္စာဖောက်သူလို့ ၄၃

နေဝိုးသော်
မှောင်ထဲက ကြောင်များ ၇၃

အောင်စေပိုင်
လမ်းမှာတွေ့သော မိန်းကလေး ၁၀၁

ယောင်မြင့်မား
ကြုံရဆုံရ တစ်ညတာ ၁၁၃

နိုင်သစ်
ငွေမှု ၁၃၇

www.burmeseclassic.com

www.burmeseclassic.com

ညီညီနိုင်

# ရတနာသိုက်နှင့်မှဆိုးသုံးယောက်

Jon Lutz's Buried Treasure

From

(ALFRED HITCHCOCK'S MYSTERY MAGAZINE)

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုသောအတိတ်က အသည်းခိုက်စရာစကားလုံးတွေ၊ သွေးခြောက်ကြွပ်ရှနေတဲ့စာရွက်တွေ၊ အမှတ်တရစာတပ်ပုံတွေဟာ ကျွန်တော်တို့ကို ညှို့ယူဖမ်းစားနိုင်စွမ်းရှိကြတာ ဘယ်သူမှမငြင်းနိုင်ပါဘူး။

တစ်နည်းအားဖြင့် ဖြစ်ပြီးခဲ့သမျှထဲမှာ ဘယ်လိုမှမမေ့နိုင်အောင် လွမ်းတစရာ၊ နာကြည်းစရာတွေ ပါဝင်နေလို့ပဲ မဟုတ်ပါလား။

ကျွန်တော့်အနေနဲ့ ဒီအဖြစ်မျိုးကို တိုက်ရိုက်မဟုတ်ပေမယ့် တစ်ဆင့်ခံကြုံတွေ့ခဲ့ရပြီး အပီအပြင် ခံစားနားလည်လိုက်ရတယ်လို့ ဆိုချင်ပါတယ်။

ပုဒီဏ၁၈၇၄ပ

www.burmeseclassic.com

www.burmeseclassic.com



ဇာတ်လမ်းအစကတော့...

မစ်ဆိုရီပြည်နယ်၊ ဂျိတ်ပွိုင့်က ရှေးဟောင်းစံအိမ်ကြီးတစ်လုံးကို ကျွန်တော်တို့လင်မယား ဝယ်ခဲ့မိကြပါတယ်။

ဂျိတ်ပွိုင့်ဆိုတာက စိန့်လူးဝစ္စမြို့နဲ့ မနီးမဝေးမှာရှိတဲ့ မြို့ငယ်လေးတစ်မြို့။

စံအိမ်ကြီးကတော့ လွန်ခဲ့တဲ့အနှစ် ၁၅၀၊ ဗိတိုရိယားခေတ်ပုံစံနဲ့ ဆောက်ထားတဲ့ သုံးထပ်အဆောက်အအုံကြီးပါပဲ။

ကျွန်တော့်မိန်းမ အက်ဖီအနေနဲ့ ဒီလိုစံအိမ်ကြီးမျိုး လိုချင်နေတာ ကြာပါပြီ။ ကျွန်တော်ကလည်း ကြော်ငြာကိုယ်စားလှယ်လုပ်ငန်းကို ရောင်းချခဲ့ရာက သူ့အလိုကို လိုက်နိုင်ခဲ့တာ ဆိုပါတော့။

အိမ်ရောင်းခဲ့သူက တစ်လောက ကွယ်လွန်သွားခဲ့တဲ့ လူကုံထံဆွေကြီးမျိုးကြီးတစ်ဦးဖြစ်သူ ဘီးထရိုက်စ်လိုဂင်ဆိုတဲ့ အဘွားကြီးပါ။

ကျွန်တော်တို့က ခေါင်မိုးမျက်နှာကြက် အမြင့်ကြီးနဲ့ ပျက်စီးယိုယွင်းနေတဲ့ အိမ်အိုကြီးကို အသစ်မွမ်းမံပြင်ဆင်ပြီး နေဖို့ကြံခဲ့တာပဲ ဆိုပါတော့။

ဒီလိုနဲ့... စံအိမ်ကြီးကို ကျွန်တော်တို့ ပြောင်းလာလာချင်းမှာပဲ အက်ဖီက... ရတ်နာသိုက်လို့ သူခေါ်တဲ့နေရာတွေကို လိုက်ပြခဲ့ပါတယ်။ အိမ်ကြီးမှာ အဆောင်အခန်းတွေ များဘာနဲ့အမျှ နှစ်ပေါင်းများစွာ ပစ်စလက်ခတ်ပစ်ထားခဲ့တဲ့ အခန်းငယ်တွေ၊ ချောင်ကြိုချောင်ကြားတွေလည်း တစ်ပုံကြီး။

အဲဒီထဲကမှ ရှားရှားပါးပါး ဖန်ထည်မှန်ထည်တွေ၊ မှေးမှိန်





ရက်ပြယ်နေတဲ့ ပန်းချီကားတွေရဲ့အောက်ခံ ကြေးပေါင်ကြေးပြားတွေ၊ ခုခေတ်မှာ အတုပြန်လုပ်ဖို့တောင်မလွယ်ဘဲ တန်ဖိုးရှိလှတဲ့ သစ်ထွင်းလက်ရာတွေနဲ့ အက်ဖီ ပြန်ထွက်လာတတ်ပါတယ်။

ဒါပေမဲ့... ကျွန်တော်တို့ မမျှော်လင့်ဆုံးနဲ့ စိတ်ဝင်စားစရာအကောင်းဆုံး တွေ့ခဲ့ရတာကတော့ မြေတိုက်ထဲက သေတ္တာတစ်လုံးပါပဲ။

* * *

သေတ္တာက သစ္စာနဲ့လုပ်ထားပြီး မီးခိုးရောင်သုတ်ထားပါတယ်။ သိပ်လည်းမကြီးသလို၊ လေးလေးပင်ပင်လည်း မရှိလှပါဘူး။ ဒါပေမဲ့ ကိုင်လှုပ်ကြည့်တော့လည်း ဂျလောက်ဂျလက်သံ မကြားရလို့ အထဲမှာ ပစ္စည်းတွေရှိနေတာ သေချာတယ်။

"ဘာတွေလဲ သိရအောင် ဖွင့်ကြည့်စမ်းပါကွယ်"

အက်ဖီကပြောလို့ ကျွန်တော်လည်း လက်သမားပုံးထဲက တူတစ်လက် သွားယူလိုက်ပါတယ်။ တစ်ချက်တည်းထုလိုက်တာနဲ့ သံမဏိသော့ချက်က ပွင့်ထွက်သွားတာပါပဲ။

အထဲမှာတော့ စာတွေ။ ပြီးတော့... စာရွက်စာတမ်းမျိုးစုံအနားစတွေက တွန့်လိမ်စုတ်ပြဲပြီး ဝါကြန့်ကြန့်အရောင်တွေတောင် စွဲနေပြီ။ လီယိုနတ်ကာဗဲလ်လို့ နာမည်တပ်ထားတဲ့ စာအိတ်တွေပေါ်က စာတိုက်တံဆိပ်ဟာ ၁၉၃၀ ပြည့် နှစ်လယ်ပိုင်းတွေ ဖြစ်နေတာ တွေ့ရပါတယ်။

တချို့စာတွေကလည်း ဖလွိုက်ဆိုသူနဲ့ပတ်သက်တဲ့ ကိုယ်ရေး



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တာကိစ္စတွေပါနေလို့ ကျွန်တော်တို့အဖို့ သိပ်စိတ်ဝင်စားဖို့ မကောင်းဘူး ထင်ခဲ့ရတာပေါ့။

လက်ရေးကတော့ ညှသလားမမေးနဲ့၊ သတ်ပုံတွေကလည်း ရယ်စရာကောင်းအောင် မှားလိုက်သေး။ ဒါပေမဲ့...စာကြောင်းကို ဖွဲ့စောင်းမသွားအောင် အတော်လေး ဂရုစိုက်ရေးထားရုံရုပါတယ်။

"တံဆိပ်ခေါင်းတွေကတော့ ရောင်းစားလို့ရမှာပဲ"

အက်ဖီက မိန်းမပီပီ ဈေးတွက်တွက်ပြီး ပြောပါတယ်။

"ကိုယ်ကတော့ အဲဒီ့ထက် ပိုကောင်းတာကို စဉ်းစားမိတယ်ကွ...ဒီမိသားစုနဲ့ ဆက်နွှယ်နေတဲ့လူတွေ ရှိမရှိ...ပတ်ဝန်းကျင်မှာစုံစမ်းကြည့်မယ်၊ လီယိုနတ်ကာဗဲလ်ဆိုတဲ့လူ အသက်ရှင်နေဆဲဖြစ်ချင်ဖြစ်မယ်၊ ဒါမှမဟုတ်...ဒီသေတ္တာကိုလိုချင်တဲ့ လူတစ်ယောက်ယောက်လည်း ရှိနိုင်တယ်"

ကျွန်တော်က စာတွေကိုပြန်ထည့်ပြီး သေတ္တာကို ပြန်ပိတ်လိုက်ရင်းက ပြောလိုက်တာပါ။

အက်ဖီကလည်း သဘောတူတာနဲ့ နောက်တစ်နေ့မှာ ဂျိတ်ပွိုင့်က ဈေးတန်းလေးဘက် ကားမောင်းထွက်ခဲ့ရာက စတိုးဆိုင်တစ်ဆိုင်နဲ့ စာတိုက်မှာ လီယိုနတ်ကာဗဲလ်ဆိုတဲ့နာမည်ကို ကြားဖူးကြသလား၊ သူ့အဆက်အနွှယ်တွေကော သိကြပါသလား စုံစမ်းမိပါတယ်။ တစ်ယောက်မှ မသိကြပါဘူးတဲ့။

နောက်ဆုံး ဆံပင်ညှပ်ဆိုင်တစ်ဆိုင်နဲ့ ဘားဆိုင်ကိုဝင်မေး





ခဲ့တဲ့အထိ ကျွန်တော့်မေးခွန်းကို စိတ်ဝင်စားဟန်မပြခဲ့တာ တအံ့တသြ တွေ့ခဲ့ရပါတယ်။

"ကဲ...ကျွန်မတို့ အခုဘာလုပ်ကြမလဲ"

အိမ်ပြန်ရောက်လို့ ဧည့်ခန်းကြီးနဲ့ လိုက်ဖက်အောင် အက်ဖီ ဝယ်ခဲ့တဲ့ ရှေးဟောင်းဆိုဖာကြီးပေါ်မှာ ခြေပစ်လက်ပစ်နားနေလိုက်တဲ့ ကျွန်တော့်ကို သူက အကြံတောင်းလိုက်ပါတယ်။

"စိန့်လူးဝစ္စသတင်းစာထဲက ကြော်ငြာထည့်မယ်ကွာ"

သေတ္တာထဲက စာတချို့မှာ စိန့်လူးဝစ္စစာတိုက်တံဆိပ်ရိုက်ထားပြီး "အက်ဒီ" လို့ နာမည်တစ်လုံးတည်း လက်မှတ်ထိုးထားပါတယ်။

ထူးဆန်းတာက စာအိတ်တိုင်းမှာ ပို့သူရဲ့လိပ်စာမပါတာပါပဲ၊

"ဒါဆိုလည်း ရှင် ကြော်ငြာရေးလိုက်လေ...တနင်္ဂနွေနေ့မှာ ထည့်ပေးဖို့ ကျွန်မ ဖုန်းဆက်လိုက်မယ်"

အက်ဖီက အပေါ်ထပ်လှေကားရင်းက လက်ရန်းပွတ်လုံးတိုင်က ဆေးတွေကို တိုက်ချွတ်ရင်း ပြန်ပြောခဲ့တာပါ။

သေတ္တာထဲကပစ္စည်းတွေဟာ ကိုယ်ရေးကိုယ်တာသက်သက်မို့ တန်ဖိုးရှိချင်မှရှိပေမယ့် ကျွန်တော်တို့မှာ လူမှုရေးအရ တာဝန်ရှိတယ်လို့ ယူဆခဲ့ရာက ခုလိုကြံဆောင်ခဲ့ကြတာပါပဲ။

ကြော်ငြာထည့်ပြီး တစ်ပတ်ကျော်ကျော်လောက်အထိတော့ ဘာမှအကြောင်းမထူးပါဘူး။ အင်္ဂါနေ့တစ်နံနက်...အခါ၊



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းလောင်းမြည်လာချိန်အထိ ဒီစာသေတ္တာကိစ္စကို ကျွန်တော် မေ့မေ့ပျောက်ပျောက် ဖြစ်နေမိတယ် ဆိုရမှာပါ။

အက်ဗီက ရှေးဟောင်းပစ္စည်းဆိုင်သွားနေတာမို့ ကျွန်တော် က တံခါးသွားဖွင့်ပေးလိုက်ရပါတယ်။

တံခါးဝမှာ အဘိုးကြီးတစ်ယောက် ရပ်လို့။

နဖူးပေါ်ကချွေးတွေကို လက်ကိုင်ပဝါနဲ့သုတ်ရင်းက...

"လီယိုနတ်ကာဗဲလ်ရဲ့ စာတွေအကြောင်း သတင်းစာကြော်ငြာ ထည့်လိုက်တာ မောင်ရင်လား"

"ဟုတ်ပါတယ်... ကျွန်တော့်နာမည် ဝါရင်းအိုင်ကင်ပါ"

ပြန်ဖြေပြီး တစ်ဆက်တည်း.... နေပူထဲရပ်နေတဲ့ သူ့ကို အိမ်ထဲဝင်ထိုင်ဖို့ ဖိတ်ခေါ်လိုက်မိပါတယ်။

အဘိုးကြီးဟာ အသက် ခုနစ်ဆယ်ကျော်လောက်ရှိနေပြီး ခါးတောင် နည်းနည်းကိုင်းနေပါပြီ။ ဒါပေမဲ့ သူ့အရပ်က ကျွန်တော် အရပ် ၆ ပေထက်တောင် ပိုမြင့်ပါလိမ့်ဦးမယ်။

သူ့အဝတ်အစားတွေကလည်း ဖာရာထေးရာလေး ပါနေတဲ့ တိုင်အောင် အတော်လေး အဖိုးတန်မယ့်ပုံရှိသလို.... ခုထိ မပွမပင်၊ မကြောင့်မကြ နေနိုင်သေးတဲ့ လက္ခဏာပါပဲ။

သူဟာ ဟိုကြည့်ဒီကြည့် စိုးရိမ်မကင်းသလို၊ အကဲခတ် ကြည့်ရင်း ဝင်လာရာက အေးနေတဲ့မီးလင်းဖိုနားက လက်တန်း ကုလားထိုင်တစ်လုံးမှာ ဝင်ထိုင်လိုက်ပါတယ်။





သူ့ရဲ့ မှိုင်းမှုန်ရီဝေနေတဲ့ မျက်လုံးတွေထဲမှာတော့ ကြောက် စိတ်ကင်းနေပြီး အရဲကိုးထားတဲ့ အရိပ်သဏ္ဌာန်တွေ အထင်အရှား။

ကျွန်တော်က သူ့ဘက်က မိတ်ဆက်လာမှာကို စောင့်နေမိ ပါတယ်။ သူက သူ ဘယ်သူဘယ်ဝါဆိုတာ ဖွင့်မပြောပါဘူး။

သို့လင့်ကစား...

"အဲဒီစာတွေကို ငါလိုချင်လို့ပါ"

သူက လေအေးလေးနဲ့ ညင်ညင်သာသာပြောပါတယ်။

"အန်ကယ်က ကာဗဲလ်မိသားစုဝင် တစ်ယောက်လား"

အဘိုးကြီးက ကျွန်တော့်ကို စေ့စိုက်ကြည့်ရင်းက...

"မဟုတ်ပါဘူး... ငါ၊ သူတို့နဲ့ ဘာမှမတော်ပါဘူး"

ဒီတွင်... ကျွန်တော်က သူဟာ ရှေးဟောင်းပစ္စည်းဝယ် ရောင်းလုပ်သူလား၊ ဒါမှမဟုတ် ပွဲပေါက်ကြဲတဲ့ တံဆိပ်ခေါင်းသမား သားလို့ အတွေးဝင်သွားမိပါတော့တယ်။

"အန်ကယ်ဟာ... အရောင်းအဝယ်သမား တစ်ယောက် ဆင်ဝါရဲ့"

သူက ခေါင်းခါပြပါတယ်။ ပြီးတော့... ကျွန်တော် သူ့အပေါ် သက်ဘြဖြစ်နေတာကို ရိပ်မိသွားပုံနဲ့ ခပ်ပြတ်ပြတ်ပဲ ဖြေပါတယ်။

"မဟုတ်ဘူး"

"ဒါဖြင့်... ဒီစာတွေကို ဘာရည်ရွယ်ချက်နဲ့ လိုချင်တာလဲ"

သူက အရူးအအ မဟုတ်ခဲ့သလို၊ ချက်ချင်းတုံ့ပြန်ခဲ့ပါတယ်။

"မင်း သိချင်တာကို ငါပြောပြနိုင်ပါတယ်။ ဒါပေမဲ့ ငါပြော တာကို မင်းယုံပါ့မလား ဟင်... အိုင်ကင်"



www.burmeseclassic.com

www.burmeseclassic.com



"ပွင့်ပွင့်လင်းလင်း ပြောရရင်တော့…ကျွန်တော့်ကြော်ငြာဟာ ရှေးဟောင်းပစ္စည်းဝယ်သူတွေအတွက် မဟုတ်ပါဘူး၊ ဒီသေတ္တာလေးကို သူနဲ့သက်ဆိုင်သူ တစ်ယောက်ယောက်လက်ထဲ လွှဲပေးချင်တာပဲ ရှိပါတယ်၊ ကျွန်တော်ဟာ ကျွမ်းကျင်သူမဟုတ်ပေမယ့် အထဲထဲမှာ အဖိုးတန်ပစ္စည်းရယ်လို့ မပါတာတော့ သိပါတယ်"

အဘိုးကြီးက ကျွန်တော့်စကားတွေကို စဉ်းစားပါတယ်။

သူ့အနေနဲ့… ဘယ်လိုပဲ အယုံသွင်းလှည့်စားဖို့ ကြိုးစား ကြိုးစား…ကာဗဲလ်ရဲ့မိသားစုတစ်ယောက် မဟုတ်သရွေ့ ကျွန်တော် လက်ခံမှာမဟုတ်ဘူးဆိုတာ နားလည်သွားပုံပါပဲ၊

"ဒါဆိုလည်း အဲဒီသေတ္တာနဲ့ အထဲမှာပါတဲ့ပစ္စည်းတွေ အတွက် ဒေါ်လာတစ်ထောင်ပေးမယ်ကွာ"

ကျွန်တော် အံ့အားသင့်သွားပါတယ်၊ ပြီးတော့…သူ ဘေး ဝင်ထိုင်လိုက်မိရာက…

"ဓကန္တတော့… ကျွန်တော်မသိတာ တစ်ခုခု အန်ကယ် သိနေပြီထင်တယ်"

"ငါပြောတာ ဘယ်နှယ့်လဲ…မင်း လက်ခံနိုင်မလား"

ကျွန်တော့်အဖို့ ဘာမဟုတ်တဲ့သေတ္တာနဲ့ စာဟောင်းတွေကို မတန်တဆ ပေးဝယ်နေတာကိုထောက်လို့ ကာဗဲလ်မိသားစုက ကျန်ရစ်သူအတွက် တန်ဖိုးတစ်စုံတစ်ရာ ရှိနေပြီလို့ တွက်မိလိုက်ပါတယ်၊

လူတစ်ဖက်သားရဲ့ အတွင်းရေးတွေကို ချောင်းစားလိုက်ရာ ရောက်ရင် ကျွန်တော့်ဘက်က တရားပါ့မလား။





တစ်ချိန်မဟုတ်တစ်ချိန်…ကာဗဲလ်နဲ့ သက်ဆိုင်သူတွေက အရားတဘောင်လုပ်ပြီး စွဲချက်တင်မလာပါဘူးလို့ပြောနိုင်ပါ့မလား။

"ကျွန်တော် မရောင်းနိုင်ပါဘူး… ကာဗဲလ်ရဲ့မိသားစုဝင် တစ်ယောက်ယောက်က အထောက်အထားနဲ့ တောင်းလာမှသာပေးဖို့ ကျွန်တော်ဆုံးဖြတ်ထားပါတယ်"

အဘိုးကြီးက ထူးခြားတဲ့အပြုံးနဲ့ ယဲ့ယဲ့လေးပြုံးလိုက်ပြီး ခေါင်းညိတ်လိုက်ပါတယ်၊

"အေးလေ…တစ်ယောက်ယောက်တော့ လာယူမှာပေါ့ကွာ" လို့ ပြောပြီးထလိုက်ရာက ကျွန်တော့်ကို နှုတ်ဆက်ပြန်သွားပါတော့တယ်။

ကျွန်တော်ကတော့ ငုတ်တုပ်ထိုင်လျက်သားက သူဘယ်သူလဲ၊ ဘာတွေများ သိထားသလဲ၊ ဘယ်လိုလျှို့ဝှက်ချက်တွေ ရှိနေသလဲ စဉ်းစားလို့မဆုံးစတမ်း။

သူ့မျက်လုံးနဲ့ အမူအရာတွေကို ကြည့်ရတာကတော့ အထီးကျန်ကမ္ဘာမှာနေပြီး စိတ်ဝေဒနာတစ်မျိုး ခံစားနေရပုံ ပေါက်နေသေရဲ့၊ ဘာမဟုတ်တဲ့စာတွေကို ဒေါ်လာတစ်ထောင် ပေးဝယ်တာ ကြည့်ရုံနဲ့ သိနိုင်ပြီပဲ၊

တစ်ဖက်ကကြည့်ရင်တော့ ဒီသေတ္တာထဲမှာတော့ ဆန်းကြယ် လျှို့ဝှက်ချက်တစ်ခုခု ရှိနေမှာမလွဲ၊

ဒါကြောင့်လည်း ကျွန်တော်ဟာ အိမ်ရှေ့တံခါးကို ကမန်းကတမ်းပြေးပိတ်ပြီး မြေတိုက်ရှိရာ အပြေးလေးဆင်းခဲ့မိတော့ တာပေါ့။

* * *



www.burmeseclassic.com

www.burmeseclassic.com



နောက် ၅ မိနစ်အကြာ...

ကျွန်တော်ဟာ သေတ္တာထဲမှာပါတဲ့ စာရွက်စာတမ်းတွေ အားလုံး ထမင်းစားခန်းစားပွဲကြီးပေါ် ဖြန့်ခင်းထားလိုက်မိပါပြီ။

စာရွက်တွေထဲမှာ ၁၉၃၄ ခုနှစ်၊ ဇန်နဝါရီလနေ့စွဲနဲ့ လက်ပတ်နာရီဝယ်တဲ့ ဘောက်ချာ၊ အီလီနွိုက်စ်ပြည်နယ်မှာ ကားလိုင်စင်လျှောက်တဲ့ လျှောက်လွှာပုံစံတစ်ခါဇင်၊ ဖုန်စုပ်ကိရိယာ အသုံးပြုနည်းလမ်းညွှန်... စသဖြင့် တိုလီမိုလီတွေ။

ဒီနောက် စာတွေကိုဖတ်မိတယ်။ ဒီတစ်ခါတော့ ရှိသမျှစာ အားလုံး တစ်စောင်ချင်း သေသေချာချာကို ဖတ်တာပါ။

အဲ့ဒီတော့လည်း လီယိုနတ်ကာဗဲလ် ဘယ်သူဆိုတာသိဖို့ အချိန်သိပ်မယူလိုက်ရပါဘူး။

လက်စသတ်တော့ သူဟာ "ဘလက်ကီကာဗဲလ်" လို့ နာမည်ရှိတဲ့ နာမည်ကြီး ရာဇဝင်လူဆိုးတစ်ယောက်ပါပဲ။

စာတွေထဲမှာ မကြာမကြာပါတဲ့ 'ဖလွိုက်' ဆိုတာကလည်း လူချောလေးလို့ခေါ်တဲ့ ချားလ်စ်ဖလွိုက်ဖြစ်နေပြီး လူသတ်သမား ဘဏ်ဓားပြတစ်ဦးပါကလား။

ဖလွိုက်ဟာ ရာဇဝတ်မှုမျိုးစုံ ကျူးလွန်ပြီး မစ်ဆူရီပြည်နယ် ကားလမ်းမကြီးပေါ်က အိမ်တစ်လုံးမှာ လပေါင်းများစွာ ခိုလှုံနေခဲ့ရာက လူကြီးလူကောင်း ဖြစ်သွားတယ်ဆိုတာလည်း သိလာရပါတယ်။

ပြီးတော့... ရော့မ စာအိတ်ကြီးတစ်လုံးထဲမှာ စာတစ်စောင်နဲ့





ဝော်ထားတဲ့ ဖလော်ရီဒါပြည်နယ် မြေပုံရယ်၊ ဖလော်ရီဒါအလယ်ပိုင်းကို အသေးစိတ်ချဲ့ပြထားတဲ့မြေပုံရယ်ကို တွဲချုပ်ထားတာ တွေ့ရပါတယ်။

ကျွန်တော်လည်း ပြတင်းဘောင်လန့်ထားတွေ ချဲ့ဖွင့်ပြီး ခဲတံနဲ့ ရေးထားတဲ့စာကို အလင်းရောင်အောက်မှာ ဖတ်ကြည့်မိပါတယ်။

"အက်ဒီ"

အစိတ်အပိုင်းနှစ်ခုကို တစ်နေရာစီ ခွဲသိမ်းထားပါ။ ဘက်တီ အယ်လ်အဖြေအနေဆောင်းတယ်။ မကြာခင်... နေရာပြောင်းဖို့အသင့်ပဲ၊ မင်းနဲ့ငါ ရှိ(ခါမှမသတ်) စိန့်လူးမှာ ဆုံမယ်။

"ဘလက်ကီ"

ဒီစာက စိန့်လူးဝစ်မြို့၊ ဆုတ်ကလန်ရိပ်သာက နံပါတ် အခန်းနဲ့ မဖွတာအက်ဒီပက်စ်ဆီကို လိပ်မူထားတယ်။ တံဆိပ်ခေါင်းကပ်ထားပေမယ့် တတိုက်တံဆိပ် မရိုက်ရသေးဘူး။ စာအိတ်ထဲထည့်ပြီး မပို့ဖြစ်ခဲ့တဲ့ စာတစ်စောင်ပေါ့။

ကျွန်တော့်သိချင်စိတ်တွေ ပိုကြီးလာပါပြီ။

အက်ဗီအိမ်ပြန်လာတဲ့အခါ ကြုံတွေ့ခဲ့ရတဲ့အကြောင်းတွေ ပြန်ပြောပြီး မနက်ဖြန် စိန့်လူးဝစ်ကို သွားကြည့်မယ့်အကြောင်း အသိပေးလိုက်ပါတယ်။

သူကလည်း အိမ်အဝင်မှာ အလှထားဖို့ သစ်ပင်တစ်ပင်ကို သွားကြည့်ချင်တဲ့အတွက် ဗင်ဒါလီယာကို သွားရောက်ရှိတယ်ဆိုတဲ့၊



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့။

စိန့်လူးဝစ္စက အုတ်ကလန်ရိပ်သာမှာ အရှေ့နဲ့အနောက် တန်းနေပြီး အားကစားကွင်း၊ တီဗီရုပ်သံလွှင့်ရုံ၊ အစိုးရရွှာနေတွေကနေ တိုက်တန်းလျားအိုကြီးတွေနဲ့ ဆေးရုံရှိတဲ့အနောက်ဘက်ရယ်လို့ ရှိပါတယ်။

လက်ရှိ အစိုးရအဆောက်အအုံတွေနေရာမှာ ကာဝဲလ်ရဲ့ စာထဲက အက်ဒီပက်ပ်နေခဲ့မယ်လို့ မှန်းဆမိပါတယ်။

လမ်းဘေးက စားသောက်ဆိုင်ငယ်တစ်ဆိုင်ရှေ့မှာ ကားရပ် လိုက်ပြီး ဆိုင်ထဲကိုဝင်ထိုင်ခဲ့ရာက အသားညှပ်မုန့်တစ်လုံး မှာလိုက် မိပါတယ်။

ဟိုမေးဒီမေးနဲ့ စပ်စုလိုက်တဲ့အခါ လွန်ခဲ့တဲ့ ၁၉၃၀ ပြည့်လွန် နှစ်ကာလက နေရာဟာ ကျေးမအပန်းဖြေပန်းခြံကြီး ဖြစ်နေတာ သိလိုက်တော့တာပါပဲ။ လူဆိုးတစ်ယောက် ခိုအောင်းနေဖို့ မဖြစ် နိုင်တဲ့ နေရာပေါ့။

ကျွန်တော်လည်း မုန့်နဲ့ကော်ဖီကို သောက်ပြီးတာနဲ့ မြို့လယ်ကောင်စာကြည့်တိုက်ကို တန်းမောင်းခဲ့ပါတယ်။

စာကြည့်တိုက်မှူးကို ၁၉၃၀ ပြည့်လွန်နှစ်တွေက စိန့်လူးဝစ္စ သတင်းစာက မိုက်ကရိုဖလင် မိတ္တူတွေရှိမလားလို့ မေးမိပါတယ်။

အဲဒီနောက်... မိုက်ကရိုဖလင်ကြည့်စက်ရှေ့ ရောက်ခဲ့ရာက သတင်းတွေကို လိုက်ဖတ်ကြည့်မိရော ဆိုပါတော့။

လီယိုနတ်ဘလက်ကီကာဝဲလ်ရဲ့ ဆိုးသွမ်းသောင်းကျန်းမှု





တွေ ပွစာကျဲနေတာတွေ့ရတယ်။ ၁၉၃၂ ခုနှစ်၊ ဖွန်လထဲမှာ လူသတ်မှုတစ်ခုနဲ့ မသက်သေခံခဲ့ရတယ်။ သူက လိမ္မာပါးနပ်စွာနဲ့ အဲဒီအမှုက အလွတ်ရုန်းသွားတယ်။

ဒါပေမဲ့... ၁၉၃၂ ခုနှစ်၊ စက်တင်ဘာလအတွင်းက တည်းခိုခန်းပိုင်ရှင်ကို ဝင်လုပြီး သတ်ဖြတ်မှုကျတော့ မလွတ်တော့ ပါဘူး။

ပြစ်မှုထင်ရှားပြီး တစ်သက်တစ်ကျွန်း ထောင်ဒဏ်ချမှတ် ခံလိုက်ရတယ်။ ဒါပေမဲ့... လမ်းတစ်ဝက်မှာ ထွက်ပြေးလွတ်မြောက် သွားတယ်။

၁၉၃၃ မှာ ဗင်မိုလာကိုနဲ့ အက်ဒီဝက်ပ်ဆိုတဲ့ အဖော် နှစ်ယောက်နဲ့ ဘဏ်ဓားပြတိုက်မှု ကျူးလွန်ခဲ့ပြန်တယ်။ ၁၉၃၃ နှောင်းပိုင်း အာကင်ဆက်စ်မြို့လေးမှာ မိုလာကိုအား ရဲတွေက အသေ မိလိုက်တယ်။ အက်ဒီပက်ပ်က ကာဝဲလ်နဲ့တွဲပြီး နောက် သုံးနှစ် လုံးလုံး မိုက်စာတ်ဆက်ခင်းခဲ့တယ်။ ဘဏ်အများအပြားကိုဝင် ဓားပြတိုက်ရုံမက ပြန်ပေးမှုတစ်ခုနဲ့ ဖောက်ခွဲမှုတစ်ခုအတွက် သံသယ အဝင်ခံခဲ့ကြရတယ်။

၁၉၃၇၊ ဇွန်ထဲမှာ ခစ်ဆူရီက ယူနီယံဘဏ်ကို ဓားပြ တိုက်ပြီးတဲ့နောက် ဂျိတ်ပ္ပိုင့်မြို့ပြင်က လယ်တဲအိမ်တစ်လုံးမှာ အက်ဖ်ဘီအိုင်စုံထောက်တွေ အလစ်ဝင်စီးတာခံရပြီး ကာဝဲလ် သေနတ်မှန် သေသွားပါလေရော။

၁၉၃၇၊ ဇွန် ၁၄ ထုတ် သတင်းစာတွေထဲမှာ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



သွယ်သွယ်၊ ခေါင်းစုတ်ဖွာနဲ့ ကာဗဲလ်ရဲ့ဓာတ်ပုံ ပါလာတယ်။ ဒီသတင်းနဲ့အတူ သေနတ်ကိုင်လူဆိုးနှစ်ယောက် ထားပြတိုက်သွားတဲ့ ဒေါ်လာသုံးသောင်းလည်း ရှာမတွေ့ဘဲ ပျောက်ဆုံးနေဆဲလို့ ဖော်ပြထားလေရဲ့။

ငွေတွေကို ပြန်တွေ့ပြီဆိုတဲ့သတင်း နောက်လပေါင်းများစွာကြာတဲ့အထိ သတင်းစာတွေထဲမှာ ပါမလာခဲ့ပါဘူး။

ကျွန်တော် ဂိုတ်ဗွိုင်းအိမ်ကိုပြန်လာတော့ အက်ဗီက ထွက်ကြိုနေရာက လင်မယားနှစ်ယောက်သား စာသေတ္တာတင်ထားတဲ့ စားပွဲဆီ တန်းရောက်သွားကြပါတယ်။

ကျွန်တော်က အက်ဒီပက်ပ်ဆီရေးထားတဲ့စာနဲ့ ဗလော်ရီဒါ မြေပုံတွေကိုထုတ်ပြီး ထပ်လေ့လာ စစ်ဆေးတော့တာပဲပေါ့။

မြေပုံအကြီးက ဗလော်ရီဒါနယ်က လမ်းကြောင်းပြမြေပုံဟောင်းတစ်ခုဖြစ်ပြီး အော်လီနာခေါ်တဲ့မြို့ဆီကို ခဲတံအနီနဲ့ လမ်းကြောင်းဆွဲပြထားတယ်။

မြေပုံငယ်လေးကိုတော့ မင်နဲ့ သေသေချာချာ ဂရုတစိုက်ရေးဆွဲထားတာပါ။

ပုံထဲမှာ ဗြိဂံမကျတကျ လမ်းသုံးလမ်း ထင်ထင်ရှားရှားပါပြီး တောရန်းလေးထောင့်ကွက်ငယ်လေးတွေဟာ အိမ်တွေကလွဲလို့ တာမှ မဖြစ်နိုင်သလို၊ ဗြိဂံကွက်ထဲမှာလည်း ထူးခြားတဲ့ ပုံစံတွေ ရှိနေပါတယ်။

မြေပုံပေါ်မှာ ဘာစကားနဲ့မှ အတိုင်းအတာ ပြမထားဘူး။





အမှတ်အသား၊ အက္ခရာစာလုံးရယ်လို့လည်း တစ်လုံးမှရေးမထားပါဘူး။

မြေပုံရဲ့ လက်ဝဲထောင့်ထိပ်စွန်းမှာတော့ ကြယ်ငါးပွင့်ကို ညီမညာကွေ့ကောက်ပြီး ဆွဲထားတာတွေ့ရတယ်။

ကျွန်တော့်အဖို့ ဘယ်လိုမှ အဓိပ္ပာယ် မကောက်တတ်အောင်ပါဘဲ။

* * *

အဲ... ဒါပေမဲ့... စာနဲ့မြေပုံတွေကို သူ့အိတ်ထဲ ပြန်ထည့်မယ်အလုပ်... စာအိတ်ထဲမှာ စာရွက်ခေါက်တစ်ခု ကပ်နေတာ ထပ်မံတွေ့လိုက်ရပြန်ပါတယ်။

ဖြန့်ကြည့်လိုက်တော့ မြေပုံငယ်နဲ့ တစ်ရွယ်တည်း။

စာရွက်အလွတ် ဖြစ်နေတဲ့ကြားက ထောင့်တစ်ထောင့်မှာ မြစ်ကတတ်ဆန်း ဆွဲထားတဲ့ ကြယ်တစ်ပွင့်။

စာရွက်အလယ်ဗဟိုက ညာဘက်ယွန်းယွန်းမှာ ကြက်ခြေခတ် အမှတ်အသား။

ကြယ်ပွင့်က မြေပုံအကြီးရဲ့ လက်ဝဲထောင့်က ကြယ်တွေထဲက ကြယ်တစ်လုံးနဲ့ တစ်ပုံစံတည်း တူနေပါတယ်။

ဒီတွင်... ကျွန်တော် အထာပေါက်သွားတော့တာပါပဲ။

မင်နဲ့ဆွဲထားတဲ့ မြေပုံငယ်လေးကို မှန်ပြတင်းပေါက်ပေါ်ရဲ့ ထောင့်စွန်းမှာ သွားကပ်လိုက်တယ်။ နေရောင်အောက်မှာ မြေပုံက



www.burmeseclassic.com

www.burmeseclassic.com



ပိုထင်းလာတယ်။ ပြီးတော့...တတိယစာရွက်ကို အပေါ်ကထပ်ကပ် ကြည့်လိုက်တယ်။

အဲ့ဒီတော့မှ အသွင်တူကြယ်ချင်း အံကိုက်ဖြစ်သွားသလို၊ ကြိုက်ပုံစံလမ်းတွေရဲ့ အလယ်ဗဟိုနားမှာ ကြက်ခြေခတ်သွားကျ နေတာ တွေ့လိုက်ရပါတယ်။

ကျွန်တော်က ကြက်ခြေခတ် 'X' ရဲ့ ဆုံမှတ်တည့်တည့်ကို ဝင်အပ်လေးနဲ့ဖောက်လိုက်တယ်။ နောက်...အောက်က မြေပုံငယ်လေးပေါ်မှာ ကြက်ခြေခတ်ပြလိုက်တာပါပဲ။

ဒါဟာ...ကျွန်တော့်လက်ထဲမှာ ဒေါ်လာသုံးသောင်းတန်တဲ့ ရတနာမြေပုံတစ်ခု အပိုင်ရလိုက်ပြီလို့ နားလည်လိုက်ရပြီပေါ့လေ။

ဒါနဲ့အမျှ...မနေ့က အိမ်ကိုရောက်လာတဲ့ အဘိုးကြီးဟာ ဘယ်သူဖြစ်နိုင်မလဲလို့ တွက်မိရာက အိမ်အနီးဝန်းကျင်မှာ ယောင်ချာ လည်လည်လုပ်ပြီး ဘာကြောင့်လာချောင်းနေသလဲ ဆိုတာလည်း မှန်းမိလိုက်ပါပြီ။

ကျွန်တော်က အော်ပြောလိုက်မိတယ်။

"အက်ဖီ...ကိုယ် ဖလော်ရီဒါကို သွားရတော့မယ်"

အက်ဖီက ကျွန်တော်ရှင်းပြတာတွေကို နားထောင်ပြီး ရှင်ရှူးနေပြီလို့ ကောက်ချက်ချလေရဲ့။

ဒါပေမဲ့...ကျွန်တော် ဆုံးဖြတ်ချက်အတိုင်း ခရီးထွက်ခဲ့ရော ဆိုပါစို့။





အော်လီနာဆိုတာ အမှတ် ၂၄ အဝေးပြေးလမ်းမကြီးရဲ့ တစ်ဖက်က လူဦးရေသုံးထောင်လောက်သာရှိတဲ့ မြို့ငယ်လေး။

ကျွန်တော်ဟာ စင်းလုံးငှားကားကို မောင်းသွားရာက ဟိုတယ်တစ်ခုမှာ ညအိပ်ဖို့ စာရင်းသွင်းလိုက်ပါတယ်။ စားသောက်ခန်းမှာ ညစာထွက်စားပြီး အိပ်ခန်းထဲမှာ အနားယူရင်း တီဗီထိုင်ကြည့်နေလိုက်ပါတယ်။

မိုးလင်းတာနဲ့ ကားပေါ်တက်ပြီး ကာဗဲလ်ရဲ့မြေပုံညွှန်း အတိုင်း ကြိုက်ပုံဖော်ထားတဲ့လမ်းတွေကို လိုက်ရှာခဲ့ပါတယ်။

သုံးလမ်းစလုံးကိုတွေ့ပေမယ့် တစ်လမ်းက လေးလမ်းသွား အဝေးပြေးလမ်းမကြီးဖြစ်နေပါပြီ။

လက်စသတ်တော့ ကြိုက်တွက်ဧရိယာတစ်ခုလုံးဟာ ခပ်ထတ်လတ်လိမ္မော်ပင်တွေကို အစီအရီစိုက်ထားတဲ့ လိမ္မော်တောကြီး ဖြစ်နေပါပေါ့လား။

အစိမ်းရောင်လိမ္မော်ပင်တွေက လိမ္မော်သီးတွေ ပြွတ်ခဲသီးနေတာ...ပတ်ဝန်းကျင်တစ်ဝတ် မျက်စိတစ်ဆုံးပါပဲ။

ကျွန်တော်ဟာ ကားကို ခပ်မှန်မှန် ဘီးလှိမ့်လာရင်းက ညွှန်းမြင့်တစ်နေရာကို ရောက်လာသလို၊ မြေပုံလေးထဲကနေရာကို ခန့်မှန်းကြည့်ဖို့ ကားကိုရပ်လိုက်ပါတယ်။

မြေပုံပါ အိမ်အများစုကတော့ မရှိတော့ပါဘူး။

ဒါပေမဲ့...ကြက်ခြေခတ် ဖြထားတဲ့နေရာလို့ မှန်းဆရတဲ့ နေရာမှာ မြေပုံထဲကထူးဆန်းတဲ့ ပုံသဏ္ဌာန်တွေက ဝိုစ်တစ်ခုနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆင်တူတဲ့ ကြီးမားတဲ့ ကျောက်တုံးကြီးသင်္ချာန်ကို တအံ့တဩတွေ့လိုက်ရတော့တာပါပဲ။

သိမ္မော်ပင်တန်းတွေဟာ ကျောက်တုံးကြီးရှိရာမှာ ခပ်ကျဲကျဲဖြစ်ပြီး ဝေ့ဝိုက်ထွက်သွားကြပါတယ်။ စင်စစ်တော့ ကျောက်တုံးကြီးဟာ ရောမတောစိုးသစ်ပင်ကြီးတစ်ပင်ရဲ့ အငုတ်ကြီးဖြစ်နေတာကလား။

မြေပုံကိုထပ်ကြည့်တဲ့အခါမှာ ကျောက်ဖြစ်ရုပ်ကြွင်း သစ်ငုတ်ကြီးရဲ့နေရာမှာ သစ်ပင်အထိမ်းအမှတ်နဲ့ စက်ဝိုင်းလေးရှိနေတာလည်း သတိပြုမိလိုက်ပါတယ်။

ကျွန်တော် ထိုင်တဲ့နေရာကကြည့်ရင်း…ကြက်ခြေခတ်ရှိမယ့်နေရာတာ ကျောက်စွယ်ကြီးရဲ့ အစွန်းတစ်ဖက်ဖြစ်မယ်လို့ ထင်ရတာပေါ့။

ကျွန်တော်လည်း ကားထဲကပေါက်တူးကိုဆွဲပြီး ကျောက်စွယ်ကြီးရှိရာကို တက်သုတ်လှမ်းခဲ့မိပါပြီ။

ပတ်ဝန်းကျင်မှာ လူရယ်လို့ တစ်ယောက်မှမရှိပါဘူး။

အနီးဆုံးအဆောက်အအုံဆိုရင်တောင် နှစ်ဖာလုံလောက်မှာ ထီးထီးကြီး တည်ရှိနေပြီး ခပ်ပျပျလေးပဲ မြင်ရပါတယ်။

သိမ္မော်တောကြီးအလယ်မှာ ကြားရတဲ့အသံဆိုလို့လည်း လေးလမ်းသွား ဟိုက်ဝေးလမ်းမကြီးဆီက မမြင်ရတဲ့ကားသံတွေဘဲ ဖြစ်ပါလိမ့်မယ်။

ကျွန်တော်ဟာ ကြက်ခြေခတ်ပြတဲ့အရပ်ရယ်လို့ သတ်မှတ်ထားတဲ့နေရာမှာ ရပ်ပြီး ပေါက်တူးနဲ့ တူးကြည့်လိုက်ပါတယ်။ အပေါ်ယံမြေလွှာ နည်းနည်း-





ဆုံးဖြတ်လိုက်တဲ့နေရာက နူးညံ့ပြီး ခပ်ပွပွဖြစ်နေတဲ့ မြေကြီးကို ပေါက်တူးနဲ့ စယက်လိုက်ပါတယ်။ နောက်…ဘောင်းဘီစနစ်ဖက်ကို လိပ်တင်ပြီး အားရပါးရ တူးမိတယ်ဆိုပါတော့။

ဆယ်မိနစ်လောက်အတွင်းမှာ…ပိုက်လုံးတစ်လုံးရဲ့ထိပ်ဝကို တော်မိလျက်သား ဖြစ်သွားပါတယ်။ အစပထမတော့ ရေပိုက်လို့ထင်လိုက်ရပါတယ်။ ဒါပေမဲ့…သံချေးတွေတက်နေပြီး အဝမှာလည်း ခုန်တွေ၊ သဲတွေဆို့နေတယ်လေ။

တစ်နာရီလောက် အားသွန်ခွန်စိုက် တူးလိုက်တဲ့အဆုံးမှာ ပေါက်တူးသွား ဒုတ်ခနဲ ဝော်မိလိုက်တာကတော့… ငါးပေပတ်လည်နီးမယ့် ကျွန်းသေတ္တာ အဆွေးကြီးတစ်လုံးရဲ့ အဖုံးကြီးပါပဲ။

ကျွန်းသေတ္တာကြီးရဲ့ ထိပ်နှစ်ဖက်မှာ တစ်တောင်လောက် ပိုက်လုံးတစ်လုံးစီ သဘော်ခေါင်းတိုင်တွေလို တပ်ထားပြီး ကွင်းတွေနဲ့ သော့ခလောက်ကြီးလည်း ပါတာတွေ့ရပါတယ်။

ဒါပေမဲ့… မျောက်လက်က သံချေးတက်ပြီး ဆွေးနေပြီဆိုတော့လည်း ပေါက်တူးနဲ့တစ်ချက်ခုတ်လိုက်တာနဲ့ ပြတ်ထွက်သွားတာကလား။

ကျွန်တော်ဟာ အသက်ကို အလုအယက်ရှူရင်း တဟီးဟီးနဲ့ အုမြူးသံကြီး ပေးလိုက်မိရာက…ဒူးထောက်ပြီး သေတ္တာအဖုံးကို လှပ်ကြည့်လိုက်မိပါတယ်။

သေတ္တာထဲမှာ ဒေါ်လာရယ်လို့ တစ်ပြားတစ်ချပ်မှ မရှိပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအစား ကလေးတစ်ယောက်ရဲ့ အရိုးစုတစ်ခုသာ တွေ့လိုက်ရပါတော့တယ်။

* * *

ကျွန်တော်... ဟာခနဲ အာမေဋိတ်နဲ့အတူ နောက်ဆုတ်သွားမိရင်းက မျက်နှာတစ်ပြင်လုံး ရှုံ့မဲ့သွားတာကို ခံစားလိုက်ရပါတယ်။

တကယ်မှာလည်း မမျှော်လင့်တဲ့မြင်ကွင်းကြောင့် မြေကျင်းထဲက ကြောက်အားလန့်အား အလူးအလဲ ရုန်းတက်ခဲ့မိတယ် ဆိုရမှာပါ။

ကျင်းပေါ်ရောက်တော့လည်း အကြောင်သားရပ်လို့ သေတ္တာကြီးထဲကို ငေးကြည့်နေမိဆဲ။

အရိုးစုရဲ့ခေါင်းတစ်ခုလုံးဟာ မှိုတွေတောင် အထပ်အထပ်တက်နေပါပြီ။

ဒီလိုနဲ့... ပိုက်ခေါင်းနှစ်ချောင်းဟာ အသက်ရှူဖို့ လေဝင်ပေါက်အဖြစ် တပ်ထားတာနဲ့ ကလေးကို အရှင်လတ်လတ် မြေတိုက် ထဲ မြှုပ်ထားခဲ့တာပါလားဆိုတာ နားလည်လိုက်ရပါတယ်။

အဝတ်အစားတွေက အရောင်မပေါ်တော့ဘဲ စုတ်ပြတ်နွမ်းရိလျှက်သား ပုံကျနေပေမယ့်... လည်ပင်းမှာ အသည်းပုံလော့ကက်သီးနဲ့ ဆွဲကြိုးလေး တွဲလောင်းဆွဲထားတာလည်း တွေ့ရပါတယ်။

ပြီးတော့... စက္ကူစလိုလို၊ ဘာလိုလိုတွေလည်း ပြန့်ကျဲလို့။

နောက်ဘက်က အသံကြားလိုက်ရတာကြောင့် ခေါင်းနားဝန်းကြီးသွားပြီး ရှာခနဲလှည့်ကြည့်လိုက်မိတဲ့ ကျွန်တော်ဟာ ခြေချော်ပြီး တွင်းထဲကျမတတ် ဖြစ်သွားရပါတယ်။





လား... လား... တခြားလူမှ မဟုတ်ဘဲ။ ဂျိုက်ဖ့်ဖိုင်ငှ်က အိမ်ကိုလာပြီး စာတွေဝယ်ဖို့ကြိုးစားခဲ့တဲ့ အဘိုးကြီး။

သူ့လက်ထဲမှာလည်း ပြောင်းရှည်ခြောက်လုံးပူး သေနတ်ကြီးနဲ့ ကျွန်တော့်ကို ချိန်ထားလျှက်၊

"ခြော်... ခင်ဗျားက ဒီအထိ ကျွန်တော့်နောက်ကို ခြေရာခံလိုက်နေတာကိုး"

ကျွန်တော် မယုံနိုင်တဲ့လေသံနဲ့ ရေရွတ်လိုက်မိတယ်။

"အင်း... မလိုက်လို့မှ မဖြစ်ဘဲကိုးကွ"

အဘိုးကြီးက အမြေပေးရင်းက ကျွန်တော့်ကိုကျော်ပြီး ကျင်းထဲကသေတ္တာကြီးကို ငေးကြည့်နေတယ်။

သူ့မျက်လုံးထဲမှာ အမျိုးအမည်မသိတဲ့ အရောင်တွေ တလက်လက်တောက်ပသွားတယ်။

နှုတ်ခမ်းတွေ တဆတ်ဆတ်တုန်နေရင်းက ပါးပြင်ကအသားတွေလည်း တွန့်လှုပ်နေတယ်။

ဒီနောက်... ကားတံခါးပိတ်သံတစ်ချက်ကြောင့် ကျွန်တော်တို့နှစ်ယောက်စလုံး အသံကြားရာကို လှမ်းကြည့်လိုက်မိကြပါတယ်။

"သူ... သူ ငါ့နောက်ကိုလိုက်လာပြီ"

အဘိုးကြီးက တိုးတိုးညင်းညင်းလေးနဲ့ တုန်လှုပ်ချောက်ချားစွာ ပြောလိုက်တာ ကျွန်တော်ကြားလိုက်ရပါတယ်။

မလှမ်းမကမ်းမှာ အဖြူရောင် ဆလွန်းကားတစ်စီး ရပ်ပြီး အရပ်ပုပု၊ ခေါင်းဖြူဖြူ လူတစ်ယောက်က သေနတ်တစ်လက်ကို

ပုဒိတာ၁၈၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



ဆွဲလျက်သား ကျွန်တော်တို့ဆီကို အသည်းအသန်လာနေတာ တွေ့လိုက်ရပါတယ်။

အဲဒီလူဟာ ဗိုက်ရွှဲကြီးနဲ့မို့ သူကိုယ်သူ မနည်းသယ်ပြီး လျှောက်နေရရှာမှာ သဲမြေပွပေါ်မှာ ချော်မလဲအောင် မနည်းထိန်းနေရပါတယ်။

ကျွန်တော် နောက်လှည့်ကြည့်လိုက်တော့ ခုနက အဘိုးကြီး လစ်ပြေးသွားပါပြီ။

အဘိုးကြီးဟာ လီမျှော်ဝင်တွေကို အကာအကွယ်ယူပြီး သူ့ကားရှိမယ့်နေရာကို ကြောက်အားလန့်အားနဲ့ သုတ်ခြေတင်ပြေးတာမှ လစ်လစ်လစ်လစ်နဲ့ပေါ့။

ခေါင်းပြူဗိုက်ပူကြီး ကျွန်တော့်အား တက်ရပ်လာရာက... သစ်ပင်တွေနောက် ရောက်ကွယ်သွားတဲ့ အဘိုးကြီးကို လိုက်ကြည့်နေပါတယ်။

"လောလောဆယ်တော့ သူပြေးနိုင်သလောက် ပြေးပါစေဦးလေ"

ကားတစ်စီး စက်နှိုးမောင်းထွက်သွားသံ ကြားလိုက်ရာက ဗိုက်ပူကြီးက ပြောလိုက်တာပါ။

သူ့လေသံမှာ ချုပ်တည်းထိန်းချုပ်ထားရဟန် ပေါ်နေသည်။

အမှတ်မထင် ဆက်တိုက်ကြုံတွေ့လိုက်ရတဲ့ အဖြစ်တွေကြောင့် ခေါင်းနောက်သွားရာမှ ကျွန်တော်က ဗိုက်ရွှဲကြီးကို ပြန်ကြည့်လိုက်မိပါတယ်။





သူကလည်း အသက် ၆၀၊ ၆၅ နှစ်အရွယ်ရှိပြီး စပ်ရွှင်ရွှင် မျက်နှာနှင့် ရေရှည်ကိုမြော်မြင်တတ်အောင် အကင်းပါးတဲ့ မျက်လုံးတွေကို ပိုင်ဆိုင်သူဖြစ်ပေမယ့် မျက်လုံးတွေရဲ့ နောက်ကွယ်မှာ ဆင်ကန်းတောတိုး တစ်ရှူးထိုးရပ်တတ်တဲ့ ညှို့ကလေးကို မြှုပ်ထားသလိုပါပဲ။

"ဘော်လီနာချင်း၊ တစ်ခါက... [illegible] ပါ၊ မောင်ရင်ကရော"

သူ့ကိုယ်သူ... မိတ်ဆက်ရင်းက ကျွန်တော့်ကိုမေးလိုက်ပါတယ်။

ကျွန်တော်က ကျွန်တော့်နာမည်ပြန်ပြောပြီး ထိတ်ထိတ်ပါပါနဲ့ပဲ...

"ဘာ... ဘာတွေဖြစ်လို့ ဘယ်... ဘယ်လို နားလည်ရမှန်းတောင် မသိတော့ပါဘူးဗျ"

ညည်းမေး မေးလိုက်မိပါတယ်။

"ဒီအရိုးစုဟာ ဘော့စနာမိန်းကလေးရဲ့ အလောင်းပဲ...။ ဆစ်စီဘော့စနာဆိုတဲ့ ခြောက်နှစ်သမီးလေးဟာ ၁၉၃၇ ခုနှစ်က မိယာမိက လူချမ်းသာ မိဘတွေလက်ထဲက ပြန်ပေးဆွဲခံခဲ့ရတယ်။ ဒေါ်လာတစ်သိန်းနဲ့ ပြန်ပေးဆွဲခဲ့တာပေါ့။ ဒါပေမဲ့ ကလေးကို ပြန်ရွေးဖို့ငွေ မပေးဖြစ်ခဲ့ကြဘူး။ ကာဗဲလ်နဲ့ပက်ဝ်ဆိုတဲ့ ရာဇဝတ်လူဆိုးနှစ်ယောက်ကို မသင်္ကာခဲ့ကြတဲ့တိုင်အောင် သက်သေအထောက်အထား မပြနိုင်ခဲ့ကြပြန်ဘူး"

www.burmeseclassic.com



"ကာဗဲလ်နဲ့ပက်ပ်...ဟုတ်လား...ဘုရားရေ...သူတို့က ဒီကလေးလေးကို အရှင်လတ်လတ် မြေမြှုပ်ထားခဲ့...။

ကျွန်တော် ပြောလက်စတန်းလန်းနဲ့ စောစောက အဘိုးကြီး ထွက်ပြေးပျောက်ကွယ်သွားတဲ့ လိမ္မော်ပင်တွေဘက် လှမ်းကြည့်လိုက်မိပါတယ်။ ကိုယ့်အပြစ်နဲ့ကိုယ် ကြောက်အားတကြီး ထွက်ပြေးသွားရတာပါလားလို့။

"ကဲ...မစ္စတာအိုင်က်င်...ခင်ဗျားရဲ့ အိမ်လိပ်စာလေးပေးခဲ့ပြီး ပြန်ပါတော့...ခင်ဗျားရဲ့ထွက်ချက်လိုလာရင် ကျွန်တော်လာတွေ့ပါမယ်"

ကျွန်တော်လည်း ခေါင်းညိတ်ပြလိုက်သလို၊ ကျွန်တော့် လိပ်စာကိုပြောခဲ့ပြီး တည်းခိုရာဟိုတယ်ကို ပြန်မောင်းလာခဲ့ပါတော့တယ်။

လမ်းတစ်လျှောက်မှာ မှောင်မိုက်လှတဲ့မြေကြီးထဲ အရှင်လတ်လတ် ပိတ်လှောင်ခံရရှာတဲ့ သမီးငယ်လေး ဘယ်လောက်များ ကြောက်နေလိုက်ရှာမလဲ ဆိုတာကို မတွေးမိအောင် မနည်းကြိုးစားခဲ့ရပါတယ်။

ဘာပဲဖြစ်ဖြစ် ကျွန်တော်ခံစားရတဲ့ သနားကရုဏာတွေ မှန်သမျှအတွက် ရှောင်ပြေးသွားတဲ့ အက်ဒီပက်ပ်ကို နာကြည်းဒေါသဖြစ်လို့ မဆုံးတော့ပါဘူး။

ကျွန်တော့်အနေနဲ့ ရဲမှူးဒေးဗစ်စ်ဟာ ကျွန်တော်တည်းတဲ့ အော်လီနာမိုတယ်ကို နေ့လယ်ဘက်ရောက်လာမယ်လို့ မျှော်လင့်ခဲ့ပါတယ်။ ဒါပေမဲ့...သူ ပေါ်မလာခဲ့ပါဘူး။





ညနေဘက်များ ရောက်လာမလားလို့ မျှော်မိပါသေးတယ်။ ဒါပေမဲ့... နောက်တစ်နေ့သာ မိုးလင်းရော၊ သူ...လုံးဝ လာမတွေ့တော့ပါဘူး။

မိုတယ် စားသောက်ခန်းထဲမှာ နံနက်ထုတ်သတင်းစာကို ဖတ်မိတော့မှ အဖြေမှန်ရခဲ့တော့တာပါပဲ။

မျက်နှာဖုံးအောက်ပိုင်းမှာ စာလုံးမည်းကြီးတွေနဲ့ ခေါင်းစဉ်တပ်ပြီး တစ်ချိန်က ဖလော်ရီဒါပြည်နယ်တစ်ဝန်းမှာ ရောက်သိအရှင်လို့ ကျော်ကြားခဲ့တဲ့ လုပ်ငန်းရှင်သူဌေးကြီး အိုဝင်ဘော့စနာဟာ အော်လန်ဒိုက ဟိုတယ်တစ်ခုမှာ မနေ့ညက သူ့ကိုယ်သူ ဆွဲကြိုးချ သတ်သေသွားကြောင်း ဖော်ပြပါရှိခဲ့ပါတယ်။

သူ့ရဲ့ ခြောက်နှစ်သမီးငယ်လေးဖြစ်တဲ့ ဆစ်ဘိုင်လ်အန်းဘော့စနာ (ဆစ်စီ) ပြန်ပေးအဆွဲခံလိုက်ရပြီးတဲ့ နောက်ပိုင်း အိုဝင်ဟာ အရူးကြီးတစ်ပိုင်းဖြစ်သွားသလို၊ ပြန်ပေးသမားတွေက သူ့ကို လိမ်ညာလှည့်စားမယ်အမှတ်နဲ့ တောင်းတဲ့ငွေတွေပေးဖို့ ငြင်းဆန်ခဲ့သတဲ့။

ဒီသောကကြုံရတဲ့အချိန်မှာ နာမည်ကြီးလူဆိုးတွေဖြစ်တဲ့ အက်ဒီပက်ပ်နဲ့ လီယိုနတ်ဘလက်ကီကာဗဲလ်တို့ကို လက်သည်တရားခံတွေပဲလို့ သံသယဝင်ခဲ့ကြတဲ့တိုင်အောင် ဆစ်စီဘော့စနာလေးကို ရှာမတွေ့ခဲ့တာနဲ့အမျှ သူတို့ကို အရိုင်အမာစွဲချက်မတင်နိုင်ခဲ့ပါဘူး။

အဲဒီကြားထဲက ဘော့စနာရဲ့ ဆွေနီးမျိုးစပ်တစ်ယောက်က ကလေးငယ်လေးကို ချီကာဂိုက လမ်းထောင့်တစ်နေရာမှာ အသက်



www.burmeseclassic.com

www.burmeseclassic.com



ရှင်လျက် တွေ့လိုက်တယ်ဆိုတဲ့ ကောလာဟလသတင်း ထွက်လာပြန်တော့ ဖြန့်ပေးမှု လှုံ့သတ်မှုတွေကို ဟန့်တားထားလိုက်သလိုဖြစ်သွားပါတယ်၊ တစ်ဖက်အဖို့လည်း မျှော်လင့်ချက် မဆုံးနိုင်သေးဘူးပေါ့။

အိုဝင်ဘော့စနာနဲ့ ရင်းနှီးကျွမ်းဝင်သူတွေရဲ့ အပြောအရ သူ့မှာ..တစ်သက်လုံး သူ့ဆုံးဖြတ်ချက်ကို သူမှောင်တဖြီး ကြေကွဲဆွေးမြည့်နေခဲ့တယ်လို့ သိရပါတယ်။

အလုပ်ပျက်အကိုင်ပျက်၊ မအိပ်နိုင်မစားနိုင်နဲ့ သူ့သမီးလေးသတင်းသာ လိုက်စုံစမ်းနေခဲ့တယ်။ နံနက်မိုးလင်းတာနဲ့ တစ်ပြည်လုံးကထုတ်တဲ့ သတင်းစာတွေထဲမှာ သူ့သမီးလေးနဲ့ပတ်သက်လို့ တစ်ခွန်းတစ်စများ ပါလာမလားဆိုပြီး ရှာလိုက်ရတာအမော။

ဒီလိုနဲ့ သူ့ဘဝဟာ သမီးလေးအသက်ရှင်လျက် ပြန်တွေ့ရနိုးနိုးနဲ့သာ ရှင်သန်နေခဲ့ရတာ ဖြစ်ပါသတဲ့။

ကျွန်တော့်အတွက် ရင်နှန့်စိတ်ဝင်စားစရာ အကောင်းဆုံးကတော့ လွန်ခဲ့တဲ့ နှစ်နှစ်၊ သုံးနှစ်က ရိုက်ထားပုံရတဲ့ အိုဝင်ဘော့စနာရဲ့ဓာတ်ပုံပါပဲ၊

မှိုင်းမှုန်ရီဝေနေတဲ့မျက်လုံး၊ သောကဒဏ်ရာတွေအပြည့်နဲ့ ညိုးချုံးပုဆွေးနေတဲ့မျက်နှာ၊ မချွတ်တမ်းဝတ်ထားပုံရတဲ့ အကျီတွေကိုမြင်လိုက်တာနဲ့ ဟိုက်ခနဲဖြစ်သွားရတာက ကျွန်တော်။

အို...လက်စသတ်တော့ အိုဝင်ဘော့စနာဆိုတာ လွန်ခဲ့တဲ့





သုံးလေးရက်က ဂျိတ်ပ္ပိုင်က ကျွန်တော့်အိမ်ကိုရောက်လာခဲ့ပြီး မနေ့က လိမ္မော်ခြံထဲမှာ တွေ့ခဲ့ရတဲ့ အဘိုးကြီး။

ခုတော့...အဖြစ်မှန်ကိုသိသွားပြီး မျှော်လင့်ချက်ကင်းမဲ့သွားရာက သူ့အပြစ်သူ လည်စင်းခံရင်း ဝဋ်ကြွေးကို အကျေဆပ်သွားပါပေါ့။

ကျွန်တော်လည်း တယ်လီဖုန်းကိုအသုံးပြုပြီး ဆော်လီနာရဲ့ စခန်းမှ ရဲမှူးဒေးဗစ်စ်ကို ဆက်သွယ်ဖို့ ကြိုးစားလိုက်ပါတယ်။

ဒါပေမဲ့..ပြန်ကြားချက်က သူတို့စခန်းမှာ ဒေးဗစ်စ်ဆိုတဲ့ နာမည်နဲ့ ဘယ်အရာရှိမှ မရှိပါဘူးတဲ့။ ခရိုင်ရဲမှူးအဆင့်လည်း မရှိဘူးဆိုဘဲ။

ပြန်းခနဲချက်ချင်း ကျွန်တော်မှိတယ်ထဲက ရေးကြီးသုတ်ပျာ ပြေးထွက်ခဲ့မိပါတယ်။ ကားပေါ်တက်ပြီး ဆစ်စီဘော့စနာရှိရာ လိမ္မော်တောထဲကို အမြန်ဆုံးမောင်းလာမိတာပေါ့။

ကျွန်တော် ကုပ်ပေါ်မှာ နောင်တတရားကြီးက ခွစီးလာသလို၊ ကိုယ့်ကိုယ်ကို အပြစ်တင်လို့လည်း မဆုံးတော့ပါဘူး။

တကယ်တော့...သတင်းစာကြော်ငြာ ထည့်လိုက်မိတာက အစ အမှားကြီးမှားခဲ့သလို၊ အရိုးတွန်ပြီး ကြိုဟ်မွေတဲ့အဖြစ်ဆိုးတွေကို ဖန်တီးရာ ရောက်ခဲ့ပါပြီကောလို့။

ကျွန်တော်ဟာ လေတဝိုးဝိုးတိုက်နေတဲ့ လိမ္မော်ပင်တွေ အလည်မှာ ငူငူကြီးရပ်နေမိပါတယ်။ ကျွန်တော့် လည်ချောင်းမှာ လည်း တစ်ဆို့ဆို့ကြီး ဖြစ်နေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တူးခဲ့တဲ့ကျင်းဟာ အခုတော့ အကောင်းပကတိ မြေတွေ ပြန်ဖို့ပြီး ညီတောင်ညီထားလိုက်သေး။

လူသတ်မှုတစ်ခုရဲ့ လက္ခဏာအကြွင်းအကျန် ဘာမှမရှိ တော့ပါဘူး။

ဒါနဲ့အမျှ ရဲမှူးကြီး အယောင်ဆောင်ခဲ့တဲ့ အက်ဒီပက်ပ် အတွက်လည်း ရှေ့ဆက်ပူစရာ မလိုတော့ဘူးပေါ့။

ကျွန်တော် ဉာဏ်မီသလောက် စဉ်းစားမိတာကတော့ ဆစ်စီဘော့စနာလေးကို သေတ္တာကြီးထဲထည့်၊ မြေကြီးထဲဝှက်ထားဖို့ စီမံခဲ့တာက ကာဗဲလ်ပဲဖြစ်လိမ့်မယ်။ သူကလည်း ရက်ပိုင်းလေးလော လောက်သာ ဝှက်ထားဖို့ ကြံခဲ့ပုံရပါတယ်။

ဒါပေမဲ့ ဒီကြားထဲ သူပြန်ဖော်ပြီး နေရာမပြောင်းခင်မှာ ရဲတွေလက်ကလွတ်အောင် ရှောင်ပုန်းနေခဲ့ရဟန် တူပါရဲ့။

ပက်ပ်ကတော့ ဖလော်ရီဒါမှာ ခိုနေရာက ပြန်ပေးငွေတွေ လက်ခံဖို့နဲ့ ဆစ်စီဘော့စနာကို ပြန်အပ်ဖို့ တာဝန်ယူထားတဲ့ ဖြစ်လိမ့်မယ်။

ကာဗဲလ်ရော၊ ပက်ပ်ရော နှစ်ယောက်စလုံးဟာ အလိုရှိသည့် စာရင်းဝင်တွေဆိုတော့လည်း ဟိုပုန်းဒီရှောင်နဲ့ ခြေရာဖျောက်ရင်း တော်တော်နဲ့ လူချင်းပြန်မဆုံနိုင်ခဲ့ကြဘူး။

စိန့်လူးဝစ္စလိပ်စာမျိုး ကြားခံပြီး စာချင်းအဆက်အသွ တော့ လုပ်ခဲ့ကြပါလိမ့်မယ်။





ခုလည်း... ဆစ်စီဘော့စနာကို ဝှက်ထားတဲ့နေရာကို ကာဗဲလ်က စာနဲ့ရေးပြီး ညွှန်ပြမှာကို ပက်ပ်စောင့်နေခဲ့ရပုံပါပဲ။

ပက်ပ်က ဖလော်ရီဒါက စောင့်နေချိန်မှာ ဆစ်စီဘော့စနာ လေးခမျာ တစ်တောင်လောက်အနက်ရှိတဲ့ မြေတွင်းထဲက သေတ္တာ ကြီးထဲမှာ အစာရေစာအပြည့်နဲ့ အရှင်လတ်လတ် အမြှုပ်ခံထား နေရတယ် ဆိုပါတော့။

ဒီအတွင်း ဘလက်ကီကာဗဲလ်ဟာ သူ့ရဲ့တိတ်တိတ်ပုန်း ချစ်သူ ကျွန်တော်တို့ဝယ်လိုက်တဲ့ အိမ်ကြီးရှင်မ ဘီးထရိုက်စ်လိုဂင်နဲ့ အတူ လာနေခဲ့ရာက ပက်ပ်ဆီကို မြေပုံညွှန်းနဲ့စာ မပို့နိုင်ခင် ရဲတွေနဲ့ ပက်ပင်းတိုးပြီး ဂျွတ်ဖ္ဖိုင်မြို့ပြင်မှာ အသတ်ခံလိုက်ရတာနေမယ်။

ဒီနောက်တော့... အိုဝင်ဘော့စနာက သူ့သမီးလေးရဲ့သတင်း ကို နေရာအနှံ့လိုက်စုံစမ်း၊ အက်ဒီပက်ပ်ကလည်း ပြန်ပေးဆွဲလူသတ်မှု မပေါ်အောင်တားဆီးဖို့ အိုဝင်ကို မျက်ခြည်မပြတ် နောက်ယောင်ခံ လိုက်နဲ့ ဝိုင်းကြီးပတ်ချာ လည်နေခဲ့ရတော့တာပါပဲ။

နှစ်ယောက်စလုံးက မှုပင်သောကတွေကိုယ်စီနဲ့။

အသက်တွေကလည်း အိုကြီးအိုမအရွယ်တွေ ရောက်ကုန်ပြီ။

နှစ်ပေါင်းများစွာကြာတဲ့အထိ ကျူးလွန်မိတဲ့အမှားတွေရဲ့ လောင်မြိုက်တဲ့ဒဏ်တွေ ခံနေရတုန်း။

နောက်ဆုံး... ကျွန်တော့်ကို လိုက်ချောင်းနေတဲ့ အိုဝင်ဘော့ စနာနောက်က အက်ဒီပက်ပ်ပါ ကပ်ပါလာပြီး အရိုးသိုက်ကို တော်မိ လျက်သား ဆုံခဲ့ကြရတဲ့အဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကြားထဲက ပက်ပ်က ကျွန်တော့်ကို ရဲမှူးကြီးပါလို့ ထတ်တစ်လုံးခြား လှည့်စားသွားတယ်။ အိုဝင်ကလည်း ပက်ပ်ကို မြင်တာနဲ့ သူ့အသက်ကို ရန်ရှာမှာကြောက်ပြီး ထွက်ပြေးတယ်။

နှစ်ယောက်သား အကြောက်တရားရဲ့ သားကောင်တွေအဖြစ် ကျိန်စာသင့်ခဲ့ရတယ်ဆိုလည်း မမှားပါဘူး။

ကဲ...အားလုံးပြီးဆုံးသွားပါပြီ။

ဘာပဲဖြစ်ဖြစ်... ပက်ပ်ဟာ ဆစ်စီလေးရဲ့ရုပ်ကြွင်းကို ကောင်းကောင်းမွန်မွန် ပြန်သင်္ဂြိုဟ်ခဲ့ပါစေလို့သာ ဆုတောင်းရတော့မှာပါ။

ကျွန်တော်လည်း ပွင့်ပြင်းလာတဲ့ နေရောင်အောက်မှာပဲ ယူကျုံးမရဖြစ်စွာနဲ့ ကားဆီကိုတစ်လှမ်းချင်း ပြန်လျှောက်လာမိပါတယ်။

သြော်...အတိတ်ဆိုတာ အတိတ်မှာပဲ အိပ်ပျော်နေသင့်ပါရဲ့။

အခု တရေးနိုးလာတဲ့ အတိတ်ဆိုးက အရိပ်ထိုးတဲ့ဖြစ်ရပ်တွေဟာလည်း သေးသားမှိန်ကွက်နေတဲ့ ဓာတ်ပုံတွေ၊ ထိရင်ကြေမတတ် နွမ်းရိနေတဲ့ စာရွက်တွေ၊ အဝါရောင်သန်းနေတဲ့ သတင်းစာစာမျက်နှာတွေနဲ့အတူ အဝေးဆုံးအတိတ်ဆီကို တလွင့်လွင့် လွင့်ပြေးပျောက်ကွယ်သွားပါစေလို့သာ မျှော်လင့်နေမိပါတော့တယ်။ ။

*(ALFRED HITCHCOCK'S MAGAZINE)*

* * *

မုဒိတာ ၁၈၁၄၀

ခွေမြင့်

# မှတ်မှတ်ရရ

# LESLIE CRAIN'S DELAY ON MY BRAIN

မုဒိတာ ၁၈၁၄၀

www.burmeseclassic.com



ကျွန်တော့်နာမည် ဂျင်မီဒူးရန့်ပါ။ ကျွန်တော့်မိတ်ဆွေတွေကတော့ အလွယ်တကူ ဂျင်မီ...လို့ပဲ ခေါ်လေ့ရှိပါတယ်။ ကျွန်တော့်မှာ ထူးခြားတဲ့မှတ်ဉာဏ်တစ်ခု ရှိပါတယ်။ အဲဒါက ဘာလဲဆိုတော့ လူတစ်ယောက်ရဲ့မျက်နှာကို တစ်ကြိမ်တစ်ခါ မြင်ဖူးရင် ဘယ်တော့မှ မမေ့ဘူး။

ဒါပေမဲ့...နောက်ထပ် ထူးခြားတာတစ်ခုကို ပြောရဦးမယ်။ အဲဒါက ကျွန်တော့်ချို့ယွင်းချက်ပါ။ လူတွေကိုသာ မှတ်မိတယ်။ ဒါပေမဲ့... သုံးလလောက် မတွေ့တာကြာသွားရင် နာမည်တွေကို မေ့နေလေ့ရှိတယ်။

ဒါကြောင့်... ကျွန်တော့်အပေါင်းအသင်းတွေဟာ သူတို့ရဲ့နာမည်ကို မကြာခဏမေ့တတ်တဲ့ ကျွန်တော့်ကို အကြီးအကျယ်စိတ်ပျက်ကြတယ်။ ဒါတော့... ကျွန်တော် ဘယ်တတ်နိုင်ပါ့မလဲ။ ကျွန်တော့်ဦးနှောက်ထဲမှာ အကန့်တစ်ခု ပျက်နေတယ် ထင်တာပဲ။ မှတ်ဉာဏ်ကောင်းအောင် ငါးဥနဲ့ပျားရည်ကို ရောစျက်ပြီး စားကြည့်ဖို့ ဦးနှောက်နဲ့အာရုံကြောဆိုင်ရာ ပါရဂူကြီးတစ်ယောက်က ရေးထားတဲ့ ဆောင်းပါးကို ဖတ်လိုက်မိတယ်။ ဒါကြောင့် ငါးဥနဲ့ပျားရည်ကို ဖျော်ပြီး မကြာမကြာချက်စားပေမယ့် ကျွန်တော့်အတွက် ထူးမခြားနားပါပဲ။

www.burmeseclassic.com



ကျွန်တော် ဆယ်ကျော်သက်အရွယ်တုန်းက ကျွန်တော့်မိဘတွေက ကျွန်တော့်ကို စိတ်ကျန်းမာရေးဆေးရုံကြီးကိုခေါ်သွားပြီး ပြကြည့်တယ်။ ဆရာဝန်တွေကလည်း သေချာစစ်ဆေး စမ်းသပ်ကြည့်ကြပါတယ်၊ တစ်နေကုန် စစ်ဆေးကြည့်ပြီးတော့...

"ခင်ဗျားတို့သား ကျင်မီဒူးရုန့်ကို စိတ်ကျန်းမာရေးဆေးရုံမှာ သုံးလလောက် တင်ထားမှဖြစ်မယ်၊ လောလောဆယ် ဘယ်လို လက္ခဏာမှ မတွေ့ရပေမယ့် သုံးလအတွင်းမှာ သူ့မှတ်ဉာဏ် ဘာကြောင့် ဒီလိုမျိုးဖြစ်ရသလဲဆိုတာ အဖြေထုတ်နိုင်လိမ့်မယ်လို့ ယူဆပါတယ်"

... ... ... လို့ စိတ်ကျန်းမာရေးဆေးရုံ ရောဂါကုဆရာဝန်ကြီး ဒေါက်တာဘယ်သူလဲဆိုတာ မမှတ်မိတော့ဘူး။ အဲဒီပုဂ္ဂိုလ်က ပြောပြခဲ့တယ်။ ဒါပေမဲ့ ကျွန်တော့်မိဘတွေက ကျွန်တော့်ကို ဆေးရုံတင်ထားလောက်အောင် စိတ်ဝေဒနာအသည်းအသန်ဖြစ်နေတာ မဟုတ်တဲ့ အတွက် အိမ်ကိုပဲ ပြန်ခေါ်ခဲ့ကြတယ်၊ ကျွန်တော့်အနေနဲ့ မတွေ့တာ ကြာလို့ လူနာမည်တွေကို မေ့တတ်တာကလွဲရင် တခြား ဘယ်လို ရောဂါမှမရှိဘူး။ သာမန်လူတွေအတိုင်း ဖြစ်နေတာကိုး။

ဒီလိုနဲ့ပဲ မိဘတွေကွယ်လွန်ပြီး သူတို့ရဲ့တစ်ဦးတည်းသော အမွေစားအမွေခံသားအဖြစ်နဲ့ တစ်သက်သုံး မကုန်နိုင်လောက်အောင် အမွေတွေ ချန်ထားခဲ့ကြတယ်၊ ကျွန်တော် ဘာကြောင့် အခုလို ခင်ဗျားတို့ ရဲ့ဌာနထဲကို ရောက်လာရသလဲဆိုတာ ပြောပြပါ့မယ်၊

ကျွန်တော့်မိဘတွေ ထားခဲ့တဲ့အမွေထဲမှာ လှိုက်စလီမြို့ပြင်





တာ ဧကငါးဆယ်လောက် ကျယ်ဝန်းတဲ့ ခြံကြီးတစ်ခြံလည်း ပါပါတယ်။ ဒါကြောင့် အဲဒီခြံကြီးထဲမှာ စတော်ဘယ်ရီပင်တွေ၊ ရပ်စ်ဘယ်ရီပင်တွေ စိုက်ထားတယ်။ ဆွတ်ခူးချိန်ရောက်ရင် ည်သွတ်ဘူးစက်ရုံတွေက သူတို့လုပ်သားတွေနဲ့ သူတို့ဘာသာ ရောက်လာကြတယ်။ ငွေကြေးနဲ့ပတ်သက်လို့ ပြည့်ပြည့်ဝဝ ပေးချေသွားကြတယ်၊ ဒါကြောင့် ကျွန်တော့်ဝင်ငွေဟာ ပိုပိုလျှံလျှံဖြစ်နေတာ ချည်းပါပဲ၊ မပင်မပန်းဘဲနဲ့ ဘောဘောသီသီဖြစ်နေတဲ့အတွက် တစ်နှစ် တစ်ကြိမ် လူမှုရေးအသင်းအဖွဲ့တွေကို လှူဒါန်းလေ့ရှိပါတယ်။

ဟုတ်ပါတယ်၊ ကျွန်တော်...မနေ့ညက ဖြစ်ခဲ့တဲ့ဖြစ်ရပ်ကို ပြောပြတော့မှာပါ။ ကျွန်တော့်မှာ အဖေလက်ထက်က ဝယ်ထားတဲ့ အော်စတင်ကားလေးတစ်စင်း၊ အဲဒီကားကလေးက ပုံစံရိုးပေမယ့် တစ်လက်ကိုင်ဆိုတော့ အခြေအနေကောင်းနေတုန်းပါပဲ၊ ဆီစားလည်း သက်သာတယ်၊ အဲဒီကားလေးကို ညနေဆည်းဆာချိန်မှာ ကျွန်တော်တစ်ယောက်တည်း ကိုယ်တိုင်မောင်းပြီး မြို့ပြင်ကားလမ်း ကို မောင်းလာခဲ့တယ်၊ အဲဒီလို မောင်းလာရင်း ကျွန်တော် အထက်တန်း ကျောင်းသားဘဝတုန်းက သဘောကျခဲ့ဖူးတဲ့ မိန်းမချောလေးတစ်ယောက်ရဲ့မျက်နှာကို ပြန်လည်မြင်ယောင်မိ တယ်။ အခုလို ပြည့်ပြည့်စုံစုံနဲ့ ချမ်းချမ်းသာသာဘဝမှာ အတူ ပေါင်းသင်းနေထိုင်လိုက်ရရင် ဘယ်လောက်စည်းစိမ်ရှိမလဲဆိုတဲ့ အတွေးမျိုး ဖြစ်ပေါ်လာတယ်၊ ဒါပေမဲ့ အဲဒီမိန်းမချောလေးရဲ့ နာမည်ကို ကျွန်တော်မေ့နေပါပြီ၊ ထားပါတော့လေ၊



www.burmeseclassic.com

www.burmeseclassic.com



ကားကို ဆက်မောင်းလာရင်း ပတ်ဝန်းကျင်တစ်ခုလုံး ကျွန်တော်တစ်ယောက်တည်းနဲ့ ကားတစ်စီးပဲရှိသလို ဖြစ်နေတယ်။ တစ်နေရာရောက်တော့ ကားလမ်းဘေးမှာ လူတစ်ယောက်က လက်ပြတားနေတာကို မြင်လိုက်ရတယ်။

ကျွန်တော်က ကားကို အရှိန်လျှော့ပြီး ရပ်လိုက်တယ်။

ကားတားတဲ့လူက ထွားထွားကြိုင်းကြိုင်းနဲ့ ဥပမိရုပ်ကလည်း ကြမ်းကြမ်းတမ်းတမ်း အသွင်သဏ္ဌာန်မျိုး။ သူ့မျက်နှာကို သေချာကြည့်လိုက်တော့ မြင်ဖူးသလိုပဲ။ တစ်နေရာရာမှာ တွေ့ခဲ့ဖူးတာ သေချာပါတယ်။ ဘယ်နေရာလဲဆိုတာ စဉ်းစားလို့မရဘူး။

"ခင်ဗျားကားနဲ့ ကားကြုံလိုက်ခွင့်ရမလားဗျာ"

အဲဒီလူကြီးက ရိုရိုသာသာ မေးတယ်။ သူ့အမူအရာနဲ့ စကားသံက ရပ်နဲ့မလိုက်အောင် ရည်ရည်မွန်မွန်၊ ပြေပြေပြစ်ပြစ်ဖြစ်နေတယ်။

"ရပါတယ်ဗျာ။ ကဲ... တက်ပါ"

ကျွန်တော်က ပြောပြောဆိုဆို ရှေ့ခန်းတံခါး ဖွင့်ပေးလိုက်တယ်။ ကျွန်တော်နဲ့ ဘေးချင်းယှဉ်လျက် ထိုင်ခုံပေါ်ကိုထိုင်ဖို့ ညွှန်ပြမိတယ်။ သူက ညင်ညင်သာသာဝင်ထိုင်ပြီး ကားတံခါးကို ပြန်ပိတ်လိုက်တယ်။

နောက်တော့... ကားကို ဆက်မောင်းခဲ့တယ်။ အဲဒီလိုမောင်းနေရင်း ဒီလူကြီးရဲ့မျက်နှာကို ဘယ်မှာမြင်ဖူးပါလိမ့်။ မြို့ထဲမှာလား၊ စုပါမားကက်တစ်ခုမှာလား၊ ဒါမှမဟုတ် ရုံးစားသောက်ဆိုင်တစ်ခုခုထဲ





မှာလားလို့ ဦးနှောက်စားနေမိတယ်။ ဒါပေမဲ့ ဘယ်လိုမှစဉ်းစားလို့ အဖြေမပေါ်ဘူး။

ဒါကြောင့် သူ့ဘက်ကို မျက်နှာတစ်ချက်လှည့်ကြည့်ပြီး...

"ခင်ဗျား လှိုက်စလီမြို့ကလား၊ ဒါမှမဟုတ် ဒီဒေသဝန်းကျင်ကလား"

......လို့ မေးလိုက်မိတယ်။

သူ့ကိုကြည့်ရတာ သံပ်ဖြေချင်ပုံမရဘူး။ ဒါပေမဲ့ ဝတ်ကျေဝတ်ကုံသဘောမျိုးနဲ့ ပြန်ပြီးဖြေတယ်။

"ဒီဒေသဝန်းကျင်ကို မကြာမကြာရောက်ဖူးပါတယ်။ ခင်ဗျားက ကျွန်တော့်ကို တွေ့ဖူးလို့လား"

သူက တစ်ဆက်တည်း မေးလိုက်တယ်။

"မြင်ဖူးသလိုလိုပဲဗျ။ ဒါပေမဲ့ ဘယ်မှာမြင်ဖူးမှန်း မမှတ်မိဘူး"

ကျွန်တော်က သူ့ကိုပြန်ဖြေပြီး ကားကိုဆက်မောင်းခဲ့တယ်။ သူကလည်း ဘာမှဆက်မပြောဘူး။ နှစ်ယောက်စလုံး တိတ်တိတ်ဆိတ်ဆိတ်ဖြစ်နေကြတယ်။ ရှေ့က လမ်းအချိုးအကွေ့တစ်ခုကို ချိုးကွေ့ပြီးရင် မြို့ထဲဝင်တော့မယ်။ အဲဒီအချိန်မှာ သူက ရုတ်တရက် ကားကိုရပ်ခိုင်းတယ်။

"ဒီနားမှာပဲ ရပ်လိုက်ပါတော့ဗျာ။ အခုလို ကားကြုံလိုက်ခွင့်ရတဲ့အတွက် အရမ်းကျေးဇူးတင်တယ်"

ကျွန်တော်က ကားကိုရပ်လိုက်တယ်။

"မြို့ထဲအထိ လိုက်လို့ရပါတယ်ဗျာ။ အခုလို နေရာမျိုးမှာ

www.burmeseclassic.com



ခင်ဗျားဆင်းနေခဲ့တော့ မြို့ထဲရောက်အောင် အတော်ကြာကြာလျှောက်ရဦးမှာပဲ။ ခင်ဗျားသွားမယ့်နေရာကိုသာ ပြောပါ၊ ကျွန်တော်လိုက်ပို့ပါမယ်"

ကျွန်တော်က ဖော်ရွေရင်းနှီးစွာ ပြောလိုက်တယ်။

အဲဒီအချိန်မှာ သူ့ရဲ့ကြီးမားတဲ့— လက်သီးဆုပ်ကြီးက ကျွန်တော့်နားထင်ကို ပြင်းပြင်းထန်ထန်လာထိတယ်။ ကျွန်တော်သတိလစ်မတတ် ခံစားလိုက်ရတယ်။ ကျွန်တော့်တစ်ကိုယ်လုံး ပျော့ခွေကျသွားတယ်။ သူက ကျွန်တော့် ကိုယ်ခန္ဓာတစ်ခုလုံး ကားပေါ်ကနေ မြေပြင်အထိ တရွတ်ဆွဲချတာကို နောက်ဆုံးအနေနဲ့ သိလိုက်ရပြီး ကျွန်တော့် အသိအာရုံထဲမှာ မှောင်အတိကျသွားတော့ တာပါပဲ။

* * *

ကျွန်တော့်မျက်နှာနဲ့ တစ်ကိုယ်လုံးပေါ်ကို မိုးစက်တွေ ကျလာတယ်၊ ဒါကြောင့် ကျွန်တော် သတိရလာပြီး ငုတ်တုတ်ထိုင်လိုက်မိတယ်၊

ကျွန်တော့် ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မည်းနေတယ်၊ မြို့ထဲမှာ ထိန်ထိန်လင်းနေတဲ့ မီးရောင်တွေကို ကြောင်တောင်တောင်ငေးကြည့်နေရာက ကျွန်တော့်အဖြစ်ကို ကျွန်တော်သတိရမိတယ်၊ ဒါကြောင့် ထိုင်ရာကထပြီး မြို့ထဲကို ဦးတည်လျှောက်ခဲ့တယ်၊

ကျွန်တော် သွားရမယ့်နေရာက လွိုက်စလီရဲဌာနပါပဲ၊

ကျွန်တော့်ခြေလှမ်းတွေဟာ နေးကွေးလေးကန်နေပေမယ့် မိုးတဖွဲဖွဲထဲမှာ တစ်လှမ်းပြီးတစ်လှမ်း မရပ်မနားဆက်လျှောက်ခဲ့ရပါတယ်။





ရဲအင်စပက်တာခင်ဗျား...

ကျွန်တော် အခုလို ရဲဌာနထဲကိုဝင်ခဲ့ရတာဟာ တိုင်ချက်ဖွင့်ဖို့ပါပဲ၊ ကျွန်တော့် အော်စတင်ကားကတော့ အနက်ရောင်၊ ငါးဆယ့်တစ် မော်ဒယ်ဖြစ်ပါတယ်။ လိုင်စင်နံပါတ်က (.........) ဖြစ်ပါတယ်၊ ကျွန်တော်ပတ်ထားတဲ့ ရိုးလက်စ်လက်ပတ်နာရီတစ်လုံး၊ စတာလင်ပေါင်ငါးဆယ်နဲ့ အကြွေအနည်းငယ်ပါတဲ့ ပိုက်ဆံအိတ်၊ ပတ်ကား ၅၁ ဖောင်တိန်တစ်ခု၊ စိန်လက်စွပ်တစ်ကွင်း .........တို့ကို နှိုက်လုခံခဲ့ရပါတယ်၊

ကျွန်တော့်ကားနဲ့ ကားကြုံလိုက်လာရာက မြို့ဝင်ခါနီး တစ်ဆစ်ချိုးအကွေ့မှာ ကားရပ်ခိုင်းပြီး ရိုက်လုသွားသူဟာ ဘယ်သူလဲဆိုတာ အစတုန်းက ကျွန်တော် စဉ်းစားလို့ မရခဲ့ပါဘူး။

ဒါပေမဲ့ ရဲအင်စပက်တာကြီးတို့ ရဲဌာနအပြင်ဘက်နံရံတစ်ဘက်မှာ ကပ်ထားတဲ့ပုံကို တွေ့လိုက်ရတဲ့အချိန်မှာ သူဘယ်သူလဲဆိုတာ ကျွန်တော် သေချာမှတ်မိသွားပါတယ်။ လွန်ခဲ့တဲ့လတုန်းကဆိုရင် သူ့အကြောင်း မကြာခဏ သတင်းစာတွေထဲမှာ သတင်းဓာတ်ပုံနဲ့တကွ ဖော်ပြခဲ့ဖူးတာကို ကျွန်တော် သတိရမိပါတယ်၊

လုယက်မှု၊ အပြင်းအထန်နာကျင်စေမှု၊ ဖောက်ထွင်းမှုတွေ ကို ကျူးလွန်ခဲ့တဲ့ မှတ်တမ်းဝင်လူဆိုးတစ်ယောက် ဖြစ်နေပါတယ်။ သူ့နာမည်ကိုတော့ ကျွန်တော် အဲဒီနံရံတစ်ဘက်မှာ ဖတ်ခဲ့ပေမယ့် မြန်မေ့သွားပါပြီ၊ ဘာပဲဖြစ်ဖြစ် ကျွန်တော့် အော်စတင်ကားလေးရယ်၊



www.burmeseclassic.com

www.burmeseclassic.com



လက်ပတ်နာရီနဲ့ လက်စွပ်ရယ်၊ ပတ်ကား ၅၁ ဖောင်တိန်တစ်ချောင်းရယ် လုယူသွားတာဟာ အဲဒီဝရမ်းပြေးလူဆိုးဆိုတာ အရမ်းသေချာပါတယ်ဗျာ"

ဘာဖြစ်လို့လဲဆိုတော့...ကျွန်တော်ဟာ လူတစ်ယောက်ရဲ့ မျက်နှာကို တစ်ခါတွေ့ဖူး မြင်ဖူးလိုက်ရင် ဘယ်တော့မှမမေ့တဲ့ အတွက် ဖြစ်ပါတယ်။

* * *

ဂျင်မီဒူးရန့်ဆိုသူ၏ ရှည်လျားပေများလှသော ထွက်ဆိုချက် ပြီးဆုံးသွားသည်။ ရဲအင်စပက်တာ ဝီလျံကောလင်းက စိတ်ရှည်ရှည်ထား၍ သည်းခံနွှင့်လွှတ် နားသောတဆင်ခဲ့ရသည်။

"ကောင်းပါပြီ၊ မစ္စတာဂျင်မီဒူးရန့်ရဲ့တိုင်ချက်အရ လုယက်မှုတရားခံ မိုက်ကယ်စမစ်ကို အမြန်ဆုံးဖမ်းဆီးနိုင်ဖို့ ဆောင်ရွက်ပါ့မယ်။ ရဲပတ္တရောင်ကားတွေကို ဒီနယ်မြေဒေသဝန်းကျင်တစ်ခုလုံး ဖြန့်ကြက်စေလွှတ်ပြီး ခင်ဗျားရဲ့ အနက်ရောင် ငါးဆယ့်တစ်မော်ဒယ် အော်စတင်ကားလိုင်စင်နံပါတ် (.........)ကို ရှာခိုင်းပါတော့မယ်။ တကယ်လို့ မကြာခင်အချိန်အတောအတွင်း တရားခံကိုဖမ်းမိခဲ့ရင် ခင်ဗျားဆီကို အကြောင်းကြားလိုက်ပါ့မယ်"

ဝီလျံကောလင်း၏ စကားအဆုံးတွင် ဂျင်မီဒူးရန့်က ရဲဌာနအတွင်းမှ ဖြည်းညင်းစွာ ထွက်သွားပါတော့သည်။ ။

*(LESLIE CRAIN'S DELAY ON MY BRAIN)*

* * *



ဖော်ထက်

# သစ္စာဖောက်သူလျှို

# MY BEST SPY STARY



www.burmeseclassic.com

www.burmeseclassic.com

စေးပျစ်ပျစ်တို့သည် သွေးရည်တွေပင်ဖြစ်နေမှန်း အသိစိတ်တို့က နှိုးဆော်လာခဲ့သည်။

ထိုအသိစိတ် ခေါင်းထဲ ဝင်ရောက်လာချိန်တွင် 'ချာဆေ' ၏ ရင်တို့သည် မငြိမ်မသက်သော သဘာဝတို့နှင့်အတူ မှင်တက်တွေဝေမှုကိုပါ ခံစားဖြစ်ခဲ့သည်။

ကြည့်လေ... ... ... ...သူ့ခြေအစုံအနီးမှာ အသတ်ခံထားရသူ၏ ဝိညာဉ်မဲ့အလောင်းကောင် ရောက်ရှိနေပြီပဲ မဟုတ်လား။

သေသူမှာ အခြားမဟုတ်၊ ဘင်း(န်)ထရိုဆိုသူ ဖြစ်သည်။ ညဘက်ဝတ်ထားသည့် အဝတ်အစားအပြည့်အစုံသည် သူ့ကိုယ်ပေါ် ရောက်နေသည်။ လက်နှစ်ဖက် ဆားဘက်ဆီသို့ ဆန့်တန်းနေခြင်း၊



www.burmeseclassic.com

www.burmeseclassic.com



ခြေနှစ်ဖက် နောက်သို့ခေါက်လျက်ကြီး ရှိနေခြင်းတို့သည် မျှော်လင့်မထားသော ရန်သူကိုတွေ့ဆုံလိုက်သည့် သဘောဆောင်ယူနေသည်။ အဆိုးဆုံးဒဏ်ရာမှာ ရင်ဘတ်ဆီတွင် ပေါ်ထွက်နေလျက် နက်ရှိုင်းဖွာလန်နေသော ကျည်ပေါက်ရာတစ်ပေါက်၊ အကျီဖြူတစ်ခုလုံးမြင်လို့ပင် မကောင်းတော့သည့် အခြေအနေမှာပြနေသည်။ ဘင်း(န်)ထရီသည် သူ့ဘဝ၏ နောက်ဆုံးကာလကို ယျင်မြန်စွာသတိရလိုက်ဟန်ရှိသည်။

'ချာဆေ' အခန်းပတ်လည်ကို ဝေ့ဝဲလှည့်ပတ် ကြည့်ဖြစ်သည်။ သူ့အာရုံတွေ တည်ကြည်မှုသဘောနှင့် ငြိမ်သက်ရှိသဘာဝမှာ နိုးမိုးနိုင်မှုမရှိတော့မှန်း သူကိုယ်သူ ဆင်ခြင်မိခဲ့သည်။ ထိုအချိန်၌ စိတ်လှုပ်ရှား အာရုံအလုပ်များသည့်ဘက်သို့ ပိုအလေးသာနေသည်။

အခန်းထောင့်က တယ်လီဖုန်းသည် သူ့အကြည့်အာရုံနှင့် တန်းမတ်နေသည်။ တယ်လီဖုန်းကို သွားမြင်တော့မှပင် ရဲကို လှမ်းသတင်းပို့သင့်ကြောင်း သူ့အသိစိတ်က နှိုးဆော်သည်။ သည်လိုမှုခင်းမျိုး ဖြစ်ပေါ်နေပါက ရဲထံအကြောင်းကြားရသည်မှာ လူတိုင်း၏ တာဝန်...။ ချာဆေ ထိုအသိတရား မရှိမဟုတ်...ရှိသည်။ ယခင်ကလည်း အကြောင်းကြားဖူးသော အလေ့အထများ ရှိခဲ့ဖူးသူ။ သို့သော်... သူရောက်နေသည်က လူသတ်ထားသည့် အခန်းထဲမှာ။ ပြီးတော့ သူလက်တွေမှာ သွေးများပေရေနေလျက် ထိုအသိနှစ်ခုသည် တယ်လီဖုန်းသွားကိုင်ဖို့ကို တားနေသလိုရှိသည်။





လူသေအလောင်း ရောက်ရှိနေသည့်နေရာနှင့် ကားသွားကားလာရှိနေသောလမ်းမသည် ကိုက် ၃၀ သာသာ လှမ်းလောက်သည်။ သို့သော်...အထဲမှာ ဘာတွေဖြစ်ပျက်ထားပြီကို ဘယ်သူမျှမသိခဲ့။ သေမင်းရိပ်လွှမ်းခြုံနေသော တိတ်ဆိတ်မှုတစ်ခု၊ ဤအခန်းဟွင် ရှိနေပြီကို မည်သူမျှ ခန့်မှန်းမိမည်မဟုတ်။ ထိုအတွေးကြားမှာ သူ့အလိုလို ချောက်ချားတုန်လှုပ်မိသွားသည်။ သည်အခန်းထဲမှာ နလိုမနေသင့်တော့ပြီမှန်း သတိတရားတို့က လှုံ့ဆော်လာခဲ့သည်။ ဒါမှမဟုတ် ဘယ်လိုအခြေအနေ အကြောင်းတရားတို့ပင် ဆိုက်နေဆိုက်နေ ဤလူသတ်မှုသတင်းကိုတော့ ရဲထံလှမ်းပို့ရတော့မည်ပင်။

သို့နှင့်ပင်...

ရဲထံ လှမ်းအကြောင်းကြားမည်ဟု စိတ်ကူး၍ ဖုန်းစင်ဆီသို့ ခြေလှမ်းကို နင်းဖြတ်ခဲ့သည့်အခိုက် ရှေ့ခန်းတံခါးချပ် ရုတ်တရက်ပွင့်ထွက်သွားပြီး လူတစ်ယောက်ဝင်ရောက်လာသည်ကို တည့်တည့်ကြီး ရင်ဆိုင်လိုက်ရသည်။

ဖြန်းစားကြီး ရင်ဆိုင်လိုက်ရသည်မျိုးဖြစ်၍ သူ့အသည်းစုအသည်းနိုင်တို့သည် လက်အေးကြီးနှင့် ဖမ်းဆုပ်လိုက်သကဲ့သို့ အေးခနဲ။ ပြီးတော့ကြည့်စမ်း... ဝင်ရောက်လာသည့် သူစိမ်း၏ မျက်လုံးများက သူ့ကိုအပြစ်ရှိသူကဲ့သို့ စူးစူးစိုက်စိုက်ကြီး ကြည့်လာသည် မဟုတ်ပါလား။ သူကိုယ်သူ အပြစ်လုပ်သူနှယ် ခံစားမိလိုက်ရသည်အမှန်။



www.burmeseclassic.com

www.burmeseclassic.com



အံ့ဩစရာကောင်းသည်ကတော့ ဝင်လာသူ "သူစိမ်း" သည် အရာရာကိုတွက်ဆနိုင်သည့် ခေါင်းအေးနိုင်မှု ရှိထားဟန်တူသည်။ သူစိမ်းသည် အံ့ဩဆန်းပြားသည့် အကြည့်ကို မျိုသိပ်ထိန်းချုပ် သည်လေ။ တံခါးကိုနောက်ပြန်ပင် ခပ်အေးအေးပိတ်စေခဲ့သည် လက်ကို အသာအယာ အပေါ်အင်္ကျီခါးအိတ်အတွင်းနိုက်၍အထုပ် သေနတ်တစ်လက်ပါလာခဲ့သည်ကို တွေ့လိုက်ရပါ၏။

"မင်း... ဘယ်သူလဲ"

မေးခွန်းထုတ်လာသည့်အသံထဲတွင် လိုက်သံပါနေသ ထင်လိုက်ရသည်။ လေထုကို လှီးဖြတ်နိုင်သည့် သံမဏိဓားသွား စူးရှထက်မြက်ပါဘိတော့။

ချာဆေသည် ဘာပြန်ပြောရမည်ကို ရုတ်တရက်မစဉ်းစား နိုင်အောင် ကြောင်နေမိသည်။ ထိုသူသည် အသံဩဇာကောင်း နေသော်လည်း လူက ပိန်ပိန်ပါးပါး ဖြစ်သည်။ အသက် ၄၀ လောက်တော့ ရှိလိမ့်မည်။ ညဝတ်အင်္ကျီပေါ်တွင် ပေါ့ပါးသော ခင်နာကုတ်အင်္ကျီကို ထပ်ဝတ်ထားသည်။ ချာဆေသည် သူစိမ်း၏ မျက်နှာကို မြှင့်သိုင်းဖွဲ့ကြည့်ဖြစ်သည်။ အသားအရေသည် မည်းသည် ဘက်သို့လှနေသည်။ မျက်နှာတွင် အထင်ရှားဆုံးတစ်ခုမှာ ပါးလျသည့် နှုတ်ခမ်းလွှာများထက်က မနိုးမစနဲ့သည့်အပြုံး၊ ပေါ်လွင်ထင်ရှားသည့် မေးရိုးများသည် လောကတစ်ခုလုံးကို စိန်ခေါ်နေသည့်အသွင် ဆောင် ရောင်သန်းနေသည့် မျက်လုံးများကတော့ ပေါက်ကွဲလုလု ဒိုင်းနမိုက် အင်အားရှိနေသော သဏ္ဌာန်ရယ်ပါ။





"မင်းနာမည် ဘယ်သူလဲ" ဒုတိယအကြိမ်မြောက် သူ့ထံမှ မေးခွန်းထွက်လာသည်။ သို့နှင့်...

"ဂီးလ်သတ်ချာဆေပါ" ဟု ဖြေလိုက်ဖြစ်သည်။

"အလုပ်အကိုင်က... "

"စာရေးဆရာ"

ထိုအဖြေကိုကြားရသည့် တစ်ခဏ မဲ့သောနှုတ်ခမ်းပါးတွင် အပြုံးပန်းပွင့်လာသည်။

"ဩော်... စာရေးဆရာတစ်ယောက်ကိုး။ ကဲ... ဒီနေရာကို ဘာအတွက်ရောက်နေတာလဲ" ထိုမေးခွန်းထုတ်လာရင်းမှ တစ်ဆက် တည်း "ကိုင်း... ကိုင်း... မောင်ရင့်လက်နှစ်ဖက်ကို ခေါင်းပေါ်မှာ ချိတ်ကိုင်မြှောက်ထားပါ။ အဓိပ္ပာယ်မရှိဘူးလို့ သဘောမထားပါနဲ့"

သူအမိန့်ပေးမှုကို ငြိုငြင်သလို လုပ်မိသွားသည်နှင့် သူ့ သေနတ်ပြောင်းဝက ရင်ဘတ်မှာလာထောက်၏။ သည်အခါ မနာခံ၍ ဖြစ်တော့မှန်း သို့ကြောက်စိတ်က လှုံ့ဆော်လာသည်။ သူ့လက်တွင် ဆုပ်နေခဲ့သည့် သွေးများအပေါ်သို့ သူ၏အကြည့်များ ကျရောက် သည်။ ဘာမှုတော့ မေးလားစစ်လားလုပ်မလာ။ သို့သော် မျက်နှာ တွင် လေးနက်တည်ကြည်မှုဝါသောအရိပ်များ ဖြတ်သန်းလာသည်။

"ဟိုထိုင်ခုံမှာထိုင်...၊ ပြီးတော့... ဒီကိစ္စနဲ့ပတ်သက်ပြီး မောင်ရင်သိခဲ့သလောက် ကိုယ့်ကိုပြောပြ" ထိုသူက အလောင်းကို ညွှန်ပြရင်း သူ့အားတိုက်တွန်းသည်။ "အဲ...နေဦး" ဟု ဆိုလျက် ဘင်း(န်)ထရီ၏ အလောင်းနံဘေးတွင် ထိုသူ ဒူးထောက်ထိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သေသွားပြီပေါ့နော်"

"ဟုတ်တယ်"

သူစိမ်းက သွားများကိုဖြဲ၍ ရယ်ရင်း…

"ဘယ်သူ သတ်တာလဲ"

"ကျွန်တော်ပြောတာကို ယုံပါ။ ဒီကိစ္စကို ကျွန်တော် ဘာတစ်ခုမှ မသိခဲ့ပါဘူး…။ ဖြစ်နိုင်တာက…"

"ကဲ…ကဲ…အဲဒီဖြစ်နိုင်တယ်ဆိုတာကို အရင်ပြော…"

"ကျွန်…ကျွန်တော် မပြောခင်မှာ ခင်ဗျားဘယ်သူလဲဆိုတာကို မသိရဘူးလား"

"ဒီအခြေအနေမှာ ကျုပ်အကြောင်းကိုသိဖို့ ကြိုးစားနေမယ့်အစား မောင်ရင့်အကြောင်းကို ပြောပြဖို့လိုနေပြီဆိုတာ မောင်ရင်သိဖို့ကောင်းတယ်။ ဘာကြောင့်လဲဆိုတော့ အသတ်ခံရတဲ့လူနားမှာ ရောက်နေတာက မောင်ရင်မဟုတ်ပါလား။ ဖြစ်နိုင်ရင် လူသတ်မှုနဲ့ တောင် ဖမ်းလို့ရတဲ့အခြေအနေ။ မောင်ရင့်လက်တွေမှာ သွေးတွေ ပေနေတာက ဘာသဘောလဲဆိုတာ မောင်ရင်မသိဘဲ နေမှာမဟုတ်ဘူး။ ဒီတော့ကာ… မောင်ရင့်အကြောင်းကိုပဲ ကျုပ်နားဆင်ဖို့ ပြောပြရမယ်လေ"

"ကောင်းပြီ…ကျွန်တော့်ဇာတ်လမ်းကို စရမယ်ဆိုရင် ပေါ့လေ။ ဒီကနေ့ ညနေက ညစာစားရတာက စရမယ်"

"မင်း… ဘယ်ဆိုင်မှာ ညစာစားတာလဲ"





"မေဖလား၀ါးကာလပ်နဲ့ ပျော်ပွဲစားရုံ" အဲဒီမှာ အဲဒီမှာ ညစာစားနေတုန်းမှာပဲ ရင်း(န်)ဝုဆိုတဲ့လူနဲ့ သိကျွမ်းလာရတယ်။ သူက စာအုပ်ထုတ်တာ ဝါသနာပါနေတော့ သူ့သူငယ်ချင်းဆီကိုသွားဖို့ လွှတ်တယ်"

"မောင်ရင်၊ အခု လူသတ်မှုတစ်ခုအနား ရောက်နေတဲ့ကိစ္စက အဲဒီညစာစားတာတွေကော၊ ရင်း(န်)ဝုရဲ့သူငယ်ချင်းဆီ သွားတာတွေကော ဆိုင်နေလို့လား"

"ပြီးအောင် နားထောင်စမ်းပါဦးလေ…။ ရင်း(န်)ဝုရဲ့ သူငယ်ချင်းဆိုတာ တခြားမဟုတ်ဘူး။ အခု အသတ်ခံရတဲ့ဘင်း(န်)ထရိပဲ ဆိုပါတော့"

"အဲဒီ ရင်း(န်)ဝုဆိုတာကကော ဘယ်သူလဲ"

"အာရုံကြောနာဗ် စပါယ်ရှယ်လစ်လို့ ပြောတာပဲ။ သူက ရပ်ိတန်လမ်းမှာ ဘင်း(န်)ထရိနဲ့ အတူတူနေတယ်တဲ့လေ"

"မောင်ရင် ဒီနေရာ ရောက်လာရတဲ့ကိစ္စကို ပြောစမ်းပါဦး"

"ရင်း(န်)ဝုက ကျွန်တော် လက်ရှိရေးနေတဲ့ ဝတ္ထုရဲ့နယ်မြေတစ်ခုအကြောင်း စကားစပ်မိတော့ အဲဒီနယ်မြေအကြောင်းကို ပိုပြီး နှံ့စပ်ချင်ရင် သူ့သူငယ်ချင်း ဘင်း(န်)ထရိကိုသွားတွေ့…ပိုပြီးသိလာစရာ ရှိတဲ့အကြောင်း။ ပြီးတော့… သူကိုယ်တိုင်ပဲ ဘင်း(န်)ထရိဆီ ဖုန်းဆက်ပေးတယ်…"

"ကျွန်တော်ရောက်လာမယ့်အကြောင်းပါ ကြိုပြီးအသိပေး



www.burmeseclassic.com

www.burmeseclassic.com



ထားလိုက်တာနဲ့ ၁၀ နာရီခွဲတိတိမှာ ကျွန်တော် ဒီကိုရောက်လာရတယ် ဆိုပါတော့"

"မောင်ရင်ရောက်လာတဲ့အချိန်က ဓာတ်လှေကားမောင်းမယ့်လူ ရှိမနေဘူးလား"

"ကျွန်တော့်ဘာသာကျွန်တော် ခလုတ်ကိုနှိပ်ပြီး တက်လာခဲ့တာပါ"

"ကဲ... ဆက်ပြောပါ"

"ရင်း(န်)ဝုဆီက ယူလာတဲ့လိပ်စာနဲ့ အခန်းရှေ့ရောက်တော့ တံခါးပေါ်မှာ ဘင်း(န်)ထရီရဲ့နာမည် ကြေးဝါပြားပေါ်ရေးထားတာကို အရင်သတိထားမိတယ်။ သေချာသွားတာနဲ့ တွေ့ရတဲ့ လူခေါ်ဘဲလ်သီးကို ကျွန်တော်နှိပ်တယ်။ အထဲကထူးသံက ပေါ်မလာဘူး၊ ဒါပေမဲ့ အဲဒီအခန်းမှာပဲ..."

"အဲဒီအချိန်မှာ ဘာဖြစ်လို့လဲ"

"တံခါးဝုန်းခနဲပွင့်ပြီး အထဲကနေ လူတစ်ယောက် ပြေးထွက်သွားတာကို ကြုံလိုက်ရတယ်လေ"

"အဲဒီလူရဲ့ ပုံပန်းသဏ္ဍာန်ကို မမှတ်မိလိုက်ဘူးလား"

"ရုပ်ကိုတော့ မမှတ်မိလိုက်ဘူး၊ ဘာကြောင့်လဲဆိုတော့ လစ်ခနဲနေအောင် ပြေးထွက်သွားတာရယ်...၊ ကျွန်တော့်ဘက်က အငိုက်မိသွားတာရယ် ရှိသွားလို့ပဲ။ ဒါပေမဲ့ ကုတ်အင်္ကျီကော်လာထောင်ဝတ်ပြီး ဦးထုပ်ခပ်ငိုက်ငိုက် ဆောင်းခဲ့တာကိုတော့ လှမ်းသတိထားလိုက်မိတယ်"





"သူ့ကို သင်္ကာမကင်းဖြစ်ပြီး နောက်ကပြေးမလိုက်ဘူးလား"

"ကဲပါဗျာ.... ခေါင်းပေါ်မှာအုပ်ထားရတဲ့ ကျွန်တော့်လက်ကို ပြန်ချပါရစေ။ ပြီးတော့ ကျွန်တော် ဆေးလိပ်သောက်ချင်တယ်"

သူစောစောက ကြောက်နေခဲ့သော သေနတ်ကိုပင် သိပ်မမှု။ ဆိုသူချဖို့ အမိန့်မပေးခင်တွင်ပင် သူ့လက်အုပ်ထားသည်ကို ပြန်ချလိုက်သည်။ သူ့လက်တို့က ကြာကြာလေးမြှောက်ထားရသည် ကြောင့် ထုံကျဥ်ကျဥ်ရယ်...။ မပြောမဆိုနှင့်ပင် အိတ်ထဲကဆေးတံထုတ်လိုက်ပြီး ဆေးများကိုသိပ်နေသည်။ ပြီးတော့...မီးညှိသည်...။ တစ်ဖွာ...နှစ်ဖွာ။

"ကဲ... ဆက်ပြော"

"ကျွန်တော်ဟာ ဘင်း(န်)ထရီဆိုတဲ့ လူကိုလည်း မြင်ဖူးတာ မဟုတ်။ သူ့မှာအန္တရာယ်ရှိပြီး အထဲမှာ ဘာတွေဖြစ်နေတာလဲ သိတာမဟုတ်တော့ လူသတ်ပြီး ထွက်ပြေးတာကို ဘယ်သိပါ့မလဲ။ ဒါကြောင့် ပြေးသွားတဲ့လူဟာ လူသတ်သမားဟုတ်မဟုတ် ကျွန်တော် မသိနိုင်ဘဲဟာ။ သူ့နောက်ကို ဘယ်လိုက်ပါ့မလဲ"

"နောက်တော့ကော ဘဲလ်ကိုနှိပ်သေးသလား"

"နှိပ်သေးတယ်။ ပြန်ထူးသံလည်းမကြား၊ စိတ်ထဲမှာလည်း သံသယအစိုင်အခဲ ကြီးထွားလာတော့ အခန်းထဲကို လှမ်းလိုက်မိသွားတယ်"

"အဲဒီအချိန်က မီးကော လင်းနေသလား"



www.burmeseclassic.com

www.burmeseclassic.com



"မှောင်နေတယ်။ ကျွန်တော် စမ်းတဝါးဝါးနဲ့ဝင်လာပြီး 'ဘင်း(န်)ထရီ' ရဲ့နာမည်ကို တကြော်ကြော်ခေါ်ကြည့်တယ်။ ခြေထောက်ကလည်း ရှေ့အတက်မှာပဲ တစ်စုံတစ်ရာကို တိုက်မိတာနဲ့ ထိုင်ပြီးတော့အစမ်း... လူရဲ့ကိုယ်ကြီးကို ထိတွေ့လိုက်ရတယ်။ ဒါကြောင့်လည်းပဲ ကျွန်တော့်လက်ကို သွေးပေခံလိုက်ရသလိုရှိတယ်။ ကျွန်တော်ဟာ ဘင်း(န်)ထရီကို မမြင်ဖူးပေမယ့် အဲဒီလို အသတ်ခံထားရတဲ့လူဟာ ကျွန်တော်တွေ့ရမယ့်သူဆိုတာ တပ်တပ်အပ်အပ် သိလိုက်ပါတယ်"

"တယ်လီဖုန်းနဲ့ ရဲကိုဆက်ဖို့ကော မလုပ်မိဘူးလား"

"ကျွန်တော်ဟာ လူသတ်မှုဆိုတာနဲ့ တစ်ခါမျှအတွေ့အကြုံကလည်းမရှိ၊ ဘာလုပ်ရမယ်ဆိုတာ ရုတ်တရက်တော့ မစဉ်းစားနိုင်ခဲ့ဘူး။ နောက်မှ ရဲကိုအကြောင်းကြားရမယ်လို့ ပိုင်းဖြတ်ပြီး တယ်လီဖုန်းကိုင်ဖို့အလာမှာပဲ နောင်ကြီး တံခါးဖွင့်ဝင်လာတာနဲ့..."

"အေး... မောင်ရင်ပြောတာကို ကိုယ်သဘောတူပါတယ်။ မောင်ရင့်ကို ကိုယ်ပြန်လွှတ်မှာပါ။ မပြန်ခင် မောင်ရင်နဲ့ကိုယ် ထပ်ပြီး တွေ့နိုင်ဖို့ မောင်ရင့်လိပ်စာ ကိုယ့်ကိုပေးပါလား"

"၁၂၈-ဘီ၊ ဟတ်ဖို့လမ်း၊ မေဖဲယားရပ်ကွက်... ... လမ်းထောင့် ပိုကျတယ်"

"ဗွတ်နိုက်ပဲ ချာဆေ" ထိုသူက နှုတ်ဆက်ရင်း တစ်ဆက်တည်း ထူးထူးဆန်းဆန်းပြောလာသည်။ "တစ်ခုတော့ရှိတယ်





မောင်ရင်...၊ ခုညကိစ္စကို မောင်ရင်ထစ်ယောက်ယောက်နဲ့ မတိုင်ပင်မိဘဲ မေ့ဖျောက်ထားဖို့လိုမယ်"

"ခင်ဗျားဟာ ဘယ်လိုလူလဲဆိုတာကိုကော ကျုပ်မသိသင့်ဘူးလား။ ကျုပ်ကကော ဘာကြောင့်နှုတ်ပိတ်ထားရမှာလဲ"

"ကိုယ့်အကြောင်းကိုသိဖို့ ကြိုးစားတာထက် မောင်ရင် ဒီကိစ္စကို နှုတ်ပိတ်ထားတာက ပိုကောင်းမယ်ထင်လို့ပါ...၊ မောင်ရင် တစ်ယောက်ယောက်ကို ဖွင့်တိုင်ပင်လိုက်မိတာနဲ့ မောင်ရင့်ကို အန္တရာယ် ပိုရှိလာနိုင်မယ်ဆိုတာ စိုးရိမ်မိလို့"

"အိုဗျာ...ဘာအန္တရာယ်ပဲရှိရှိ၊ ကျုပ်ဂရုမစိုက်တော့ဘူး။ ကဲ... သွားမယ်" သူက ထိုသူ၏သေနတ်ကိုပင် မှုမနေတော့ဘဲ ထိုနေရာမှ ထွက်လာခဲ့သည်။

နံနက်နိုးသည့်အခါ သူ့ဘောင်းဘီအိတ်ထဲတွင် နိုးလိုးနုလု အရာတစ်ခုကို သွားစမ်းမိသည်။ ထုတ်ကိုင်ကြည့်လိုက်သည်နှင့် ဘူးသေတ္တာသေးသေးလေး ဖြစ်နေသည်။ သူ အံ့အားသင့်မိသွားပြီး ဒါလေး ဘယ်အချိန်က အိတ်ထဲရောက်နေပါလိမ့်ဟု အတွေးကို အလုပ်ပေးသည်။ ရုတ်တရက်စဉ်းစားမရ။ သေသူ၏ကိုယ်ထက်က စမ်းမိစဉ်၌ ယောင်၍အိတ်ထဲပဲ သိမ်းယူမိသွားသလား။

ဘူးသေတ္တာလေးထဲတွင် ဘာပါသလဲဟု သိချင်စိတ်ဖြစ်လာသည့်တိုင် မျိုသိပ်လိုက်သည်။ သက်ဆိုင်ရာကို အပ်သင့်သည်ဟု ဆုံးဖြတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တက္ကစီတစ်စင်းပေါ်တက်၍ စကော့တလန်ယာဒ်ဌာနဆီသို့ မောင်းပို့ခိုင်းလိုက်သည်။

"မောင်ရင် ဖွင့်မကြည့်မိဘူးလား"

"ဟင့်အင်း...မကြည့်မိဘူး။ ဒါနဲ့ အဲဒီလူ ဘယ်သူဘယ်ဝါ ဖြစ်နိုင်မယ်ဆိုတာ ကျွန်တော်သိချင်တယ် အရာရှိကြီး"

"အေး... သိရပါတယ်။ ကျုပ်တို့ဘက်က စုံစမ်းပြီး မောင်ရင့်ဆီ အသိပေးပါမယ်"

သို့ဖြင့်...

သူ စကော့တလန်ယာဒ်ဌာနမှ ပြန်ထွက်လာခဲ့ဖြစ်သည်။

သူ ထိုအကြောင်းကို တစ်ယောက်ယောက်နှင့် မတိုင်ပင်ဘဲ မေ့ဖျောက်ထားရမည်တဲ့။ ထို သတိပေးစကားကို မမေ့နိုင်ပြီ။ သို့သော်...သူမေ့နိုင်မည် မဟုတ်နိုင်ပါလေ။ ပို၍မေ့မပစ်နိုင်သည့် အကြောင်းကတော့ သူက စာရေးဆရာဖြစ်နေ၍ပဲ ဖြစ်တော့သည်။

သူ့ခေါင်းထဲတွင် စိကာစဉ်ကာ ဝင်ရောက်လာသော လျှို့ဝှက်သည်းဖိုအကြောင်းအရာများကို တစ်ခုချင်း ဖွဲ့သီနေမိသည်။ သူ တစ်ချိန်ချိန်မှာ ရေးသားနိုင်ဖို့ ဇာတ်လမ်းကောင်းတစ်ခု ဖြစ်လာနိုင်သည်ကို သိလိုက်သည်အမှန်။

ထူးဆန်းသည်မှာ နောက်နေ့ထုတ် သတင်းစာများတွင် ညတုန်းက ဘင်း(န်)ထရီ အသတ်ခံထားရသည့်ကိစ္စ လုံးဝပါမလာခြင်း ဖြစ်သည်။ ဘာကြောင့်ပါလိမ့်။ သူ့အနေနှင့်ကတော့ ပါစေချင်





ပေမယ့် သက်ဆိုင်ရာအဖို့တော့ ဖုံးအုပ်ထားရမည့် သတင်းတစ်ခု ဖြစ်နေလေသလား မဆိုနိုင်။

သူ့စိတ်တွင် အံ့ဩဆန်းပြားသည်။ ဘာပဲဖြစ်ဖြစ် သူသည် ထိုသပွတ်အူတစ်ခုနောက်သို့ လိုက်ပါထောက်လှမ်းကြည့်ဖို့နှင့် အစအဆုံးသိဖို့ ကြိုးစားမည်ဟု စိတ်တုံးတုံးချသည်။

သူနှင့် မေဖလားဝါးကလပ်တွင် အသိအကျွမ်းဖွဲ့မိခဲ့သော ရင်း(န်)ဝုထံသို့ သွားရောက်လိုက်သည်။

သူက ရင်း(န်)ဝုကို အဆင်သင့်ပင် ထိုကလပ်တွင် သွားတွေ့သည်။ သူပြောပြသည့် ဆုံတွေ့မှုဇာတ်လမ်းတို့ကို နာဗ်အာရုံကြောကုစပါယ်ရှယ်လစ်ကြီးက အစအဆုံးတိုင် နားထောင်ခဲ့ရာ နောက်ဆုံးတွင် ထိုမှတ်ချက်ကိုပင် ပြုလာသည်ကို တွေ့လိုက်ရပါ၏။

"အေးဗျာ...အကောင်းဆုံးကတော့ အဲဒီအကြောင်းတွေကို တစ်ယောက်ကိုမှ မပြောပြဘဲ မေ့ထားလိုက်တာက ခင်ဗျားအတွက် ပိုကောင်းနိုင်ပါတယ်"

"အို... ခင်ဗျားကကော လာပြန်ချေသေး။ တကယ်လို့ ဘင်း(န်)ထရီ အသတ်ခံရမှုနဲ့ ပတ်သက်ပြီး ကျွန်တော့်ကို လာနှယ်နေလို့ ကျွန်တော် ဘာများကော ရှင်းပြနိုင်မှာလဲ"

"ခင်ဗျားနဲ့ မဆိုင်ပါဘူး။ သက်ဆိုင်ရာက အဲဒီကိစ္စကို သိပြီးဖြစ်နေမှာပါဗျာ"

"ဒါဆိုရင်...ခင်ဗျားကကော အဲဒီပိန်ပိန်ပါးပါးနဲ့ ကျွန်တော့် လာတွေ့တဲ့ပုဂ္ဂိုလ်ကို သိနေတဲ့သဘောပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား စိတ်အေးသွားအောင် တစ်ခွက်လောက်ချလိုက်ပါလား"

"တော်စမ်းပါ ဒါတွေ။ ကဲ... ပြောလေဗျာ"

"အင်း... သိတယ်"

ချာဆေသည် မချင့်မရဲစိတ်များနှင့်အတူ အိမ်သို့ပြန်ရောက်လာခဲ့သည်။

အိမ်ရောက်တော့လည်း နိုင်းဖတ်ကောင်လေးက သူ့အားတွေ့မဆိုက်ပင်။

"အထဲမှာ ဧည့်သည်တစ်ယောက် စောင့်နေတယ် ဆရာ"

"ဘယ်သူလဲ"

"သူ့နာမည်ကို ကျွန်တော့်ကို ပြောမပြဘူး ဆရာ၊ ဒါနဲ့ ကျွန်တော်က ဆရာမရှိဘူး၊ ည ၁၁ နာရီမှ တစ်ခေါက်ပြန်လာပါလားလို့ ပြောလည်းမရဘူး၊ ဆရာ မလာမချင်း သူထိုင်စောင့်နေမယ်တဲ့"

"ဒါနဲ့ မင်းက နာမည်ကိုတောင် အသိမပေးတဲ့လူမျိုးကို ဧည့်သည်အဖြစ် လက်ခံလိုက်တယ် ဆိုပါတော့"

"ကျွန်တော်က အဝင်မခံခဲ့ပါဘူး၊ သူက ဇွတ်ဝင်ခဲ့တာပါ ဆရာ၊ သူ့ကိုကြည့်ရတာလည်း လူကြီးလူကောင်းပုံစံ ဖြစ်နေလို့ ကျွန်တော် မောင်းမထုတ်မိခဲ့တာပါ"

"ပိန်ပိန်ပါးပါးနဲ့ မချိုမချဉ် မျက်နှာပုံစံလူ မဟုတ်လား"

"ဟုတ်ပါတယ်... အဲဒီပုဂ္ဂိုလ်ပါပဲ"





ချာဆေ အခန်းထဲသို့ ဝင်လာခဲ့သည်။

ပိန်ပိန်ပါးပါးနှင့် ထိုင်နေသူ၏မချိုးမချဉ်မျက်နှာပိုင်ရှင်သည် သူ့ကိုလှမ်းအတွေ့၌ အပြုံးတစ်ရပ် လက်ခံနဲ့။

"မောင်ရင့်ကို ကျေးဇူးတင်ပါတယ်၊ သားရေဘူးနက်ကလေးကို သစ္စာရှိရှိ တာဝန်သိသိနဲ့ သက်ဆိုင်ရာကို အပ်ပေးခဲ့တဲ့အတွက်"

"ခင်ဗျားက ဘယ်သူမှမတိုင်ပင်ဘဲ မေ့ဖျောက်ထားပါလို့ တိုက်တွန်းပေမယ့် ကျွန်တော်က အောင့်ထားတတ်တဲ့လူ မဟုတ်ဘူး"

"ညတုန်းက အဲဒီဘူး မောင်ရင့်မှာရှိနေတာကို ကိုယ့် ပြောမပြခဲ့ပါလား"

"ခင်ဗျားဟာ ဘယ်လို အရောင်ဆိုးထားမှန်းမှ မသိဘဲ။ တစ်ခုခုသောက်မလား"

"နေပါစေ"

"ခင်ဗျားကို ခင်မင်လို့တိုက်တာ မဟုတ်ဘူး၊ ကျုပ်က ကိုယ်မုန်းတဲ့လူကို အရက်နဲ့တိုက်ပြီး မောင်းလွှတ်တတ်တဲ့ အကျင့်ရှိတယ်"

"ဪ... မောင်ရင်က ကိုယ့်ကိုမုန်းနေတာကိုး"

"ခင်ဗျားပဲ စဉ်းစားကြည့်ပါလား၊ ကိုယ့်ကိုယ်ကိုတော့ ဘယ်သူလို့မိတ်မဖွဲ့ဘဲ ကျုပ်ကို သေနတ်နဲ့ချိန်တယ်၊ ပြီးတော့... စိတ်မေးခွန်းတွေပဲ မေးလားမြန်းလားနဲ့ ကျုပ်က သည်းခံလို့ရပါ့မလား"

"အင်း... မောင်ရင်သိချင်တဲ့ကိစ္စကို ကျုပ်အသိပေးမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါထက် အဲဒီသေတ္တာလေးကို အလောင်းကိုယ်ပေါ်က ရလိုက်တာလား"

"အမှန်အတိုင်း ဝန်ခံရရင် အဲဒီသေတ္တာလေး ကျွန်တော့်ရဲ့ အိတ်ထဲ ဘယ်လိုရောက်လာမှန်း ကျွန်တော်တောင် မသိလိုက်ဘူး။ ယောင်ကန်းကန်းနဲ့ အိတ်ထဲထည့်မိလိုက်သလားတော့ မပြောတတ်ဘူး"

"ကဲ... မောင်ရင်စိတ်အေးရအောင် ကိုယ့်အကြောင်းကို အသိပေးတော့မယ်၊ ကိုယ်ဟာ တရားဥပဒေဘက်ကနေ ဆောင်ရွက်နေတဲ့ ဝန်ထမ်းတစ်ယောက်ပါပဲ။ ဒီထက် ပိုတိတိကျကျ ပြောရမယ်ဆိုရင် ဗြိတိသျှထောက်လှမ်းရေးဌာနချုပ်က တာဝန်မှူးတစ်ယောက်ဆိုတာလေး ကျုပ်နာမည် မှတ်ထားလိုက်ပါ။ ဆာရ်ဟာကာဘဲလား တဲ့... မောင်ရင်"

"ဟာ... ဒါဆို မထေမဲ့မြင် ပြောမိတဲ့အတွက် ကျွန်တော်တောင်းပန်ပါရစေ ဆရာ"

"နေပါစေ... ရပါတယ်။ ဒီလိုပါမောင်ရင်... အခုရောဘတ်ဘင်း(န်)ထရီ အသတ်ခံရတဲ့အကြောင်းမှာ လုံလောက်တဲ့ အကြောင်းပြချက်တွေ ရှိနေတာကို ကိုယ်တို့ဘက်က သတင်းရထားပြီးပါပြီ။ သူ ဘာကြောင့် အသတ်ခံရတယ်ဆိုတာ ကိုယ်တို့သိနေပြီးသားပါ။ ဒါပေမဲ့ လျှို့ဝှက်ထားရမယ့် အကြောင်းတစ်ခု ဖြစ်နေတယ်လေ။ ဒါကြောင့် ဘယ်သူကိုမှ အသိမပေးပါနဲ့လို့ မောင်ရင့်ကို သတိပေးရတာပါ"





"ကျွန်တော်ဟာ ဘင်း(န်)ထရီအသတ်ခံရတဲ့ကိစ္စကို မရှင့်မရဲ ဖြစ်မိတယ်။ အဲဒီလူသတ်ကောင်ကို ဖော်ချင်တယ်"

"သိပ်ပြီး စိတ်ကူးမယဉ်ချင်ပါနဲ့ မောင်ရင်။ လက်တွေ့ဖြစ်ရပ်နဲ့ စိတ်ကူးယဉ်ဘဝဆိုတာ အပုံကြီးကွာခြားပါတယ်။ စာရေးပြီး စိတ်ကူးယဉ်နေတာသာ မောင်ရင့်အဖို့ ဘေးကင်းပြီး အန္တရာယ်လုံခြုံနိုင်ပါတယ်။ ကဲ... ဒါပါပဲ... ကိုယ်သွားမယ်"

ထို့နောက် ဆာရ်ဟာကာဘဲလားမ်ဆိုသူ ပိန်ပိန်ပါးပါးနှင့် ခေါင်းမခန့်အပြုံးရှင်သည် ပြောပြောပြီးပြီး ထိုင်ခုံမှထ၍ အပြင်သို့ လျှောက်လှမ်းထွက်သွားသည်ကိုသာ တွေ့လိုက်ရသည်။

ထိုကိစ္စများ ကြုံဆုံလာပြီးကတည်းက သူသည် စာပေတွေ ရေးသားဖို့မဆိုထားဘိ ဖတ်ဖို့ပင် စိတ်ဝါဝင်စားမှု နည်းပါးသွားအယောင်ယောင်ရှိသည်။ ကမ်းခြေတွေမှာ သွားထိုင်၊ သူ စဉ်းစားနေသည်က ဘင်း(န်)ထရီ အသတ်ခံရမှုကိစ္စ၊ ဆာရ်ဟာကာဘဲလားမ်က သူ့အား ဟန့်တားခဲ့သည့်အကြောင်းတွေ...။

သူ့ဆီက ရေးသားမှုနည်းသွားသည့်အခါ သူ့စာတွေကို အစဉ်ထည့်ပေးသော မဂ္ဂဇင်းတိုက်ပင် စာအိတ်နှင့် ငွေကြိုပို့သည့်အဆင့်ကို ရောက်လာသည်၊ ပို့လာသည့်စာအိတ်များကလည်း သူ့ကိုအသင့်ကြိုလျက်သား။

ထိုအထဲမှာ စာအိတ်တစ်အိတ်က ထူးခြားနေသည်။ ရေမွှေးနံ့သင်းရှရှလေး၊ စာအိတ်ပေါ်မှာလည်း မိန်းမသားတစ်ဦး၏ နာမည်နှင့် လိပ်စာတစ်ခု။

www.burmeseclassic.com



သူက စာအိတ်ကို ဖောက်ဖတ်လိုက်သည်။

ခင်မင်သော စာရေးဆရာကြီး မစ္စတာချာဆေရှင့်...

ကျွန်မဟာ ဆရာ့ရဲ့ ချစ်ပရိသတ်တစ်ဦးရယ်ပါ။ ကျွန်မဘက်က ဒီလိုစာရေးပြီး မိတ်ဆက်လာတဲ့အတွက် နည်းနည်းတော့ ပေါ့ပျက်ပျက်နိုင်မလား မသိနိုင်ဘူးနော်။

ဒါပေမဲ့ ဆရာ...ကျွန်မဟာ ဆရာရေးသမျှ ဝတ္ထုတွေကို စွဲစွဲလမ်းလမ်းနဲ့ ဖတ်ခဲ့ပါတယ်။ ဆရာရေးသမျှ အကြောင်းအရာတွေဟာ လူတစ်ဖက်သားရဲ့ စိတ်ကို ညွတ်နူးပျော့ပျောင်းစေတာ အမှန်ပါ။ ကျွန်မရဲ့ ညအိပ်ရာ မတိုင်မီ ဖျော်ဖြေမှုဟာ ဆရာ့ရဲ့ဝတ္ထုတွေပါပဲ။ နောက်ဆုံးရေးတဲ့ ဝတ္ထုကို ပိုစွဲလမ်းခဲ့ရပါတယ်။ ဆရာဟာ တော်တော်နဲ့ နာမည်မကျဘူးလို့ ကျွန်မ အတပ်ပြောရဲတယ်။

ဆရာ့ကို ကျွန်မ လက်ဖက်ရည်နဲ့ ဧည့်ဝတ်ပြုပါရစေ။ ပြီးတော့ ဆရာရေးခဲ့တဲ့ စာအုပ်တွေပေါ်မှာ ဆရာ့လက်မှတ်ကို ထိုးခိုင်းချင်တယ်။ ဆရာ့ပရိသတ်ရဲ့ဆန္ဒကို ဆရာ မငြင်းပယ်ဘူး ဆိုရင်တော့ ကျွန်မ ဖိတ်ခေါ်တာကို မငြင်းပါနဲ့နော်။

ဆရာ့ရဲ့ သစ္စာရှိပရိသတ်
ဆိုဖီလောရင့်စ်

ထိုစာအိတ်သည်လည်းကောင်း၊ ထိုစာသည်လည်းကောင်း သူ့အဖို့အတွက် ထူးခြားနေသလိုရှိသည်။ သူသည် အသက်





လေးဆယ်အတွင်း ဝင်ရောက်လာသည့်တိုင် အချစ်နှင့်ပတ်သက်၍ စိတ်ကူးယဉ် ခံစားချက်မရှိသေး။ သူ့လောကသည် ခရီးတစ်ခေါက်ထွက်ခြင်း၊ စာရေးသားခြင်းတို့နှင့်သာ အချိန်တွေကုန်နေသည်။ စာရေးသားသည့် အရသာထဲတွင် ငွေကို မြိုးမြိုးမြက်မြက်ရနိုင်ခြင်းလည်း ပါဝင်ခဲ့သည်။ သူစိတ်ကူးယဉ်လိုက်သမျှ ကလောင်ဝင့်လိုက်သမျှ အားလုံးငွေဖြစ်သည်ချည်း။

သို့စေကာမူ...

ငွေရရင်ပြီးရောဆိုပြီး အညီအဟောက်များပါသည့် စာပေများ ရေးသားသည့်အထဲတွင် သူ့စာများမပါဝင်။ အကြောင်းအရာတိုင်းက သိက္ခာရှိနေ၍ ဘီရန်တီကယ် စာကြည့်တိုက်လိုနေရာကပင် သူ့စာအုပ်ကို အားလုံးတင်သည်။ စာဖတ်သူများလျက် အငှားရဆုံးစာအုပ်တွင် သူ့စာအုပ်စာရင်း ပါဝင်နေသည်ဟု စာကြည့်တိုက်မှူးလေးမှတစ်ဆင့် သူ သိခဲ့သည်။

ယခုလည်းကြည့်... ရာဇနှစ်မဂ္ဂဇင်းက သူ့ရဲ့အခန်းဆက်ဇာတ်လမ်းကို တောင်းခံနေပြီကော။ ဗြိတိသျှနိုင်ငံသည် အမေရိကန်နိုင်ငံထက် အပုံကြီးကွာစွာ စာမူခပေးနှုန်း နည်းပါးလှသည်။ သို့သော် ဝါသနာပိုးကမသေ၍ စာရေးသည့်အလုပ်ကိုသာ ဇောက်ချလုပ်နေမိသလို ရှိသည်။ တခါးဟာဟကြားမှာ မြင်တွေ့နေရသည့် လက်နှိပ်စက်ကိုကြည့်နေရင်း သည်ကနေ့ စာရေး၍ ရာန်မဝင်နိုင်မည့် အတူတူ အပျင်းပြေလိုပြေငြား စာအိတ်ပေါ်က ဆိုဖီလောရင့်စ်၏ နေရင်းနံပါတ်ဆီ ဆက်ကြည့်ဖို့ စိတ်ကူးရလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ငြိုးငွေ့နေလို့ ကျွန်မဆီ ရောက်လာတဲ့သဘောလား။ စာရေးဆရာ"

စီးကရက်ငွေ့များအကြားမှ တစ်ဆင့် အရည်လဲ့လဲ့ မျက်ဝန်းများနှင့် စိုက်ကြည့်လာသည်။

ဆိုဖီလောရင့်စ်ညွှန်ခဲ့ထားသော ကျောက်စိမ်းသေတ္တာလေးထဲမှ စီးကရက်တစ်လိပ်ကိုယူ၍ မီးခြစ်ဆံဖြင့် မီးညှိသည်။ မီးကိုအုပ်အုပ်၍ညှိနေသော သူ့လက်ကို လက်သည်းရှွန်လက်ချောင်းလေးများဖြင့် မထိခလုတ်၊ ထိခလုတ်ကိုင်လာသည်။

"ငြိုးငွေ့တယ်ဆိုတာထက် ကိုယ်စာရေးလို့ မရနိုင်လို့ ထွက်လာတယ်ဆိုရင် ပိုမှန်မလားဘဲ"

"ကျွန်မက စာရေးဆရာဆိုရင် အသက်ကြီးကြီး၊ မုတ်ဆိတ်တွေတဖွားဖွားနဲ့ ဖြစ်နေမယ်လို့ ထင်နေတာ။ နကျတော့ ခပ်ငယ်ငယ်နဲ့ လှပုံချောလေးပါလားနော်"

"အင်း...အမိထင်မယ်ဆိုလည်း ထင်စရာပဲ။ အယ်လ်ဘမ်ဓာတ်ပုံထဲက စာရေးဆရာတိုင်း အမိတွေ့ခဲ့၊ သိခဲ့တဲ့ပုံစံမျိုးပဲ ဖြစ်နေတာကိုး။ ကဲ...ကိုယ်ရောက်လာတဲ့အတွက် အမိစိတ်ကော ရှုပ်မသွားဘူးလား"

"အို...ပိုတောင်ပျော်မိပါတယ်။ ကိုယ်နှစ်သက်စွဲလမ်းခဲ့တဲ့ ဝတ္ထုတွေကိုဖန်ဆင်းတဲ့ စာရေးဆရာပါလားဆိုတဲ့ အသိရယ်၊ ပြီးတော့... သူ့ဆီက လက်မှတ်ရေးထိုးမှုကို ပိုင်ဆိုင်ရမှာပါကလား





ဆိုတဲ့ ခံစားမှုရယ် ရှိလာတဲ့ ကျွန်မလောက် ခေါင်းကိုက်နေတာတောင် မပြေပျောက်ဘဲ ရှိမှါမလား"

"အင်း... အမိပြောပြလို့ ကိုယ့်ကိုယ်ကို ဘဝင်မြင့်စရာကောင်းတဲ့လူ ဖြစ်မှန်းမသိ ဖြစ်သွားပြီ"

ဆိုဖီလောရင့်စ်၏ လက်သူကြွယ်တွင် လက်စွပ်ဆင်မြန်းထားမှု မရှိ။ သူမသည် အလုစာရင်းဝင်တစ်ဦး မဟုတ်သော်လည်း ခေတ်ဆန်သူတစ်ယောက်တော့ ဖြစ်ခဲ့သည်။ ဒီကနေ့ကာလအဆိုကျော်မလေးတွေပုံစံ၊ နေ့လယ်ဆင်ယင်မှု အဝတ်အစားအောက်တွင် ပြေပြစ်ကျစ်လျစ်သော ဖွံ့ဖြိုးမှုများရှိခဲ့သည်။ နှုတ်ခမ်းလွှာသည် အနည်းငယ် ပြန့်ကားရှည်မျောမှုရှိသလို ထင်ရသည်။ အမူအရာဝင့်ကြည့်ပုံ၊ ကိုယ်လက်လှုပ်ရှားပုံတို့သည် ဆန့်ကျင်ဘက် ယောကျ်ားတွေအပေါ် တစ်နည်းနည်းနှင့် ပြုစားနိုင်ခဲ့သည်။

လန်ဒန်တွင် တစ်ယောက်ထီးထည်း နေထိုင်ရ၍ တစ်ခါတစ်ခါ အလွန်ပျင်းရိစရာကောင်းကြောင်း ခံစားချက်ကို ရင်ဖွင့်လာပါသည်။

"ကျွန်မဟာ လူတစ်ဖက်သားဆီ ကိုယ့်ဘက်က မိတ်ဆက်စာရေးဖို့ ကြောက်ခဲ့တဲ့သူရယ်ပါ။ ဒါပေမဲ့... ကိုယ်စွဲလမ်းနေတဲ့စာရေးဆရာကိုကျတော့ ကိုယ့်ဘက်က ရင်းနှီးလွန်းချင်တာနဲ့ အဲဒီအစွဲကိုဆန့်ကျင်ပြီး ဖွတ်ရေးလိုက်မိသလား မပြောတတ်ဘူး"

ဆိုဖီသည် ပြောပြောဆိုဆိုနှင့် သူ့ပခုံးပေါ် လက်ကိုတင်လိုင်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ဟာ ကျွန်မအဖို့ သူရဲကောင်းတစ်ဦး ဖြစ်လာပါပြီ"

"ကိုယ်တော့ ဘဝင်မြင့်ပြီးရင်း မြင့်ချင်လာပြီ။ ပြီးတော့... တုန်လှုပ်ချင်သလိုပဲ"

"ရှင့်ဘဝမှာ အတွေ့အကြုံတစ်ခုခု ရှိဖူးလား"

"တွေ့ကြုံတာတွေကတော့ အများကြီးပဲ။ အမိ ဘာကိုဆိုလိုချင်တာလဲ"

"ဟုတ်မှာပါ... ရှင့်မှာ အတွေ့အကြုံတွေ များခဲ့မှာပါ။ ဒါကြောင့် ရှင့်ဝတ္ထုတွေဖတ်ရတာ တကယ်ရင်ခုန်စရာ ကောင်းခဲ့တယ်။ ကိုယ်တိုင် တွေ့ကြုံခံစားရသလိုပဲ ရှင်ရေးဖွဲ့ပြတတ်တယ်"

"ကိုယ်ဟာ ချစ်အတွေ့အကြုံတော့ သိပ်နည်းခဲ့ပါတယ် အမိ။ ကိုယ့်ဘဝမှာ သိက္ခာကိုပဲ ရှေ့တန်းတင်ပြီး နေခဲ့လို့လည်း ဖြစ်လိမ့်မယ်"

"ကျွန်မဘဝမှာတော့ သာမန်ခင်မင်ရာက ချစ်ခွင့်တောင်းလာခဲ့တဲ့ လူတစ်ဦးကို ဆုံဖူးပါတယ်။ ကျွန်မဘက်ကတော့ သူ့ကို ရိုးရိုးတန်းတန်းနဲ့ပဲ ခင်မင်လို့ရခဲ့တာပါ။ သူဘက်က လက်ထပ်ခွင့်တောင်းလာတဲ့အထိ တစ်ဆင့်တက်ခဲ့ပါတယ်။ တကယ်တော့... ဘင်း(န်)ထရီဆိုတဲ့လူဟာ သိပ်သနားစရာကောင်းခဲ့ပါတယ်။ ကျွန်မကို မရနိုင်တဲ့အဆုံး..."

"ဘယ်လို ဘင်း(န်)ထရီတဲ့ ဟုတ်လား"

"ဩော်... ဘင်း(န်)ထရီကို ရှင် သိနေတယ်တဲ့လား"

"မဟုတ်ပါဘူး။ တစ်ခါ ဆုံဖူးလိုက်တာရယ်ပါ"





"အခုတော့ သူ့ခမျာ ဆုံးသွားပါပြီရှင်ရယ်။ သူဆုံးသွားရတဲ့ လျှို့ဝှက်ချက်အကြောင်းမှာ ကျွန်မကြောင့်ပဲ အများဆုံး ဖြစ်ပါလိမ့်မယ်"

ချာဆေသည် ဘင်း(န်)ထရီအား လူတစ်ယောက် ဝင်ရောက်သတ်ဖြတ်ခဲ့သည့်အကြောင်းကို မပြောမိအောင် စိတ်ကိုချုပ်တည်းလိုက်ရသည်။ ဆိုဖိလောရင့်စ်သည် ဘင်း(န်)ထရီအား လူတစ်ယောက် ဝင်ရောက်သတ်ခဲ့သည်ဟု ယူဆမည်မထင်။ သူ့ကိုယ်သူ အဆုံးစီရင်သွားသည်ဟု မှတ်ယူနေဟန်...။

"ကျွန်မဆီက စာတွေကို သူ့သားရေသေတ္တာဘူးလေးနဲ့ စနစ်တကျသိမ်းထားတယ်ဆိုတာ ကျွန်မ သိလိုက်ရပါတယ်။ အဲဒီဘူးဟာ သူ့ဆီမှာရှိနေတယ်ဆိုရင် တစ်နေရာရာမှာ သိမ်းထားမှာသေချာတယ်"

"ဩော်... သူ စကော့တလန်ယာဒ်ဌာနသို့ ပေးပို့ခဲ့သည့် ဘူးလေးထဲတွင် ဆိုဖိလောရင့်စ်၏စာများကို သိမ်းထားခြင်းပါလား"

"အမိ အဲဒီစာတွေကို ပြန်ရမယ်ဆိုရင် ယူမလား"

"အင်း...ပြန်ရရင်တော့ ယူချင်ပါတယ်။ ဘာလို့လဲဆိုတော့ သေသွားသူက သွားပြီပဲ။ ဒီစာတွေရှိနေလို့ ဘာထူးတော့မှာလဲ။ မဟုတ်လား"

ချာဆေတစ်ယောက် စာပေနယ်ဘက်သို့ သိပ်မလှည့်ဖြစ်သည်ကို သူ့မိတ်ဆွေ အပေါင်းအသင်း ရောင်းရင်းတွေက အစဉ်းစားရခက်နေကြသည်။ ရင်း(န်)ဝုကတော့ ဘာကြောင့်မလှည့်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မှန်း သိသူပါပင်။ သူ့ကိုသွားမေးလျှင် "ကောင်မလေးတစ်ယောက်နှင့် အကြည်ဆိုက်နေသည်မို့ စာမရေးနိုင်ခြင်းဖြစ်ကြောင်း" အဖြေပေးလိုက်စမြဲ။

ဆိုဖီ၏မောင်ဖြစ်သူ ဗီးလစ်အား ထောက်လှမ်းရေးဘက်မှ ဘင်း(န်)ထရီအား သတ်မှုနှင့်ပတ်သက်၍ ဖမ်းလိုက်ကြပြီဟု သတင်းကို သူရသည်။

သူသည် ထိုသတင်းကို ဆိုဖီအား သွားပေးနိုင်ဖို့အတွက် သူ့ရုပ်ကို စုပါဂလူးများနှင့် မုတ်ဆိတ်၊ နှုတ်ခမ်းမွေးအတုများ တပ်သည်။ ဦးထုပ်အကျီ အနွမ်းအဖတ်၊ အစုတ်များ ဆင်ယင်လျက် မှောင် သောလမ်းမပင် စမ်းတဝါးဝါးနှင့် ထွက်ခဲ့သည်။

ဆိုဖီလောရင့်စ်၏ မဟတဟာရှိနေသော တံခါးကို အသာတွန်းဖွင့်၍ ဝင်လာခဲ့သည်။ ထောက်လှမ်းရေးဘက်မှ သူ့ကိုပါ စောင့်ကြည့်နေပြီကို ရှာဆေသိနေသည်။ သို့မို့ကြောင့် ညအချိန်ကို ရွေးချယ်ပြီး အမှောင်အောက်မှ သည်နယ် ဖြတ်သန်းလာခဲ့ရခြင်း ဖြစ်ပါ၏။

ဆိုဖီသည် ရုတ်တရက်မြင်လိုက်တော့ သူ့ကိုမမှတ်မိ။ နောက်မှမှတ်မိသွားဟန်ဖြင့် ရယ်သည်။

"ကြံကြံဖန်ဖန် ရှာဆေရယ်...ရုပ်ဖျက်လာရတယ်လို့"

"အမိရဲ့မောင် ဗီးလစ်တို့တော့ ထောက်လှမ်းရေးဘက်က ဆွဲသွားကြပြီ အမိရဲ့။ ကိုယ်နဲ့ အဆက်အသွယ်ရှိတဲ့ ဗြိတိသျှ ထောက်လှမ်းရေးဌာနချုပ်က ဆာရ်ဟာကာဘဲလာမီဆိုတဲ့ ပုဂ္ဂိုလ် ပြောပြလို့ သိရတာလေ။ ဗီးလစ်ဟာ မိန်းမတစ်ယောက်ကို တွဲနေ





တယ်တဲ့။ မကြာခင် ဗီးလစ်ကနေတစ်ဆင့် အမိကိုထောက်လှမ်းရေးဘက်က ခြေရာခံ လိုက်ချင်လိုက်လာနိုင်တယ်"

"ကျွန်မရဲ့အနာဂတ်မှာ ဘာကိုမှ ပူစရာမလိုတော့ဘူး။ ဒီအချိန်မှာ ကျွန်မသိတာ တစ်ခုပဲရှိတယ်"

"ဘာကိုလဲ"

"ရှင့်ကို ကျွန်မ ချစ်မိနေပြီဆိုတာပါပဲ။ ဒါလင်ရယ်၊ ကျွန်မရဲ့ အချစ်စစ်အချစ်မှန်ဟာ ရှင်ပဲဖြစ်နိုင်မယ်။ ကျွန်မရဲ့ ခံစားချက်မှန်သမျှကို သိမ်းကျုံးဆွဲဆောင် ယူနိုင်ခဲ့သူဟာ ဒါလင်ရယ်ပါပဲ"

ထို့နောက် ဆိုဖီလောရင့်စ်က ဆက်၍...

"တကယ်တော့ ဗီးလစ် ကျွန်မကြောင့် အဖမ်းခံလိုက်ရတာပါပဲ။ သူဟာ အဲဒီအကြောင်းကိုသိရင် သစ္စာဖောက်မဆိုပြီး ဆဲဆိုကျိန်ဆဲတော့မှာ သေချာတယ်။ သူလည်း ကျွန်မကို ပြန်တုံ့ပြန်မှု တစ်ခုခု ပြုမှာမလွဲဘူး"

"သူက မင်း ဒီနေရာမှာရှိတာကို ဖွင့်ပြောပါ့မလား"

"သူ မပြောလည်း သူ့ကိုယ်ပေါ်က စာရွက်စာတမ်းတွေကို သက်ဆိုင်ရာက ရှာဖွေကြည့်ပြီး ကျွန်မကို ခြေရာခံလာမိမှာ မလွဲဘူး။ ကျွန်မဟာ ဒီနေရာကလွတ်မြောက်ဖို့ မကြံချင်တော့ပါဘူး။ ဆာရ်ဟာကာဘဲလာမီပဲ လာလာ၊ ထောက်လှမ်းရေးဘက်က ရှင့်မိတ်ဆွေတွေပဲ လာလာ၊ ကျွန်မ အသေခံဖို့ အဆင်သင့်ပါပဲရှင်"

သည်စဉ်မှာပင် တံခါးခေါက်သံသဲ့သဲ့ ပေါ်ထွက်လာခဲ့သည်။

ခေါက်... ခေါက်... ခေါက်



www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်တွေ ပျာယာခတ်အောင် လှုပ်ရှားသွားသည်။

"အမြန်... အမြန်ပြေး။ ဒီမှာလျှို့ဝှက်ပြီး ပုန်းရှောင်လို့ရမယ့်နေရာ ရှိမလား... အမြန်လုပ်"

"နေပါစေ... သူတို့တစ်တွေ ဖမ်းကြပါစေ၊ ကျွန်မ ဒါလင့်ကို မခွဲနိုင်ဘူး"

သည်စဥ် "တံခါးဖွင့်ပေးပါ' ဆိုသောအသံက အပြင်မှနေ၍ စူးဝါးစွာပေါ်လာ၏။

"ကိုယ် မင်းကိုချစ်ပါတယ်" ဟု သူက ညာ၍နှစ်သိမ့်လိုက်သည်၊ "ကိုယ်တို့တစ်တွေ ပဲရစ်မြို့မှာ ဆုံကြတာပေါ့"

"ရှင်... ကျိန်ရဲလား"

"ကိုယ်... ကျိန်ပါတယ်"

ထိုသောအခါမှပင် ဆိုဖီလောရင့်စ်သည် စားပွဲခုံအောက်ဘက်ရှိ ခလုတ်တစ်ခုကို သွားနှိပ်သည်၊ တံခါးတစ်ခု ဖြစ်ပေါ်ခဲ့သည်အထိ လျှောပွင့်သွားသည်။

"ချာဆေးရယ်" ဟု သူ့ကို မေးကလေးမော့ပေးရင်း ဆိုလာသည်။

"မင်း... မြန်မြန်သွား"

ဆိုဖီလောရင့်စ်သည် ကုတ်အင်္ကျီကော၊ ဦးထုပ်များပါ သူ့ကိုယ်ပေါ်က ချွတ်ပေးပြီးမှပင် အထဲသို့ဝင်ရောက်သွားရှာ၏။

သည်စဥ်ဖြစ်သည်။

တံခါးကို လူအုပ်နှင့်တိုက်၍ ဖွင့်သကဲ့သို့ ဝုန်းခနဲပြည်ပြီး





ဖွင့်ထွက်ခဲ့သည်၊ အုပ်စုကြီးကို ရှေ့ဆောင်၍ဝင်လာခဲ့သူမှာ ပိန်ပိန်ဝါးပါးနှင့် မဖိုးမခန့်အပြုံးပိုင်ရှင် ဆာရ်ဟာကာဘဲလာမီ ဆိုသူပဲဖြစ်နေသည်။

"ဒီလူ့ကို ဖမ်း"

"ထိုအမိန့်ပေးသံကြောင့် ချာဆေသည် အမြန်အဆန်ပင်မျက်နှာပေါ်က မှတ်ဆိတ်အတု၊ နှုတ်ခမ်းမွေးအတုတွေကို ဖြုတ်ပြလိုက်မိသည်။

"ဩော်... စာရေးဆရာကြီး ဂီးလ်သတ်ချာဆေပါလား။ မောင်ရင်က ဒီနေရာမှာ ဘာတွေလာလုပ်နေတာလဲ"

"ရည်လျားတဲ့အကြောင်းအရာကို အတိုချုံးပြောရရင်တော့ဘင်း(န်)ထရီရဲ့လူသတ်မှုကနေ အစပျိုးလာတဲ့ဓာတ်လမ်းတွေကို ကျွန်တော် စိတ်ဝင်စားတယ်။ အဲဒါကို တိတိပပ သိဖို့အတွက် ကျွန်တော် ကြိုးပမ်းချင်တယ်၊ ဒါကြောင့်လည်း သဲလွန်စတွေ ခြေရာ ကောက်ရင်း ဒီကိုရောက်လာရတဲ့ သဘောပဲ"

"အေး... တို့ရောက်လာရတဲ့ အကြောင်းကတော့ တို့ဖမ်းမိထားတဲ့ဖီးလစ်ဟာ ဒီအခန်းမှာ လျှို့ဝှက်ပြီးနေထိုင်ခဲ့တယ်၊ သူ့အစ်မမ်းကွဲနဲ့တွဲပြီး သူလျှိုလုပ်ငန်းတွေကို ပူးပေါင်းလုပ်နေတယ်ဆိုတာ ပိုင်ပိုင်နိုင်နိုင် သိခဲ့ရလို့ပဲ ဆိုပါတော့၊ ဆိုဖီဟာ ဦးဆောင်သူတစ်ယောက်ဖြစ်ပြီး ဖီးလစ်ကတော့ နာခံနေသူ ဆိုပါတော့လေ။ ထဲ... ဒီအမျိုးသမီး ဘယ်မှာလဲ"

"ကျွန်တော် ဘယ်သိပါ့မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းဟာ သိကိုသိရမယ်။ တစ်လနီးပါး အဲဒီအမျိုးသမီးနဲ့ သွားသွားလာလာ ရှိနေတဲ့သတင်း တို့ရထားပြီးပါပြီ။ ဒီမှာ ချာဆေ... မင်း ကောင်းကောင်းမွန်မွန် ပြောစမ်းပါ။ ဒါမှမဟုတ် မင်းကိုပါ အဆိပ်သင့်သွားလိမ့်မယ်၊ သူ ဒီအထဲမှာ ပုန်းကိုပုန်းနေရမယ်။ ဒီအထဲမှာ လျှို့ဝှက်အခန်းတစ်ခု ရှိနေတာလည်း တို့သတင်းရထားပြီးပြီ၊ သူဟာ တို့လက်ထဲက မလွတ်မြောက်ပါဘူး"

"ခင်ဗျားတို့ သတင်းရထားရင်လည်း ကိုယ့်ဘာသာကိုယ် ရှာကြပါလား"

"ဆိုဖီလောရင့်စ်ဟာ မင်းလို ရိုးသားတဲ့လူတစ်ယောက်ကို တောင်မှ မိုက်လုံးကြီးအောင် ဖြားယောင်းထားပြီးမှကိုး။ ကဲ...မင်း နံရံကနေ ဖယ်လိုက်စမ်း။ နံရံမှာ ကွဲဟကြောင်းကြီး ပေါ်နေတာကို တို့မြင်ရတယ်၊ ဒီအောက်နားက တစ်နေရာမှာ ခလုတ်ရှိကိုရှိရမယ်။ အေး...မင်းဖယ်မပေးရင်တော့ မင်းကိုပါ သတ်ပစ်ရလိမ့်မယ်"

သည့်စဉ်မှာပဲ အတွင်းမှဆိုဖီလောရင့်စ်၏အသံက...

"နှုတ်ဆက်ခဲ့ပါတယ် ဒါလင်ရေ..."

နှုတ်ဆက်သံအဆုံးမှာ သေနတ်ယမ်းအား ပေါက်ကွဲသံ ကြားလာခဲ့ရပါတော့သည်။ ∎

*(REF: MY BEST SPY STORY)*

* * *



နေစိုးသော်

# မှောင်ထဲက ကြောင်များ

**John Tully**

**Cats in the Dark**



www.burmeseclassic.com

www.burmeseclassic.com



ဘီလ်အိုဂျီဟာ သူရဲ့တစ်နေ့တာ အလုပ်တွေပြီးတဲ့နောက် အိမ်ကို ပြန်လာခဲ့တယ်။ အိမ်ရောက်တော့ တယ်လီဖုန်းကို ကောက်ဆိုင်လိုက်တယ်။

"အချစ်ကလေး အန်းရေ…ကိုယ်နဲ့ ညစာလာစားမလား"

အန်းက…

"ဆောရီးပဲ ဘီလ်ရေ…ဒီည ကျွန်မ မအားဘူး။ မနက်ဖြန်တော့ ဖြစ်နိုင်ပါတယ်" လို့ ပြန်ပြောသည်။

ဘီလ် စိတ်ပျက်သွားတယ်။ ဖုန်းကိုချပြီး တစ်ယောက်တည်းပဲ ညစာစားဖို့ထွက်လာခဲ့တယ်။ "ငှက်ပြာကဖီး" ကိုပေါ့။ ည ၈ နာရီရှိနေပြီ။ မှောင်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ညစာစားနေတုန်း ၈ နာရီခွဲလောက်မှာ မိန်းကလေးတစ်ဦး ကဖီးဆိုင်ထဲ ဝင်လာတယ်၊ ခပ်ငယ်ငယ်၊ ခပ်ချောချောလေးပါပဲ။ ဆံပင်တိုတိုနဲ့၊ ညနေခင်းဝတ်စုံနဲ့။ သူမဟာ ဆိုင်ထဲမှာထိုင်ရမယ့် စားပွဲကို ရှာတဲ့သဘောနဲ့ ဆိုင်ထဲကို မျက်လုံးဝေ့ပြီးကြည့်နေတယ်။ ပြီး...ဘီလ်ရှိတဲ့ စားပွဲဆီကို လျှောက်လာတယ်။

"ကျွန်မ...ဒီမှာထိုင်လို့ ရမလားရှင်"

သူမက... ဘီလ်ကိုကြည့်ပြီး ချိုချိုမြမြကလေး ပြောတယ်။ အသံသာမကဘူး...မျက်ဝန်းကလေးတွေပါ ချိုမြနေတယ်။

"ရပါတယ်... ထိုင်ပါ"

သူမက ဝင်ထိုင်ရင်း...

"ကျွန်မနာမည်က ဆီလ်ဗီယာပါ"

"သိရတာ ဝမ်းသာဝါတယ်၊ ကျွန်တော်က ဘီလ်ပါ"

ဒီလိုနဲ့ ဘီလ်နဲ့ဆီလ်ဗီယာတို့ ညစာစားရင်း စကားတွေ ပြောဖြစ်ကြတယ်။ မိတ်ဖြစ်ဆွေဖြစ် တွေရာလေးပါးပါပဲ။ ညနေခင်း အကြောင်းတွေ၊ သီချင်းအကြောင်းတွေ...။

ဘီလ်က သူ့လက်ကနာရီကို ပင့်ကြည့်လိုက်တော့ ဆယ် နာရီတောင် ရှိနေပြီ။

"မင်းကို တစ်ခုခု တိုက်ခွင့်ပြုပါလား"

ဘီလ်က လူမှုရေးအရ ပြောလိုက်တော့...

"ကျွန်မအိမ်မှာ သောက်စရာတွေရှိပါတယ်၊ မိတ်ဖြစ်ဆွေဖြစ်





ျွန်မအိမ်ကို လိုက်လည်ပါလား။ အဲဒီမှာ တစ်ခုခု သောက်ကြ ာပေါ့"

ဆီလ်ဗီယာက ပြန်ပြောတယ်။

ဒီလိုနဲ့ ဘီလ်ဟာ ဆီလ်ဗီယာနဲ့လိုက်ဝါသွားပြီး သူမရဲ့ ခန်းကိုရောက်သွားတယ်၊ သူမက အိမ်တစ်အိမ်ရဲ့ ဆဲပေါ်ဆုံး ပ်မှာ နေတာဖြစ်တယ်၊ သူမက အခန်းတံခါးကို ဖွင့်လိုက်ရင်း...

"ရှင် ဧည့်ခန်းမှာထိုင်နေပါ၊ ကျွန်မ သောက်စရာတစ်ခုခု င်လာခဲ့မယ်" လို့ လှည့်ပြောတယ်။

ပြီးတော့... ဆီလ်ဗီယာဟာ မီးဖိုဘက် ဝင်သွားတယ်။ ီလ်က ဧည့်ခန်းတံခါးကို တွန်းဖွင့်လိုက်တယ်။ အခန်းက ည်းမှောင်နေတယ်၊ မီးဖွင့်မထားဘူး။ သူ...ရုတ်တရက်တန့်ရပ် ်တယ်။ သူ့ခြေထောက်က တစ်ခုခုကို ထိမိသလိုပဲ၊ ဘာပါလိမ့်။ ောင်ကလည်း အရမ်းမှောင်နေတော့ ဘာမှမမြင်ရဘူး။ သူက လုတ်ကိုစမ်းပြီး ဖွင့်လိုက်တယ်။

အိုး...ကြမ်းပြင်ပေါ်မှာ လူတစ်ယောက်လဲလို့ပါလား။ အရပ် ည်ရှည်၊ ဗလကောင်းကောင်းနဲ့၊ ခြေကားရား၊ လက်ကားရားနဲ့ ာထ်လျက်ကြီး။

"ဆီလ်ဗီယာ...ဒီကို လာပါဦး မြန်မြန်"

ဘီလ်က လှမ်းခေါ်လိုက်တော့ ဆီလ်ဗီယာ ပျာပျာထိတ်ထိတ် ရောက်လာတယ်၊ ကြမ်းပြင်ပေါ်မှာလဲနေတဲ့လူကို ကြည့်လိုက်ပြီး လန့်တကြားနဲ့...



www.burmeseclassic.com

www.burmeseclassic.com



"အို… ဘုရားရေ၊ ဂျင်… ဂျင်ပါလား… လုပ်ပါဦး"

လို့ အော်လိုက်တယ်။ ဘီလ်က ခေါင်းယမ်းပြီး…

"ကျွန်တော်တို့ နောက်ကျသွားပြီ။ သူ အသက်မရှိတော့ဘူး"

"အို… မဟုတ်ဘူး…. မဟုတ်ဘူး"

မူးမိုက်သလိုဖြစ်သွားတဲ့ ဆီလ်ဗီယာကို ဘီလ်က ကုလားထိုင်တစ်လုံးဆီကို ဖေးမခေါ်လာပြီး ထိုင်ခိုင်းလိုက်တယ်။

"အဲဒီလူက ဘယ်သူလဲ"

"ကျွန်မအစ်ကိုပါ… ဂျင်ရိုက်လို့ ခေါ်ပါတယ်"

"တစ်ယောက်ယောက်က သေနတ်နဲ့ပစ်သွားတာပဲ။ ခေါင်းမှာ ဒဏ်ရာနဲ့…"

ဘီလ်က… တယ်လီဖုန်းရှိရာကို လျှောက်သွားပြီး ရဲစခန်းကို ဖုန်းဆက်လိုက်တယ်။ တစ်ဆက်တည်းမှာပဲ အိုင်ပီ ဟော့လ်တ်ဆီကိုလည်း ဖုန်းနဲ့ အကြောင်းကြားလိုက်တယ်။ ပြီးတော့ ဆီလ်ဗီယာ ထိုင်နေရာကို ပြန်လာတယ်။

"မင်းအစ်ကိုကို ဘယ်သူသတ်တာဖြစ်မလဲ…။ မင်း သိလား"

"ကျွန်မ မသိဘူး"

"မင်း… ဒီက အပြင်မထွက်ခင်မှာ သူက ဒီမှာရှိနေတာလား"

"မဟုတ်ဘူး။ သူက ကျွန်မဆီကို တစ်ခါတစ်ခါမှ တွေ့ဖို့ အောင် လာတာ…"

"သူ့မှာ ဒီအခန်းထဲဝင်ဖို့ သော့ရှိလား"

"ရှိတယ်"





"မင်း အပြင်မထွက်ခင်က ဒီမှာ တခြားဘယ်သူရှိသေးလဲ"

"ဘယ်သူမှ မရှိဘူး"

"သူ့နဲ့ ရန်စရှိသူ ဘယ်သူရှိသလဲ"

"ကျွန်မ မသိဘူး။ ကျွန်မ… ကျွန်မ ဘာမှမစဉ်းစားတတ်တော့ဘူး။ ကျေးဇူးပြုပြီး ကျွန်မ ဘာမှမပြောပါရစေနဲ့တော့"

မကြာခင် ရဲများရောက်လာတယ်။ ရဲအရာရှိ ဟော့လ်တ်လည်း ပါလာတယ်။

"ကဲ… အဖြစ်အပျက်ကို ပြောပြစမ်းပါဦး"

ဟော့လ်တ်က မေးလိုက်တယ်။ ဘီလ်က အကြောင်းစုံပြန်ရှင်းပြတာကို နားထောင်ပြီးတဲ့နောက် နာရီကို ဟော့လ်တ်က ကြည့်လိုက်တယ်။

"ခင်ဗျားမှာ လုပ်စရာအလုပ်တွေ အများကြီးရှိသေးတယ်။ အိမ်ပြန်ပြီး နားလိုက်ပါ။ ကျွန်တော် ဆက်ပြီးလုပ်လိုက်ပါ့မယ်"

ဘီလ်ပြန်သွားပြီးတဲ့နောက် ဟော့လ်တ်ဟာ အလောင်းကို စိတ်တိုင်းကျ စစ်ဆေးကြည့်ရှုလိုက်တယ်။ ဆီလ်ဗီယာ၏ အခန်းကိုလည်း လှည့်ပတ်ကြည့်ရှုတယ်။ ဒါပေမဲ့ အထောက်အထား ဘာမျှ ထူးထူးခြားခြားမရ။ ဆီလ်ဗီယာအား သူမရဲ့အစ်ကို အကြောင်းကို မေးလိုက်တဲ့အခါ…။

"သူ့အသက်… နှစ်ဆယ့်နှစ်နှစ် ရှိပြီး ကျောင်းသားတစ်ယောက်ပါ။ ဖေဖေ၊ မေမေတို့နဲ့အတူ ယော့ခ်စလေးမှာနေပါတယ်။ အဲဒီရွာက ဒီကနေ ကီလိုမီတာ သုံးဆယ်လောက် ဝေးပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးခဲ့တဲ့အဝတ်တုန်းက တစ်ခါ၊ ကျွန်မဆီ လာပါသေးတယ်။ အဲဒီတုန်းက သူ သိပ်ပျော်နေပါတယ်။ ငါ့မှာ ချစ်သူရှိနေပြီ။ ငါ သူ့ကို သိပ်ချစ်တယ်လို့ ပြောပါတယ်"

ဟောလ်တ်က မေးခွန်းတွေ ထပ်မေးပြန်တယ်။ ဒါပေမဲ့ ဆီလ်ဗီယာက "ကျွန်မ ဒီထက်ပိုပြီး မပြောတတ်တော့ဘူး။ ကျွန်မ နားပါရစေတော့ရှင်။ ကျွန်မ ဒီမှာလည်း ဒီည မအိပ်ချင်တော့ပါဘူး" လို့ ပြောတယ်။

"ဒါဖြင့်... မင်း ဘယ်သွားမှာလဲ"

"ဟော့စလေကို သွားမယ်။ မေမေနဲ့ မေမေ့ဆီကို..."

"ကောင်းပြီ...။ မင်း သွားနိုင်ပါပြီ"

အဲဒီအချိန်မှာ အခန်းတံခါးဝမှာ မိန်းမကြီးတစ်ယောက်ပေါ်လာတယ်။

"ရဲတွေ ရောက်နေပါလား၊ ဘာများဖြစ်လို့ပါလဲ"

ဟောလ်တ်က အဲဒီမိန်းမကြီးဆီကိုသွားပြီး စကားပြော တယ်။ သူမနာမည်က မစ္စက်ဖော်လာတဲ့။ သူမဟာလည်းပဲ အပေါ်ထပ် အခန်းတွေထဲက တစ်ခန်းမှာနေပါတယ်။

"ခင်ဗျား...မစ္စရိုက်ရဲ့အစ်ကိုကို သိလား"

"သူ...မစ္စရိုက်ကို လာလာတွေ့တတ်ပါတယ်၊ ကျွန်မ သူ့ကို တွေ့ဖူးပါတယ်"

"ဒီည... သူ ခင်ဗျားအခန်းကို ဖြတ်လာတာပဲ၊ ဘယ်အချိန်လောက်ဖြစ်မလဲ"





"ဒီညလား။ အင်း...ကျွန်မ မသိဘူး။ ကျွန်မက အခန်းထဲမှာပဲ တစ်ညနေလုံး နေနေတာ"

"ဒီညမှာ မစ္စရိုက်ရဲ့အခန်းကို လူနှစ်ယောက်လာတယ်၊ အဲဒီ နှစ်ယောက်တည်းက တစ်ယောက်က သူ့အစ်ကိုပဲ၊ ခင်ဗျား အခန်းဘေးကဖြတ်သွားရင် ခင်ဗျားကြားနိုင်သလား"

"တစ်ခါတစ်ရံတော့ ကြားပါတယ်။ ဒါပေမဲ့... ကျွန်မက တယ်လီဗီးရှင်းကို ဖွင့်ထားတာ၊ တိတိကျကျ၊ သေသေချာချာတော့ ဘယ်ကြားနိုင်မလဲ၊ ဆောရီးပဲ၊ ကျွန်မ ရှင့်ကို ဒီထက်ပိုပြီး အကူအညီ မပေးနိုင်တာ စိတ်မရှိပါနဲ့"

"ဒါပေမဲ့... ခင်ဗျားကြားနိုင်တာတွေ ရှိမှာပါ။ ဥပမာ... သေနတ်သံ"

"သေနတ်သံ ဟုတ်လား"

"ဟုတ်ပါတယ်၊ ဒီညဦးမှာ မစ္စရိုက်ရဲ့အခန်းထဲမှာ သေနတ်ပစ်မှုတစ်ခု ဖြစ်သွားခဲ့တယ်"

"အင်း...ရှင် ပြောသလိုဆို ဟုတ်လိမ့်မယ်၊ သေနတ်သံ... အင်း... ၉း၄၅ လောက်က ဖြစ်လိမ့်မယ်၊ ကျွန်မ အိပ်ခန်းထဲမှာ ရှိနေတယ်၊ တယ်လီဗီးရှင်းကတော့ ဧည့်ခန်းထဲမှာပါ၊ သေနတ်သံ ဒိုင်းခနဲကြားလိုက်ရတယ်၊ ဒါပေမဲ့ရှင်... တယ်လီဗီးရှင်းထဲကလည်း သေနတ်သံက ဖြစ်နိုင်တာပဲ"

"၉း၄၅ လောက်က ဟုတ်လား၊ ကျေးဇူးပဲ မစ္စက်ဖော်လာ"

* * *



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့နံနက်မှာ ဘီလ်ဟာ ရဲဌာနကို ရောက်လာတယ်။ သူ့အခန်းကို ဝင်လာတဲ့အခါ ရဲသားကလေးပီတာကို တွေ့ရတယ်။

"မင်္ဂလာပါ ပီတာရယ်၊ ဘဏ်စားပြမှုနဲ့ပတ်သက်တဲ့ ငါ့ရဲ့ အစီရင်ခံစာ ဘယ်မှာလဲ"

"ဒီမှာပါ… "

"ကျေးဇူးပါပဲကွာ၊ ငါလည်း ဓားပြတွေနောက် လိုက်တုန်းပဲ၊ ငါ့အတွက် ဓာတ်ပုံတွေ ဒိုင်းရှာပေးပါဦး၊ အလိုရှိသည်ဆိုတဲ့ လူတွေရဲ့ ပုံတွေလေ"

"ကောင်းပါပြီ"

ပီတာ အခန်းအပြင်ထွက်သွားချိန်မှာ ဘီလ်က ကုလားထိုင်မှာထိုင်ပြီး ဘဏ်စားပြမှု အစီရင်ခံစာကို ပြန်ဖတ်တယ်။

ဇွန် ၃ ရက်၊ နေ့လယ် ၂ နာရီ၊ ကားအစိမ်းရောင် ဝိုင်အယ်လ်ဒဗလျူ ၂၄၅ အက်(စ်)၊ အမျိုးသားဘဏ်အေးမှာရှိတဲ့ ဂျူ(စ်)လမ်းထဲမှာ ရပ်၊ ကားထဲမှာ လူနှစ်ယောက်ပါလာ၊

၂း၃၀၊ အဲဒီလူနှစ်ယောက်စလုံး ကားထဲမှာပဲ၊ ဘဏ်ထဲက လူတစ်ယောက်က ရဲစခန်းသို့ ဖုန်းဆက်၊

၂း၃၅၊ ကျွန်တော်က ဂျူ(စ်)လမ်းထဲကို ရဲကားနဲ့ရောက်လာ၊ ရေဒီယိုကနေ "အမျိုးသားဘဏ်ကိုသွား၊ လူနှစ်ယောက် ကား တစ်စီးထဲမှာရှိ၊ သူတို့ ဘာလုပ်နေသလဲ… ကြည့်" တဲ့၊

၂း၃၆၊ တီအမ်ဂျီ ၅၀၆ တီ ကားအဖြူကလေး ဘဏ်ဆီကို





ရောက်လာ၊ ကားအစိမ်းအေးမှာရပ်၊ ကားဖြူထဲမှာ မစ္စတာဟာရိုး တေလာ ပါလာ၊ သူဟာ အပတ်စဉ်ဘဏ်ကို ငွေလာသွင်းနေကျ၊ အမြဲတမ်း ငွေကများ၊

ကားစိမ်းထဲက လူနှစ်ယောက်ဆင်းလာ၊ တစ်ယောက်က ရှည်ရှည်၊ တစ်ယောက်က ပုပု၊ ခေါင်းပေါ်မှာ အဝတ်တွေဆောင်း ထား၊ သူတို့က မစ္စတာတေလာကို သေနတ်နဲ့ချိန်ပြီး ငွေတောင်း၊

၂း၃၇၊ ကျွန်တော့်ကား လမ်းထဲမှဆင်းလာ၊ လူနှစ် ယောက်က ငွေတွေယူပြီး သူတို့ကားဆီပြန်လာ၊ ကျွန်တော်က သူတို့ ရှေ့မှာ ကားပိတ်ရပ်၊ "ပြေးဟေ့" အရပ်ရှည်ရှည်ငနဲကပြော၊ ပုပု ဓားပြက လမ်းထိပ်ကိုထွက်ပြေး၊ အရပ်ရှည်ရှည်လူက လမ်းကို ဖြတ်ပြေး၊ သူ့ထံမှာ ငွေတွေကပါသွား၊ ကျွန်တော်က သူ့နောက် လိုက်၊ သူနဲ့ကျွန်တော် တစ်ခဏတိုက်နိုက်ကြ၊ သူ့မျက်နှာပေါ်က အဝတ်လျှောကျပြီး သူ့မျက်နှာပေါ်လာ၊ သူက ခြေနဲ့ကန်လို့ ကျွန်တော်လဲကျ၊ ကျွန်တော်ပြန်ထနေဆဲ သူထွက်ပြေး၊ ကျွန်တော် လိုက်ပေမယ့် သူ့ကို မျက်ခြည်ပြတ်သွားခဲ့၊

ဘီလ်ဟာ သူ့ရဲ့အစီရင်ခံစာကို ဖတ်နေရာကနေ နားပြီး မော့ကြည့်လိုက်တယ်၊ ရဲသားလေးပီတာဟာ ဓာတ်ပုံတွေနဲ့ အခန်း ထဲကို ပြန်ဝင်လာတယ်လေ၊ အဲဒီဓာတ်ပုံတွေက ရဲအဖွဲ့ကနေ အလို ရှိနေတဲ့ သူတွေရဲ့ ပုံတွေဖြစ်တယ်၊ တချို့က လူသစ်တွေ၊ တချို့ ကတော့ လူဟောင်းတွေပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



ဘီလ်ဟာ ဓာတ်ပုံတွေကို တစ်ခုချင်း သေသေချာ
ကြည့်တယ်။

"ဆရာ... ရှာနေတဲ့လူကို တွေ့လား"

ပီတာက မေးလိုက်တယ်။

ဘီလ်က ဓာတ်ပုံတစ်ပုံကို တွေ့တဲ့အခါ တန့်ရပ်သွား
စိုက်ကြည့်နေတယ်။ လူဟောင်းတစ်ယောက်ရဲ့ပုံပဲ ဖြစ်တယ်။

"ဟုတ်တယ်၊ ဒီလူပဲ၊ ဒီမျက်နှာပဲ၊ အဲဒါ ဘယ်သူ

ရဲ့သားလေးပီတာက ဓာတ်ပုံရဲ့ကျောဘက်ကို လှည့်ကြ
ပြီး...

"သူ့နာမည်က စတီဗ်အန်ဒါဆင်။ အသက် ၂၈ နှ
ထောင် ငါးနှစ်ကျဖူး။ တားပြမှုတဲ့ ဆရာ..."

"အင်း....ဒီကောင်တော့ အလားတူပြစ်မှုမျိုး ကျူးလွန်ပြန်

"သူက ပြီးခဲ့တဲ့ ဇန်နဝါရီကမှ လွတ်လာတာ၊ အာဂေး
လမ်း၊ နံပါတ် ၁၇ မှာ နေတယ်"

"ကျေးဇူးပဲ ပီတာရေ။ ဒါဆိုရင်တော့ ဒီကောင့်ကုပ်ကို
ဖမ်းဆွဲနိုင်တော့မှာပါ.."

ဘီလ်က ပြောပြောဆိုဆို ထိုင်ရာက ထလိုက်တယ်။

* * *

ရဲအရာရှိ ဟော့လ်တ်ဟာ သေဆုံးသွားသူ ဂျင်ရိုက်နေခဲ့တဲ့ ဟော့
ရွာကလေးကိုရောက်လာပြီး ဆီလ်ဗီယာရဲ့ဖခင်ကို တွေ့ဆုံတယ်

"ကျုပ်ဇနီးကတော့ အိပ်ရာထဲ လဲနေပြီ၊ သားဖြစ်သူ





အဖြစ်ဆိုးကြောင့် သူ သိပ်ခံစားနေရတယ်၊ ဆီလ်ဗီယာလည်း
ရှိတယ်၊ ကျုပ်တို့သား သေရတာ ဘာကြောင့်လဲဗျာ"

"ဦးအနေနဲ့ရော တွေးမိတာများရှိသလား"

ဟော့လ်တ်က မေးခွန်းထုတ်လိုက်တယ်။

"ဟင့်အင်း... ကျုပ် မတွေးတတ်ပါဘူး။ သူဟာ တကယ့်
လူကောင်းကလေးပါ။ သူ့မှာ ချစ်သူခင်သူ မိတ်ဆွေတွေပဲရှိပါတယ်။
ရန်သူမရှိပါဘူး၊ အားလုံးက သူ့ကို သိပ်ပြီးချစ်ခင်ကြတာပါပဲ"

ဟော့လ်တ်ဟာ ဂျင်ရိုက်ရဲ့ဖခင်နဲ့ တွေ့ဆုံပြီးတဲ့နောက်မှာ
ဂျင်ရိုက် အလုပ်လုပ်ခဲ့တဲ့ ကျောင်းကို သွားတယ်၊ ကျောင်းက
ခပ်သေးသေးပါပဲ။ ကျောင်းမှာရှိတဲ့ ဆရာ၊ ဆရာမတွေအားလုံး
ကလည်း ဂျင်ရိုက်ရဲ့ဖခင်ပြောသလို၊ တစ်လေသံတည်း ထွက်ကြ
တယ်။

"ဂျင်ရိုက်ဟာ [illegible]လွန်တော်တဲ့ ဆရာတစ်ယောက်ပါ၊
အလုပ်လည်း သိပ်ကြိုးစားတယ်၊ လူတွေကိုလည်း ကူညီတတ်
တယ်။ ဘယ်သူက သူ့ကို မလိုမုန်းထားပြီး သတ်မှာလဲ၊ ကျွန်မ
တို့တော့ မစဉ်းစားတတ်အောင်ပါဘဲ"

ဒါပေမဲ့... ဆရာတစ်ယောက်ဆီကနေ အချက်ကလေးတစ်ခု
တိုးပြီးသိလိုက်ရတယ်။

"ပြီးခဲ့တဲ့အပတ်ကတော့ ဂျင်ရိုက်ဟာ ရန်ဖြစ်ခဲ့တယ်ဗျ။
သူ့သူငယ်ချင်းတစ်ဦးဖြစ်တဲ့ ရှိုင်းသော်မဆင်နဲ့ပါ"

"အဲဒီအကြောင်းလေး သေသေချာချာ ပြောပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ စနေနေ့ကဗျ။ ဂျင်နဲ့ကျွန်တော် မြစ်ကမ်းဘေးမှာ လမ်းလျှောက်လာတယ်။ ရှိုင်သော်မဆင်ကို ကောင်မလေးတစ်ယောက်နဲ့ တွေ့လိုက်ရတယ်။ ကောင်မလေးနာမည်က ဂျင်းဟာဒ်လေတဲ့။ သူတို့ လက်ချင်းချိတ်ထားကြတယ်။ တကယ်က ဂျင်းဟာ ဂျင်ရိုက်ရဲ့ချစ်သူပါ။ ဂျင်ရိုက်ဟာ သူတို့ဆီကို ရောက်သွားတယ်။ ဂျင်းဟာဒ်လေက ကျွန်မတို့ လမ်းလျှောက်ထွက်လာတာပါ၊ ရှိုင်က ခေါ်လို့ပါလို့ ပြောတယ်။ ဂျင်ရိုက်က ငါနဲ့ပြန်လိုက်ခဲ့။ မင်း... မပါရင် ငါမသွားဘူးလို့ပြောတော့ ရှိုင်သော်မဆင်က သူက ကျွန်တော်နဲ့ လိုက်လာတာ၊ ခင်ဗျားကိုမှ အလိုမရှိတာ၊ ခင်ဗျားလမ်း၊ ခင်ဗျားသွားပါလို့ ဝင်ပြောတယ်၊ အဲဒီမှာ ဂျင်ရိုက်လည်း ဒေါသထွက်ပြီး ရှိုင်ခမျာ သနားစရာကောင်းလိုက်တာ၊ မြစ်ထဲကို ကိုးရိုးကားရား၊ ခေါက်ထိုးမိုးမျှော် ပြုတ်ကျသွားတယ်။ ဂျင်းက ရှိုင်ကို လိုက်ပြီး ဆယ်ယူရတယ်၊ ရှိုင့်တစ်ကိုယ်လုံး ရေတွေရွှဲနစ်လို့ပေါ့ဗျာ။ ဂျင်ရိုက်လည်း အဲဒီနေရာကနေ ချာခနဲ လှည့်ထွက်သွားတယ်။ ကျွန်တော်လည်း သူ့နောက်ကို အပြေးလိုက်သွားရတော့တာပဲ။

ဟော့လ်တ်ဟာ ရလာတဲ့ သဲလွန်စကို ခြေရာဆက်ပြီး ကောက်နိုင်ဖို့ ဂျင်းဟာဒ်လေရဲ့ အိမ်ကို ဆက်လိုက်တယ်။ အဆင်သင့်ပဲ အိမ်မှာ ဂျင်းဟာဒ်လေကို တွေ့ရတယ်။

"ကျွန်မ ဂျင့်အကြောင်း ဘာမှမပြောချင်ဘူး"

သူမက စက်ထန်စွာငြင်းတယ်။

"မင်း... မပြောချင်လည်း ပြောရမှာဘဲ"





ဟော့လ်တ်က သူမရဲ့ မျက်လုံးတွေထဲကို စူးစိုက်ကြည့်ပြီး ပြတ်ပြတ်သားသားပြောလိုက်တယ်။ ဂျင်းဟာဒ်လေ ပျော့သွားတယ်။

"ကောင်းပါပြီ၊ ဒီလိုပါ၊ စနေနေ့က ဂျင်နဲ့ ရှိုင်နဲ့ ရန်ဖြစ်ခဲ့ကြတာ မှန်ပါတယ်။ တနင်္ဂနွေနေ့ကျတော့ ဂျင် ကျွန်မကို လာတွေ့ပါတယ်။ သူ စိတ်မကောင်း ဖြစ်နေပုံရပါတယ်။ ကျွန်မကို သူနဲ့အပြင်ထွက်ဖို့ ခေါ်ပါတယ်။ ကျွန်မက ကျွန်မ ရှင်နဲ့ ဘယ်တော့မှ မလိုက်တော့ဘူး။ ကျွန်မ ရှင့်ကိုလည်း ထပ်မတွေ့ချင်တော့ဘူးလို့ ပြောလိုက်တယ်။ သူလည်း ခေါင်းငိုက်စိုက်နဲ့ ပြန်သွားတော့တာပါပဲရှင်"

ဂျင်းဟာဒ်လေက စကားဆက်တယ်။

"ဒါပေမဲ့ တနင်္လာနေ့ညကျတော့ သူ လာပြန်တယ်။ သူ့ကို စကားပြောပါလို့ တောင်းပန်တယ်။ ကျွန်မကလည်း ခါးခါးသီးသီး ငြင်းလိုက်တယ်။ အင်္ဂါနေ့ညမှာ နောက်ထပ်ပြီး ရောက်လာပြန်တယ်။ ကျွန်မက သူ့ရှေ့မှာတင်ပဲ တံခါးကို ထပိတ်ပစ်လိုက်တယ်။ ဒီအကြောင်းတွေကို ကျွန်မက ရှိုင်ကို ပြောပြလိုက်တယ်၊ သူ့ကို မတွေ့ချင်ဘူး။ ဘယ်လိုလုပ်ရမလဲလို့ ကျွန်မကမေးတော့ ဒါက သူနဲ့ ငါကြားက ကိစ္စပါ၊ ငါ သူ့ကို သွားတွေ့မယ်လို့ ရှိုင်က ပြန်ပြော တယ်။ ရှင် ဘာတွေပြောမှာလဲလို့မေးတော့... ငါ သူ့ကို သင်ခန်းစာ ပေးမှာလို့ ရှိုင်က ပြန်ပြောတယ်"

"အဲဒါ... ဘယ်နေ့ကပြောတာလဲ"

ဟော့လ်တ်က မေးလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"မနေ့က ညနေက... ခုနစ်နာရီလောက်ပေါ့"

"ဂျင်ရိုက်က ၉း၄၅ မှာ သေတာ..."

"ဒါပေမဲ့... ဒါ ရှိုင်မဟုတ်ဘူးလို့ ရှင်ထင်တယ် မဟုတ်လား"

"ဒါတော့ မပြောနိုင်သေးဘူး၊ အဖြေရှာရဦးမယ်"

* * *

အာဂေးလ်လမ်း၊ နံပါတ် ၁၇နေအိမ်သို့ ဘီလ်ရောက်သွားတယ်။ အဲဒီအိမ်ဟာ စတီဗ်အန်ဒါဆင်ရဲ့ အိမ်။

မိန်းမကြီးတစ်ယောက်က တံခါးလာဖွင့်တယ်၊

"ကျွန်တော် အန်ဒါဆင်နဲ့ တွေ့ချင်လို့ပါ"

"အခု သူ ဒီမှာမနေပါဘူး။ လွန်ခဲ့တဲ့အပတ်ကပဲ ထွက်သွားပါတယ်"

"ဘယ်ကိုသွားတာလဲ"

"ဝမ်းနည်းပါတယ်။ ကျွန်မ မသိပါဘူး။ ကျွန်မ ဒီထက်ပိုပြီး ဘာမှပြောမပြနိုင်ပါဘူး"

ဘီလ်ဟာ လမ်းထဲကို ပြန်ဆင်းလာတယ်။ အိမ်ခန်းတွေ ဈေးဆိုင်တွေကို ဝင်တယ်။ တွေ့သမျှလူတွေကို အန်ဒါဆင်အကြောင်း မေးတယ်။

"အန်ဒါဆင်ကို သိပါသလား"

တချို့က 'သိတယ်' လို့ ဖြေတယ်။

"အခု... သူ ဘယ်မှာနေသလဲ"





အဖြေအားလုံးက အတူတူပဲ။

"အဲဒါတော့ မသိပါဘူး"

ဘီလ်ဟာ အတွေးတွေနဲ့ ဆက်လျှောက်လာခဲ့တယ်။ အဲဒီအချိန်မှာ လူတစ်ယောက် ဘီလ်နောက်က လိုက်လာတယ်။ ဘီလ်က ရပ်လိုက်ရင် အဲဒီလူကလည်း ရပ်နေတယ်။ ဘီလ် အကဲခတ်လိုက်တော့ အဲဒီလူက ခပ်ပုပု၊ ဆံပင်နီကြောင်ကြောင်နဲ့။ အန်ဒါဆင်တော့ မဟုတ်တာ သေချာတယ်။

ဘီလ်က ဆက်လျှောက်တယ်။ အဲဒီ ဆံပင်နီပုကလည်း နောက်က လိုက်လာပြန်ရော။ ဘီလ်ဟာ ရုတ်တရက် ကားကြီးတစ်စီးရဲ့ နောက်မှာဝင်ပြီး ရပ်နေလိုက်တယ်။ ပုက ကားနားကို ရောက်လာတယ်ဆိုရင်ပဲ ဘီလ်က ပုန်းနေရာကထွက်ပြီး အဲဒီလူရှေ့မှာ ရပ်လိုက်တယ်။

"အိုး..."

ဆံပင်နီပု လန့်သွားတယ်၊

"မင်း... ဘာကြောင့် ငါ့နောက်က လိုက်နေတာလဲ"

"ကျွန်တော် ခင်ဗျားနဲ့ စကားပြောချင်လို့ပါ"

"ဘာကိစ္စလဲ"

"အန်ဒါဆင်ရဲ့အကြောင်းပါ"

"အန်ဒါဆင်ရဲ့အကြောင်း... ဟုတ်လား။ ပြော... ဘာပြောမှာလဲ"

"ကျွန်တော် ခင်ဗျားကို ကူညီချင်လို့ပါ။ အန်ဒါဆင်ဆီက ခိုးလာတဲ့ငွေတွေ ရှာတွေ့အောင်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဘယ်သူလဲ"

"အဲဒါတွေ... ခင်ဗျား မမေးနဲ့လေ"

ငပုကလည်း အလာကြီး။ ဒါပေမဲ့ ဘီလ် စဉ်းစားလိုက်တယ်။ ဒီငပုရဲ့ စကားတွေရဲ့နောက်ကွယ်မှာ ဘာအဓိပ္ပာယ်တွေ ရှိနေသလဲ။ သူကရော ဘယ်သူလဲ။ တစ်ခုခုတော့ လျှို့ဝှက်ချက် ရှိနေနိုင်တယ်။ ဒါပေမဲ့ ဘီလ်က အန်ဒါဆင်ကို တွေ့ချင်နေတာ။ ငပုရဲ့စကားအတိုင်း မျှော်လိုက်ကြည့်ရမှာပဲလို့... ပေါ့။

"ကောင်းပြီ။ အန်ဒါဆင် ဘယ်မှာလဲ"

"ဘာတန်လမ်း၊ အမှတ် ၄၅ မှာပါ။ အပေါ်ဆုံးထပ်က နောက်ဘက်ခန်းမှာပါ"

ပြောပြီးတာနဲ့ အဲဒီဆံပင်နီငပုက ဘီလ်ရဲ့ရှေ့ကနေ လျင်မြန်စွာ ထွက်ခွာသွားတယ်။ ဘီလ် ပခုံးကွန့်လိုက်တယ်။

သူ့ခြေလှမ်းတွေကို ဘာတန်လမ်းကို ခြေဦးဟည့်လိုက်ရပြီး သူ့ကားကို လမ်းထောင့်မှာရပ်ထားခဲ့ပြီး နံပါတ် ၄၅ အဆောက်အအုံရှိရာကို လမ်းလျှောက်လာခဲ့တယ်။ အဆောက်အအုံက ခပ်ဟောင်းဟောင်းပဲ။ တချို့ပြတင်းတံခါးတွေဆို ပျက်စီးနေပြီ။ ဘီလ်ဟာ အဆောက်အအုံရဲ့ တံခါးမကြီးရှေ့ ရောက်လာတယ်။ တံခါးမကြီးက ပွင့်နေတယ်။ သတိနဲ့ အထဲကိုဝင်လိုက်တယ်။ အခန်း ငယ်တွေ တစ်ခုပြီးတစ်ခု လျှောက်ကြည့်တယ်။ သူ လူအစအန မတွေ့ရဘူး။ ပြီးတော့... လူနေတဲ့လက္ခဏာလည်း မတွေ့ရဘူး။





စားပွဲကုလားထိုင် ဘာတစ်ခုမှမရှိဘူး။ ဘီလ်ဟာ အပေါ်ဆုံးထပ်ကို တက်လာခဲ့တယ်။

ဆံပင်နီငပုကလေး ပြောခဲ့တာက အပေါ်ဆုံးထပ်ရဲ့ နောက်ခန်း။

အခန်းက ပိတ်ထားတယ်။ ဘီလ်ဟာရပ်ပြီး စဉ်းစားမိပြန်တယ်။ ဆံပင်နီငပုဟာ အန်ဒါဆင်ရဲ့ လူပဲလား။ သူဟာ ဓားပြအဖွဲ့ဝင် တစ်ယောက်ပဲလား။ ဒီနေရာဟာ အန္တရာယ်ရှိနေသလား။

ဒါပေမဲ့ အန်ဒါဆင်ကိုလည်း တွေ့ဖို့က အရေးကြီးနေပြီ။

ဘီလ် ဆုံးဖြတ်လိုက်တယ်။

အခန်းရဲ့တံခါးကို ခြေနဲ့လှမ်းပြီးတွန်းလိုက်တယ်။ တစ်ဆက်တည်းမှာပဲ နောက်ပြန်ခုန်ပြီး ဆုတ်လိုက်တယ်။ တံခါးပွင့်သွားတယ်။

အဲဒီအချိန်မှာပဲ ဝုန်းခနဲမြည်ဟည်းသံကြီး ထွက်ပေါ်လာတယ်။ ဗုံးတစ်လုံး ပေါက်ကွဲလိုက်တာဖြစ်တယ်။ မီးခိုးပဲ။ ပွင့်နေတဲ့ တံခါးကနေ မီးလျှံတွေဟာ အနီရောင်ရေလှိုင်းလုံးကြီးလို စီးမျော ထွက်လာတယ်။ ဘီလ်ရှိနေတဲ့နေရာထိ ကြမ်းပြင်တစ်လျှောက် မီးတောက်တွေ၊ လေပူတွေက ဘီလ်ရဲ့မျက်နှာနဲ့ မျက်လုံးတွေကို လာဟပ်တယ်။

မီးညွန့်မီးလျှံတွေဟာ အိမ်အိုကြီးကို မြက်ခြောက်ကောက်ရိုးတွေလိုပဲ အားကောင်းမောင်းသန် ဝါးမျိုနေပြီ။ ဘီလ်ဟာ အပြင်ကို အလျင်မြန်ဆုံး ပြေးထွက်လာခဲ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့…အနီးဆုံးတယ်လီဖုန်းကို ရှာလိုက်တယ်။ မီးသတ်ဌာနဆီကို ဆက်သွယ်ဖို့…။

* * *

ရှိုင်သော်မဆင်က စားသောက်ဆိုင်တစ်ဆိုင်မှာ လုပ်တယ်။ ရဲအရာရှိဟောလ်တ် သူ့ကိုသွားပြီး တွေ့ဆုံတဲ့အခါ…

"ဂျင် သေဆုံးရတာ ကျွန်တော် စိတ်မကောင်းပါဘူး။ ကျွန်တော် သူ့ကိုလေးစားပါတယ်။ သူဟာ အလွန်တော်တဲ့ဆရာတစ်ယောက်ဖြစ်ပြီး မိတ်ဆွေကောင်းတစ်ယောက်လည်း ဖြစ်ပါ တယ်" လို့ ရှိုင်က ပြောတယ်။

"မိတ်ဆွေကောင်း…ဟုတ်လား၊ မင်း…သူနဲ့ လွန်ခဲ့တဲ့ စနေနေ့ကပဲ ရန်ဖြစ်ခဲ့တယ် မဟုတ်လား"

"အဲဒါဟာ ဘာမှမဟုတ်ပါဘူးဗျာ။ သူဟာ ကျွန်တော့် မိတ်ဆွေအဖြစ် ရှိနေဆဲပါပဲ"

ဟောလ်တ်က သူ့ကို အကဲခတ်ကြည့်နေမိတယ်။

"ဒါပေမဲ့ မနေ့ညကပဲ မင်းက မစ္စဟာဒ်လေကို ပြောခဲ့တယ်။ ငါ သူ့ကိုသွားတွေ့မယ်၊ သူ့ကို သင်ခန်းစာတစ်ခု ပေးမှာလို့ ပြောခဲ့တယ် မဟုတ်လား"

"ဩော်…အင်း…ဟုတ်ပါတယ်။ ဒါပေမဲ့ အဲဒါ မနေ့ညကပါ"

"မင်း ပြောခဲ့တာ ခုနစ်နာရီလောက်၊ ဂျင် သေဆုံးတာက ၉း၄၅ လောက်။ သူ့ကို ဘယ်သူသတ်သလဲ…မင်း မဟုတ်ဘူးလား"





ရှိုင်က ခေါင်းကိုယမ်းပြီး အေးအေးဆေးဆေးပဲ။

"မဟုတ်ဘူး။ ကျွန်တော် သူ့ကိုမသတ်ဘူး။ ကျွန်တော် သူ့ အိမ်ကိုသွားခဲ့တာတော့ ဟုတ်တယ်။ ဒါပေမဲ့ သူအိမ်မှာ မရှိဘူး။ သူ့အမေက ပြောတယ်၊ မြို့ကို သွားတယ်တဲ့။ အဲဒါကြောင့်…ကျွန်တော်ပြန်လာခဲ့တယ်"

"အဲဒါ ဘယ်အချိန်လဲ"

"၉ နာရီခွဲလောက်ပါ။ ခင်ဗျား ဂျင်ရဲ့အမေကို မေးကြည့်နိုင်ပါတယ်။ ခင်ဗျားပြောတာ ဂျင်သေဆုံးတာဟာ ၉း၄၅ ဆို။ ကျွန်တော် ဆယ့်ငါးမိနစ်နဲ့ မြို့ကို မသွားနိုင်ပါဘူးဗျာ။ ကျွန်တော့်မှာ လေယာဉ်ပျံလည်း မရှိပါဘူး။ ကားလည်း မရှိပါဘူး"

"မင်းမှာ သေနတ်ရှိလား"

"မရှိပါဘူး"

ဟောလ်တ်ဟာ ရှိုင်နဲ့ စကားပြောပြီး အဲဒီနေ့လယ်မှာပဲ ရဲစခန်းကိုပြန်လာခဲ့တယ်။ စခန်းမှာ ဘီလ်က စောင့်နေတယ်။

ဘီလ်က ဆီးမေးတယ်။

"အတော်လေး ခြေလှမ်းစိပ်စိပ်နဲ့ လိုက်ခဲ့တာပဲ၊ ဒါပေမဲ့ အားလုံးဟာ သူ့မိတ်ဆွေတွေချည်းပဲ၊ သူ့ကို တစ်ရွာလုံးက ချစ်ခင်လေးစားကြတယ်။ ဒါဖြင့် ဘယ်သူသတ်တာ ဖြစ်နိုင်သလဲ၊ ခေါင်းထဲမှာ အချက်အလက်တွေ အစီအစဉ်ချကြည့်ဆဲပဲ" လို့ ပြောပြီး ထိုင်ခုံမှာ မောမောပန်းပန်း ဝင်ထိုင်လိုက်တယ်။ ပြီး…



www.burmeseclassic.com

www.burmeseclassic.com



ဆေးတံကို မီးညှိတယ်၊ ဆေးတံမီးခိုးငွေ့တွေထဲမှာ သူ့အတွေးတွေ
လိုက်ပါ သွားသလိုပဲ။

"ကျွန်တော့်မှာလည်း မိတ်ဆွေအများကြီးပါပဲ၊ သူတို့
ကလည်း ကျွန်တော့်ကို လေးစားချစ်ခင်ကြတာပါပဲ၊ ဒါပေမဲ့
လူတချို့ကတော့ ကျွန်တော့်ကို သတ်ချင်နေကြတယ်ဗျ၊ ဒီနေ့
ဗုံးနဲ့"

ဟောလ်တ် ဆတ်ခနဲမော့လာတယ်၊

"ဘယ်လို ဗုံးနဲ့ဟုတ်လား"

"ဟုတ်တယ်"

ဘီလ်က သူတွေ့ကြုံရခဲ့ရတဲ့ အန်ဒါဆင်ရှာပုံတော်နဲ့ ဗုံး
တိုက်ခိုက်ခံရပုံကို အသေးစိတ်ပြန်ပြောပြတယ်၊

"ကျွန်တော် ထင်တာကတော့ အန်ဒါဆင်က ကျွန်တော့်
ဗုံးနဲ့လုပ်ကြံလိုက်တာပဲ" လို့ ဘီလ်က အဆုံးသတ်မှာ ထင်မြင်ချက်
ပေးတယ်၊

"ဘာကြောင့် အန်ဒါဆင်က ခင်ဗျားကို လုပ်ကြံတယ်လို့
ထင်သလဲ"

"ဓားပြတွေကိုလိုက်စဉ်က တစ်ယောက်သောဓားပြရဲ့
မျက်နှာရဲ့ မျက်နှာကိုမြင်လိုက်ရတာ ကျွန်တော်ပဲရှိတယ်လေ
ကျွန်တော်က သူ့ကို ထောင်ထဲ ဆယ်နှစ်လောက် ပို့ထားနိုင်တယ်
မဟုတ်လား"

ဟောလ်တ်က... လက်ဖျောက်တစ်ချက် တီးလိုက်တယ်





မျက်လုံးတွေ ဖျတ်ခနဲ ဝင်းလက်လာတယ်၊ နေရာက ဖြန်းခနဲ
ထရပ် လိုက်တယ်၊

"ကျွန်တော် ဒါကိုထည့်တွက်ရလိမ့်မယ် ဘီလ်"

ပြတင်းကနေ အပြင်ကိုငေးကြည့်ရင်း ဟောလ်တ်က
ပြောလိုက်တယ်၊ ဘီလ်က ဟောလ်တ်ကို စိတ်ဝင်စားစွာ ကြည့်
နေတယ်၊ ဟောလ်တ်မှာ အကြံဉာဏ်ကောင်းတစ်ခု ရလိုက်ပြီဆိုတာ
ဘီလ်သိနေတယ်၊

"ခင်ဗျားက အန်ဒါဆင်ကို တွေ့ဖို့လည်း ကျွန်တော်ကူညီနိုင်
လိမ့်မယ်၊ ကျွန်တော် လိုက်ရှာနေတဲ့ လူသတ်သမားကို တွေ့ဖို့လည်း
ခင်ဗျားကူညီနိုင်လိမ့်မယ် ဘီလ်ရေ..."

* * *

တယ်လီဗီးရှင်းရှေ့မှာ ရှိနေတဲ့ မစ္စက်ဖော်လာဟာ
အကြောင်းကြမ့်ရှိနေတယ်၊ သူမရဲ့အာရုံက ဖန်သားပေါ်မှာ၊ ဒီအချိန်
မှာ တံခါးဝမှာ လူတစ်ယောက် ပေါ်လာတယ်၊ သူကတော့ ရဲအရာရှိ
ဟောလ်တ်ပါပဲ၊

"ရှင် ဘာတွေ သိချင်...၊ လိုချင်ပြန်ပြီလဲ"

မစ္စက်ဖော်လာက မေးလိုက်တယ်၊

ဟောလ်တ်က သူ့လက်မှာကိုင်လာတဲ့ ဓာတ်ပုံတစ်ပုံကို
မစ္စက်ဖော်လာကို လှမ်းပေးရင်း...

"ဒီပုံကို မစ္စက်ဖော်လာ ကြည့်ပေးစေချင်တာပါ၊ ဒီလူကို
ခင်ဗျားသိပါသလား" လို့ မေးလိုက်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



မစွက်ဖော်လာက ဓာတ်ပုံကို အသေအချာ စူးစိုက်ကြည့်တယ်၊

"သူ့နာမည်ကိုတော့ မသိဘူး၊ သူ့မျက်နှာကိုတော့ သိတယ်ဟုတ်တယ်၊ ဒီမျက်နှာကို ကျွန်မ သေသေချာချာသိပါတယ်"

ဘီလ်က ဆီလ်ဗီယာရဲ့အခန်းကိုသွားတယ်၊ တံခါးခေါက်လိုက်ရင်ပဲ ဆီလ်ဗီယာက တံခါးဖွင့်ပေးတယ်၊ ဒါပေမဲ့ ဘီလ်ကိုမြင်တာနဲ့ သူ့မျက်နှာ ပြောင်းသွားတယ်၊

"ရှင်..မလာပါနဲ့ရှင်၊ ဒီညရှင့်ကို ကျွန်မ လက်ခံမတွေ့နိုင်ပါဘူး" လို့လည်း ပြောတယ်၊

"မနေ့ညကတော့ မင်းဟာ ငါ့ကို ဒီကိုခေါ်လာခဲ့တယ်လေ" လို့ပြောပြီး ဘီလ်က ခပ်တည်တည်ပဲ ဧည့်ခန်းထဲကို ဝင်သွားတယ်၊

"ကျွန်မ ရှင့်ကို ဘာမှထပ်ပြီး မရှင်းပြတတ်ဘူး၊ ကျေးဇူးပြုပြီး ရှင်... ပြန်ပါတော့"

"ငါ...မင်းကို ပြောပြစရာတွေ ရှိလို့ပါ" လို့ ဘီလ်က အေးအေးဆေးဆေးပဲ ပြောလိုက်တယ်၊ ဆီလ်ဗီယာက အလိုမကျတဲ့မျက်နှာနဲ့ ကြည့်နေတယ်၊ ဘာမှတော့ မပြောဘူး၊

"ဒီတော့ မင်းကပဲ ကျေးဇူးပြုပြီး နားထောင်ပေးဝါ၊ မနေ့က ညနေ ၅ နာရီခွဲမှာ ရဲစခန်းကနေ ငါ အိမ်ကိုပြန်လာတယ်၊ အဲဒီမှာ ငါ့နောက်ကို လူတစ်ယောက်လိုက်လာတယ်၊ ၈ နာရီမှာ ငါတ ငှက်ပြာကဖီးကို သွားတယ်၊ အဲဒီလူ ငါ့နောက်ကို လိုက်လာပြန်





တယ်လို့ ထင်တယ်၊ အဲဒီနောက်မှာ အဲဒီလူဟာ မင်းရှိတဲ့ ဒီနေရာကို ရောက်လာတယ်"

"မဟုတ်ဘူး...မဟုတ်ဘူး၊ မဖြစ်နိုင်ဘူး၊ ကျွန်မ ဘယ်ယောကျ်ားတစ်ယောက်ကိုမှ မသိဘူး"

ဆီလ်ဗီယာ ဗျာဗျာသလဲငြင်းဆန်ပေမယ့် ဘီလ်က ဂရုမစိုက်ဘဲ သူ့စကားကိုပဲ ဆက်ပြောတယ်၊

"မင်းကို သူက ပြောတယ်၊ ငှက်ပြာကဖီးကိုသွား၊ အဲဒီမှာ ရဲတစ်ယောက်ရှိတယ်၊ မင်း သူ့ကိုတွေ့မှာပဲ၊ မှားစရာလည်း မရှိဘူး၊ မျက်နှာမည်းကြီးနဲ့၊ သူ့ကိုတွေ့ရင် သူ့စားပွဲမှာဝင်ထိုင်ပြီး သူနဲ့စကားပြော၊ ရင်းနှီးအောင်လုပ်၊ ပြီးတော့ သူ့ကို မင်းအခန်းကို ခေါ်ခဲ့၊ ဧည့်ခန်းထဲကို သူ့ကိုဝင်နိုင်း၊ မင်းက မီးဖိုချောင်ကိုသွား၊ ရှောင်သွားလိုက်"

"အဲဒါနဲ့... မင်း ကဖီးကိုရောက်လာတယ်၊ ငါ့စားပွဲကိုလာတယ်၊ ငါတို့စကားပြောကြတယ်၊ ပြီး...မင်းက ငါ့ကို ဒီနေရာခေါ်လာတယ်၊ မင်း မိတ်ဆွေက ဒီမှာတစ်ချိန်လုံးရှိနေတယ်၊ သူ့မှာ သေနတ်တစ်လက်ပါတယ်၊ သူက ငါ့ကိုသတ်ဖို့ စောင့်နေတယ်"

"အဲဒါ တစ်ခုမှမဟုတ်ဘူး"

ဆီလ်ဗီယာ... မျက်နှာအဖျက်ဖျက်နဲ့ အကြောက်အကန် ...ယ်၊

ဒါပေမဲ့ အလွဲလွဲအချော်ချော်တွေ ဖြစ်ကုန်တယ်၊ ငါတို့ ...ခါင်မှာ မင်းအစ်ကို ဂျင်ရိုက်က ဒီကိုရောက်လာတယ်၊



www.burmeseclassic.com

www.burmeseclassic.com



၉း၄၅ မှာပေါ့။ သူက ဒီအခန်းထဲကို ဝင်လာတယ်။ အခန်းက မှောင်နေ တယ်။ ဒါပေမဲ့ သူနောက်ဘက်မှာက အလင်းရောင်ရှိတယ်။ သူက အရပ်အမောင်းကောင်းကောင်း၊ တုတ်တုတ်ခိုင်ခိုင်ဆိုတော့ ငါနဲ့ တစ်သဝေမတိမ်းတူနေတယ်။ အဲဒီမှာ... မင်းရဲ့လူက သေနတ်ကို မောင်းဖြုတ်လိုက်တယ်။ သူက မင်းအစ်ကိုကို သတ်လိုက်တာ။ ဒါ အမှန်တွေပဲဆိုတာ မင်းသိတယ်။ ဒါပေမဲ့... မင်း ဒါတွေကို မပြောဘူး။ ဘာဖြစ်လို့လဲဆိုတော့ မင်းရဲ့လူကို ကာကွယ်ချင်လို့ပဲ။ ကဲ...ငါပြောတာတွေ ဘယ်လိုလဲ၊ မှန်တယ်မဟုတ်လား။ မင်းရဲ့လူ နာမည်ကိုပါ ငါပြောနိုင်ပါတယ်၊ စတိဗ်အန်ဒါဆင်တဲ့။

"ရှင် ဒါတွေ ဘယ်လိုသိသလဲ"

ဆီလ်ဗီယာက တုန်လှုပ်စွာမေးလိုက်တယ်။

"မစ္စက်ဖော်လာက သူ့ဓာတ်ပုံကိုကြည့်ပြီး ဒီမျက်နှာကို ကျွန်မသိတယ်၊ သူ ဒီကိုမကြာခဏ လာတယ်၊ မစ္စရိုက်ရဲ့ချစ်သူပဲလို့ ပြောပြလိုက်တယ်လေ"

ဆီလ်ဗီယာ ငြိမ်ကျသွားတယ်၊ ဘာမှမပြောနိုင်တော့ဘူး။ ခေါင်းလည်း ငုံ့သွားတယ်။

"ကဲ...ပြော ဘယ်မှာလဲ အန်ဒါဆင်..."

ဘီလ်က မေးလိုက်တယ်။

"ငါ... ဒီမှာဟေ့"

ဘီလ် လှည့်ကြည့်လိုက်တယ်။ အန်ဒါဆင်က အိပ်ခန်း တံခါးဝမှာ ရပ်နေတယ်၊ ဆံပင်နီနီနဲ့ အရပ်ပုပုငနဲ့က သူ့နောက်မှာ





ရပ်နေတယ်၊ အဲဒီဆံပင်နီပုပုဟာ ဘီလ်ကို ဖုံးထောင်ထားတဲ့အိမ်ကို ညွှန်ပြခဲ့တဲ့သူ။

"ငါတို့က အိပ်ခန်းထဲမှာ ရှိနေကြတာပါ၊ မင်းပြောတာတွေ အားလုံး ကြားရပါတယ်၊ အားလုံးအမှန်တွေချည်းပါပဲ၊ ငါ... လူမှားပြီး သတ်ခဲ့တာပါပဲ"

"ကျေးဇူးပါပဲကွာ၊ ဒီလိုအမှန်ကို ဝန်ခံတာ..."

"ဒါပေမဲ့... ဒီအချိန်မှာ ဒါတွေတာ မင်းအတွက် ဘာမှ အသုံးမဝင်တော့ပါဘူး၊ ဒီတစ်ကြိမ်မှာ ငါ လူမမှားတော့ဘူး၊ ငါ တကယ်သတ်ရမယ့်သူကို ငါသတ်ရတော့မှာလေ..."

အန်ဒါဆင်ရဲ့လက်ထဲမှာ သေနတ်တစ်လက်၊ သေနတ်က ဘီလ်ကို ချိန်ထားတယ်၊ ဘီလ်က ပြုံးလိုက်တယ်။

"မင်း၊ သတ်ရမယ့်လူတော့ မှန်ပါတယ်၊ ဒါပေမဲ့ အချိန် မှားနေပြန်ပြီကွ၊ ငါ့မိတ်ဆွေ ရဲအရာရှိနဲ့ ရဲတွေ မင်းတို့အိမ်ထဲမှာ ရောက်နေကြပြီ၊ မင်း ပြေးလို့မလွတ်တော့ဘူး"

အဲဒီအချိန်မှာပဲ ဆီလ်ဗီယာရဲ့အိမ်ရှေ့ခန်း တံခါးမကြီးဟာ ဒိုးခနဲပွင့်သွားပြီး ရဲအရာရှိဟောလ်တ်နဲ့ ရဲသားတွေ အခန်းထဲ ဝင်လာတယ်၊ သူတို့က အန်ဒါဆင်တို့ကို သေနတ်တွေနဲ့ ချိန်ထား ကြတယ်။

"ကဲ...လက်နက်ချပြီး အဖမ်းခံပေတော့..."

ဟောလ်တ်က ပြောလိုက်တယ်၊ အန်ဒါဆင် ဘာမှမတတ် နိုင်တော့ဘူး၊ သေနတ်ကို ကြမ်းပြင်ပေါ်ချလိုက်ရတယ်၊

www.burmeseclassic.com



"ခင်ဗျားပြောတာ မှန်တယ် ဟော့လ်တ်၊ ဒီလူက ဂျင်ရိုက်ကို သတ်တာပဲ၊ လူမှားပြီး သတ်တာ၊ ဒါပေမဲ့ ဘာကြောင့် ဂျင်ရိုက်ကို သူမှားပြီးသတ်ရတာလဲ၊ ဂျင်ရိုက်က အသားဖြူတယ်လေ"

ဘီလ်က ဟော့လ်တ်ကိုပြောတယ်၊ ဟော့လ်တ်က ပြုံးလိုက်တယ်၊ ရဲသားတွေက အန်ဒါဆင်တို့ကို လက်ထိတ်ခတ်ဖမ်းဆီးနေတယ်။

"အန်ဒါဆင်အဖို့က အဲ့တူတူပဲလေ ဘီလ်ရဲ့၊ ကြောင်တွေအကြောင်း ပြောစကားတစ်ခုရှိတယ်လေ" လို့ ဟောလ်တ်က ပြောလိုက်တယ်၊ ဆေးတံထဲက ဆေးငွေ့ကလေးက လေမှာဝဲတက်လာတယ်။

"ဘာစကားလဲ... ကျွန်တော့်ကို ပြောပါဦး"

ဘီလ်က တောင်းဆိုလိုက်တယ်၊ ဟော့လ်တ်က အန်ဒါဆင်ကို တစ်ချက်စေ့ကြည့်ပြီး ဘီလ်ရဲ့အမေးကို ဖြေလိုက်တယ်၊ ခပ်တိုတိုပါပဲ၊

"မှောင်ထဲမှာ ကြောင်အားလုံးဟာ အမည်းရောင်ချည်းပဲ"

*(ATS IN THE DARE By JOHN TULLY)*

* * *

ပုဒိတာ ၁၈၁၄၀

အောင်စေပိုင်

# လမ်းမှာတွေ့သော မိန်းကလေး

**John Smith**

**(the girl on the road)**

ပုဒိတာ ၁၈၁၄၀

www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

အနီရောင် ပြိုင်ကားလေးတစ်စီး။

ဖိတ်ဖိတ်လက်လက်၊ ရက်ရက်စက်စက် လှပသစ်လွင်သည်။ လေးညို့မှ ပစ်လွှတ်လိုက်သည့် မြားတစ်စင်းနှယ် ကမူးရှူးထိုး ပြေးလွှားလျက်ရှိ၏။

လန်ဒန်ရွှေမြို့တော်၏ အပြင်ဘက် အဝေးပြေးလမ်းမကြီး တစ်ခုပေါ်တွင် ထိုကားအနီလေးကို မောင်းနှင်လာသူမှာ လူငယ်လေးတစ်ဦး။

ရှိလှမှ အသက်က နှစ်ဆယ် အလွန်ဆုံးပင်။

ကောင်လေး၏ဦးခေါင်းထက်မှ အရစ်ရစ်အခွေခွေ လှိုင်းတွန့် ဆံပင်ရှည်များက လည်ကုပ်တစ်ဝိုက်တွင် ဝဲကျလျက်ရှိသည်။ မျက်လုံးပြာလဲ့လဲ့၊ နှုတ်ခမ်းရဲရဲလေးဖြင့် ကောင်လေးသည် မိန်းမချော ချောသူဖြစ်သည်။

သူ၏နာမည်က ဗွန်ဟုခေါ်သည်။

ဗွန်သည် လန်ဒန်ရှိ တက္ကသိုလ်တစ်ခုတွင် တက်ရောက် နေသူဖြစ်၏။ သူသည် သူ၏ဆွဲဆောင်မှု ကောင်းလွန်းလှသည့် ရုပ်ရည်ရူပကာကြောင့် 'မြား' အတော်ပင် စွဲခဲ့သူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အပေါ် မဆွတ်ခင်က ညွတ်ချင်သူတွေ များပြားလှချေသည်။ ထို့ကြောင့်ပင် ဖွန်သည် မိန်းမချော၊ မိန်းမလှလေးများကို ထည်လဲဖြင့် တစ်ယောက်ပြီးတစ်ယောက် တွဲခဲ့လေ၏။ ဖွန်သည် ပျို့တိုင်းကြိုက်တဲ့ နှင်းဆီနိုင်နယ်အလားပင် ရှိခဲ့လေသည်။

ယခုလည်း…

ဖွန်သည် သူ၏နောက်ဆုံးပေါ် မော်ဒယ်အမြင့်ဆုံးသော ပြိုင်ကားလေးကို အပျင်းပြေသဘောထားကာ အဝေးပြေးလမ်းမကြီးတစ်လျှောက် မောင်းနှင်လာရာမှ "ဂျတ္တိယ" သားကောင်များကို လိုက်လံရှာဖွေနေခြင်း ဖြစ်သည်။

သူသည် 'အောဝမ်း' ဟု အမည်ပေါ်တွင်သည့် လမ်းမကြီးမှနေ၍ လန်ဒန်ဘက်သို့ ပြန်လည်မောင်းနှင်လာခဲ့လေသည်။ သူ၏ပြိုင်ကားလေးမှာ ငှက်ငယ်လေးတစ်ကောင် အတောင်ပံဖြန့်ခဲ၍ လေဟုန်စီးနေသည့်နယ် ကြွားကြွားဝင့်ဝင့်ဖြင့် ပြေးလွှားလျက် ရှိနေ၏။

အချိန်မှာ တဖြည်းဖြည်းဖြင့် အလင်းရောင်များကုန်ဆုံး၍ လာခဲ့လေရာ ပတ်ဝန်းကျင်တစ်ခွင်၌ မှောင်ရီသန်းခဲ့ပြီ ဖြစ်သည်။

လမ်းမကြီးပေါ်ဝယ် ကားပေါင်းစုံတို့က ဥဒဟိုဖြတ်သန်းသွားလာလျက် ရှိနေကြ၏။ လမ်းဘေးရှိ ထိုင်ခုံလေးများပေါ်တွင် ချစ်သူစုံတွဲလေးများ လည်ချင်းမှီတွဲကာဖြင့် ဆည်းဆာအလှကို ချစ်တေးသီကျူး ခံစားလျက် ရှိနေကြလေ၏။

လန်ဒန်မြို့တော်အဝင်သို့ ရောက်လာခါနီးတွင် လမ်းမီးများဖျတ်ခနဲ လင်းလက်လာကြ၏။ ထိုစဉ် လမ်းနံဘေးရှိ ပလက်





ဖောင်းပေါ်၌ မိန်းကလေးတစ်ယောက် ရပ်လျက်ရှိနေသည်ကို ဖွန်ရိပ်ခနဲ မြင်တွေ့လိုက်ရ၏။ ထို့ကြောင့် ဖွန် သူ၏ကားလေးကို အရှိန်လျှော့ချလိုက်ကာ မိန်းကလေးအား အသေအချာ စူးစိုက်၍ ကြည့်ရှုလိုက်၏။

"တော်တော်ချောတဲ့ ကောင်မလေးပါလား"

စိတ်ထဲမှ ရေရွတ်လိုက်မိသည်။ ဖွန် နောက်ထပ်တစ်ကြိမ် လှမ်းကြည့်မိလိုက်ပြန်သည်။

မိန်းကလေးမှာ သူနှင့် ရွယ်တူတန်းတူလောက်ပင်ရှိ၏။ ရွှေရောင်ဆံပင်ကုပ်ဝဲနှင့်ဖြစ်၏။ ကိုယ်ကျပ်ဘောင်းဘီရှည် အပြာရောင်နှင့် လက်ပြတ်အကျီနီရဲရဲလေးကို ဝတ်ဆင်ထား၏။ သူမ၏ ကြော့ရှင်းလှပသည့် ကိုယ်လုံးလေးကို စွဲမက်ဖွယ်ရာ မြင်တွေ့နေရ၏။

ခါးသေးရင်ချီ ပဒုမ္မာနီဆိုတာမျိုးများလား မသိ။ မိန်းကလေး၏ ညာဘက်လက်ထဲတွင် အနွေးထည်လေးတစ်ထည်ကို ဆွဲ့ပိုက်၍သွား၏။ သူမကို ကြည့်ရသည်မှာ လန်ဒန်မြို့တွင်းသို့ သွားရန်အတွက် ကားကြုံကို စောင့်စားနေခြင်းဖြစ်မည်ဟု ထင်သည်။

ဖွန်သည် လေတစ်ချက်ချွန်လိုက်ရာက ကားလေးကိုငြိမ့်ခနဲ ထိုး၍ရပ်လိုက်၏။ သူသည် ယခုကဲ့သို့သော ကိစ္စမျိုးတွေမှာ အတွေ့အကြုံများလှပြီ မဟုတ်ပါလား။

အရိပ်ပြရုံမျှဖြင့် အကောင်မြင်သူ မဟုတ်ပါလား။ စင်စစ်တော့ ဖွန်သည် စားနေကျကြောင်ဖားပင် မဟုတ်ပါလား။ ဖွန်အပြုံး

www.burmeseclassic.com



မြမြတစ်ခုကို လှစ်ခွဲကာ ကားထဲမှနေ၍ခေါင်းပြူပြီး မိန်းကလေးကို ကြည့်လိုက်ရင်း...

"ဘယ်သွားမှာလဲ မိန်းကလေးရဲ့...ကိုယ့်ရဲ့ ကားကြီးနဲ့လိုက်ခဲ့ပါလား။ ကိုယ့်ကားက လန်ဒန်မြို့ထဲပြန်မှာလေ...။ မင်းကို အိမ်တိုင်ရာရောက် ကိုယ်လိုက်ပို့ပေးပါမယ်။ လာလေ...မိန်းကလေးရဲ့... တက်ပါ...။ ဘာမှ အားနာနေဖို့ မလိုပါဘူး။ အချင်းချင်းတွေပဲဟာ ဟင်း...ဟင်း...ဟင်း..."

သူက ပြောအပြီးတွင် ရယ်လိုက်သေးသည်။ မိန်းကလေးမှာ အနီးကပ်မြင်ရပါမှ သူမ၏ အလှအပများသည် ပို၍တပ်မက်ဖွယ်ရာ ကောင်းလှသည်ကို ဂျွန် သတိထားမိလိုက်၏။

ဂျွန် ရင်တွေခုန်လာသည်။ သည်မိန်းကလေးကို သူ ဘယ်လို နည်းနှင့်မှ 'အလွှတ်' မခံနိုင်တော့။

သို့ရာတွင် မိန်းကလေးမှာ သူ၏ဖိတ်ခေါ်မှုကို အင်းမလှုပ် အဲမလှုပ်ဖြင့် ရှိသည်။ မိန်းမတို့ဏှာခြေ ရှာပေးလို့မရဟုသော ဟန်မျိုးပင် ဖြစ်ပေမည်။ သူ ဟက်ခနဲဖြင့် တစ်ချက်ရယ်သွမ်းသွေး လိုက်ရာမှ...

"လာပါ မိန်းကလေးရဲ့။ မင်း ကိုယ့်ကို တက္ကစီခပေးစရာ မလိုပါဘူး။ ကိုယ် စေတနာ့ဝန်ထမ်း ကူညီမှာပါ။ ကိုယ့်နာမည်က ဂျွန်တဲ့ကွ...။ မင်း မှတ်လည်းထားဦး"

ဂျွန်က မိန်းကလေးအား ဟမင်ပင် ရင်းရင်းနှီးနှီးတွေ ပြောပစ်လိုက်ခြင်း ဖြစ်၏။ သူ သည်လိုမျိုး ခပ်အင်အင်မိန်းကလေး တွေကိုလည်း မကြာခဏ ကြုံတွေ့ခဲ့ဖူးပြီးသား။





သို့ပေမယ့်...

နောက်ဆုံးတွင်တော့ သူတို့တစ်တွေသည် 'ဂျွန်' ၏ လက်နက်အမျိုးမျိုး ထုတ်သုံးမှုအောက်တွင် ပြားပြားဝပ်ခဲ့ရသည်သာ ဖြစ်၏။ ဂျွန်၏အလိုကို လိုက်ခဲ့ရသည်သာ ဖြစ်၏။

မင်းကလေး ဘာသားနဲ့ ထုထားတာမို့လဲ မိန်းကလေး ရယ်...။ မိန်းကလေးသည် ဂျွန်အား မဝံ့မရဲဖြင့် တစ်ချက်စောင်းငဲ့၍ ကြည့်ရာမှ ဂျွန်၏ ပြိုင်ကားနီလေးဆီသို့ လျှောက်လာခဲ့ပါတော့ သတည်း။

* * *

[ ၂ ]

"မင်းရဲ့ နာမည်က..."

ဂျွန်က သူ၏ ပြိုင်ကားလေးကို မောင်းထွက်လိုက်ရင်းဖြင့် မိန်းကလေးအား လှမ်းမေးလိုက်သည်။ သို့ရာတွင် သူမထံမှ အသံ ထွက်ပေါ်လာခြင်းမရှိ။ ဂျွန် စောင်းငဲ့ကြည့်လိုက်သည်တွင် သူမသည် မျက်လွှာလေး ချထားသည်ကိုတွေ့ရ၏။ လမ်းမီးရောင်ဖြင့် သူမ၏ မျက်နှာကို ခပ်ဝါးဝါးမြင်တွေ့ရသည်။

ဂျွန်က ရှေ့မှကားတစ်စီးကို ကျော်တက်လိုက်ပြီးနောက် မိန်းကလေးအား လှမ်းမေးလိုက်ပြန်ပါသည်။

"မေး...မေးနေတယ်လေကွာ...မကြားဘူးလား။ မင်းနာမည် ဘယ်လိုခေါ်လဲလို့...။ နာမည်သိထားတော့ နောက်တွေ့တဲ့အခါ ခေါ်ပြောနှုတ်ဆက်လို့ ရတာပေါ့ကွာ။ မဟုတ်ဘူးလား"

သို့ပေမယ့်...



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေး၏ ဝဒမ္မာကြာအချပ်နစ်လွှာ ပွင့်အာ၍မလာကြ၊ ငြိမ်သက်နေဆဲ၊ နှုတ်ဆိတ်နေဆဲပင် ဖြစ်သည်။

ပွန်က ပန်းတစ်ဖက်ကို ဟန်ပါပါဖြင့် တွန့်ပြလိုက်ရာက—

"ဘာလဲ မိန်းကလေးရဲ့... ကိုယ့်ကို ရှက်နေလို့လား။ ဟုတ်လား... မရှက်ပါနဲ့ကွာ။ လူငယ်ဆိုတာ ခုလိုပဲပေါ့။ လွတ်လပ်မှုကို ရူးကြဲတတ်ကြတာပေါ့ကွာ...။ ပွင့်ပွင့်လင်းလင်းပေါ့ မိန်းကလေးရယ်"

သူ ဘယ်လိုပင်... နပ်ကြောင်းတွေ ပေးနေသော်လည်း မိန်းကလေးထံမှ တုံ့ပြန်မှု မရရှိခဲ့၊ ငြိမ်သက်တိတ်ဆိတ်နေဆဲပါတည်း။

သို့နှင့်... ကားလေးမှာ လန်ဒန်မြို့အဝင် လမ်းမကြီးပေါ်သို့ ရောက်ရှိလာ၏။ သည်နေရာကစပြီး ယာဉ်ကြောရှုပ်ထွေးစ ပြုလာသောကြောင့် ပွန် စကားဆက်၍ မပြောနိုင်ပါလေတော့။

သူ၏ပြိုင်ကားလေးကို ဂရုတစိုက်ဖြင့် မောင်းနှင်နေရတော့သည်၊ ထိုသို့ဖြင့် လန်ဒန်မြို့တွင်းသို့ ရောက်ရှိလာသည်။

သူ့ဘေးမှ မိန်းကလေးသည် ယခုတိုင် စကားတစ်ခွန်းမျှ ပြောဆိုခြင်း မရှိခဲ့သေး၊ "သူမ စကားမှ ပြောတတ်ပါလေစ" ဟူသော အတွေးပင် ဝင်လာမိရသည်အထိ။

"မင်းကို ဘယ်လိုက်ပို့ပေးရမှာလဲ၊ မိန်းကလေး"

သူမက လမ်းတွေကို လက်ဟန်ခြေဟန်ဖြင့်ပြသကာ သူမ၏ အိမ်ရှိရာနေရာသို့ ပွန်အား ခေါ်ဆောင်လာနိုင်ခဲ့လေသည်။





"ဩော်... မင်းရဲ့အိမ်က 'ဘေကာ' လမ်းထဲမှာကိုး"

ပွန်ပြောလိုက်သည်တွင် သူမက အသာခေါင်းတစ်ချက် ညိတ်၍ပြလိုက်၏။ နောက်ဆုံးတွင် သူမ၏အိမ်ရှေ့သို့ ရောက်ရှိလာသောကြောင့် ပွန်က ကားကိုရပ်ပေးလိုက်သည်။

သူမသည် ပြိုင်ကားလေးပေါ်မှ အလျင်အမြန်ဆင်းကာ အိမ်ထဲသို့ ပြေးဝင်သွားလေတော့သည်။

"ဒီလောက် လိုက်ပို့ပေးတာတောင် နှုတ်ဆက်ဖော်မရဘူး... မင်း တော်တော်ရိုင်းတဲ့ မိန်းကလေး"

ပွန် မကျေမချမ်းဖြင့် ရွတ်ဆိုဖြစ်လိုက်သည်၊ ထို့နောက် သူ၏ပြိုင်ကားလေးကို တရကြမ်းမောင်းနှင်၍ ထွက်လာခဲ့ပါတော့သတည်း။

* * *

"ဟင်... အနွေးထည်လေးတစ်ထည်ပါလား။ ဘယ်သူများ ကျန်ရစ်ခဲ့တာပါလိမ့်"

ပွန်၏နှုတ်မှ တအံ့တဩဖြင့် ပြောလိုက်ခြင်းဖြစ်၏။ နောက်တစ်နေ့နံနက်တွင် သူသည် တစ်နေရာသို့သွားရန်အတွက် သူ၏ ပြိုင်ကားလေးအား မောင်းထွက်မည်ပြုစဉ် ကားထိုင်ခုံနံဘေးတွင် သိုးမွေးအနွေးထည် အဖြူလေးကို တွေ့လိုက်ရခြင်းဖြစ်၏။

သူ၏ခေါင်းထဲတွင် အတွေးတစ်ခု ဖျတ်ခနဲဝင်ရောက်၍ လာသည်၊ မနေ့ညဦးပိုင်းက ကားကြုံ လိုက်ပါလာခဲ့သည့် မိန်းကလေး၏ လက်ထဲတွင် ထိုအနွေးထည်လေး ကိုင်ဆောင်ထားခဲ့သည်ကို အမှတ်ရမိလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်... ဒါ သူ့အနွေးထည်၊ သူ မေ့ကျန်ခဲ့တာ ဖြစ်မယ်"

ဘွန်တစ်ယောက်တည်း ပြောလိုက်ရာက ကားလေးကို မောင်းထွက်လာသည်။ သူသည် သူ၏ကားလေးကို ဘောကာလမ်း ဆီသို့ ဦးတည်ကာမောင်းနှင်လာသည်။

မနေ့ညက သူ့ကို နှုတ်ဆက်စကားပင် မဆိုဘဲ အိမ်ထဲ ဝင်ပြေးသွားခဲ့သည့် မိန်းမချောလေးနှင့် တစ်ဖန် ပြန်၍တွေ့ဆုံ မြင်တွေ့ခွင့် ရရှိတော့မည် ဖြစ်သောကြောင့် သူ အားရဝမ်းသာ ဖြစ်လျက် ရှိနေလေသည်။

သည်တစ်ခါတော့ သူ့ကို စကားမပြောဘဲ နေလို့ရတော့မည် မဟုတ်တော့၊ ယုတ်စွအဆုံး အနွေးထည်လေး ပြန်လာပို့ပေးမှု အပေါ်တွင် သူမအနေဖြင့် ကျေးဇူးစကား ဆိုရပေတော့မည်။ သူမ၏ လှပသည့်မျက်နှာလေးကို တစ်ဝကြည့်ပစ်ဖို့၊ စကားတွေ ဖောင်ဖွဲ့ပစ်ဖို့ သူ ကြံစည်တွေးတောရင်း ကားလေးကိုမောင်းနှင်လာ၏။

မကြာခင်မှာပင်...

သူ မနေ့ညက လိုက်ပို့ပေးခဲ့ရသည့် အိမ်ကလေး၏ရှေ့သို့ ရောက်လာသည်။ သူက အိမ်ရှေ့တွင် ကားထိုးရပ်လိုက်ပြီးလျှင် ဟွန်းကို နှစ်ချက်သုံးချက်ဆင့်၍ တီးပစ်လိုက်သည်။

"တီ တီ..."

"တီ"

ကားဟွန်းသံကို ကြားရ၍ထင်သည်။ အိမ်တံခါးပွင့်၍ သွားသည်ကို တွေ့လိုက်ရ၏။ မနေ့ညက လမ်းမှာတွေ့ခဲ့သည့်





မိန်းကလေး ထွက်လာတော့မည်ဟူသော အထင်ဖြင့် သူလှမ်းမျှော်၍ အကြည့်လိုက်တွင်...

"ဟင်..."

သူ့နှုတ်မှ အာမေဍိတ် တစ်ခွန်းထွက်သွားရသည်။ အိမ်လေး ထဲမှထွက်လာသူမှာ သူထင်ထားသလို မိန်းမချောလေးမဟုတ်၊ ခါးကိုင်းကိုင်းနှင့် အဘွားအိုကြီးတစ်ဦး ဖြစ်၍နေလေသည်။

"ဘာကိစ္စများရှိလို့လဲကွဲ့... ၊ သူငယ်လေးရဲ့"

မှုန်ဝါးဝေ့သီသည့် မျက်လုံးများဖြင့် သူ့ကိုကြည့်ကာ အဘွားကြီးက မေးလိုက်သည်။

"ဩော်... မနေ့ညက ကျွန်တော့်ကားပေါ်မှာ ဟောဒီအနွေး ထည်လေး မေ့ကျန်ရစ်ခဲ့လို့ ပြန်လာပေးတာပါ"

ဘွန်က ပြောပြောဆိုဆိုဖြင့် သိုးမွေးအနွေးထည်အဖြူလေးကို အဘွားကြီးလက်သို့ လှမ်းထည့်ပေးလိုက်သည်။ အဘွားအိုမှာ အလွန်ပင် အံ့အားသင့်နေဟန်ဖြင့် ဘွန်အား လှမ်း၍ကြည့်လိုက်ကာ...

"ဟုတ်တယ်သူငယ်ရဲ့၊ ဒါဟာ သမီးရဲ့အနွေးထည်လေး ပါပဲ"

"မှ... သူ မရှိဘူးလား ခင်ဗျာ"

အဘွားအိုက ခေါင်းကို ဖြည်းလေးစွာဖြင့် ယမ်းခါပြ လိုက်ပြီး...

"သူ... မရှိတာ ကြာခဲ့ပါကောလားကွယ်...၊ အခုဆိုရင် တစ်နှစ်တောင် ပြည့်ခါနီးရောပေါ့"

"ခင်ဗျာ..."



www.burmeseclassic.com

www.burmeseclassic.com



ပွန်သည် အဘွားအို၏ဆိုလိုရင်းကို သဘောမပေါက်မိပါချေ။ အဘွားအို၏ မျက်ဝန်းများဆီတွင် မျက်ရည်များ စီးကျလျက်ရှိသည်ကိုလည်း မြင်တွေ့ရ၏။

ပွန် မျက်မှောင်ကုတ်လိုက်ရင်း…

"သူက ဘယ်ကိုထွက်သွားလို့လဲ အဘွားရဲ့"

"တမလွန်ကို"

"ဗျာ"

"ဟုတ်တယ် သူငယ်လေးရဲ့… လွန်ခဲ့တဲ့ တစ်နှစ်ကာလလောက်က သမီးလေးမေရီဟာ အဝေးပြေးလမ်းမကြီးပေါ်မှာ ကားတိုက်ခံရပြီး သေဆုံးသွားခဲ့ပါပြီကွယ်။ အဲဒီတုန်းက သမီးနဲ့အတူ ဟောဒီအနွေးထည်လေး ပါသွားခဲ့တာပေါ့"

"ခင်ဗျာ… ဒါ… ဒါဆို… ကျွန်… ကျွန်တော့်ကားပေါ်လိုက်ပါလာတဲ့ မိန်းကလေးဟာ… မိန်းကလေးဟာ…"

ပွန် စကားဆက်၍ မပြောနိုင်တော့ဘဲ ထိုအိမ်ရှေ့မှနေ၍ သူ၏ ပြိုင်ကားနီနီလေးကို တရှိန်ထိုး မောင်းထွက်၍ လာခဲ့ပါတော့သတည်း။ ။

*REF: FAMOUS DETECTIVES STONIES STARIES*

* * *



မောင်မြင့်မား(ဗိုလ်ကလေး)

# ကြုံရဆုံရ တစ်ညတာ

## GUY PRESTON'S "THE INN"



www.burmeseclassic.com

www.burmeseclassic.com



အင်မတန်တောကျသော နေရာတစ်ခုတွင် တာဝန်ထမ်းဆောင်ရသော ဆရာဝန်တစ်ဦး စိတ်မော၊ လူမောခံစားရမည်ကို တောနယ်တွင် တာဝန်ထမ်းဆောင်ဖူးသော ဆရာဝန်တိုင်းကိုယ်ချင်းစာတတ်မည် ဖြစ်သော်လည်း တောနယ်ကိုမရောက်ဖူးသည့် ဆရာဝန်များအတွက်မူ နားလည်မည် မဟုတ်ပါ။

အထူးသဖြင့် နယ်မြေမိုင်နှစ်ဆယ်ကျော်ကို လှည့်လည်ကြည့်ရှုရပြီး ခြေလျင်တစ်လှည့်၊ စက်ဘီးအစုတ်ကလေး တစ်လှည့်အားပြုသွားလာရသူ ဆရာဝန်တစ်ဦးအတွက် အိမ်ပြန်ရောက်သည်နှင့် ဘာမှမလုပ်ချင်မကိုင်ချင်၊ ခြေပစ်လက်ပစ် ဖြစ်ရသည်မှာလည်း ဆန်းတော့မဆန်းပါ။

ဤကဲ့သို့ မောမောပန်းပန်း ပြန်ရောက်ပြီးလို့မှ မကြာလိုက်၊ အရေးတကြီး လူနာလိုက်ကြည့်ပေးဖို့ လာခေါ်ပြီဆိုပါက အလုပ်ကတော့င် ထွက်ချင်စိတ်ပေါက်သွားသည်။ ထိုကဲ့သို့ အဖြစ်မျိုးတစ်ညတွင် ဒေါက်တာဆူတန် ကြုံတွေ့လိုက်ရသည်။ ညဉ့်နက်မှ အိမ်ပြန်ရောက်လို့ စားသောက်ပြီး အိပ်ပျော်ခါစရှိသေးသည် အိမ်တံခါးကို တစ်ယောက်ယောက်က တဝုန်းဝုန်းနှင့်လာခေါက်သည်။ ဒေါက်တာဆူတန်သည် လူပျိုလူလွတ်ဖြစ်၍ တစ်ယောက်တည်းနေထိုင်သည်။ ပင်ပင်ပန်းပန်းနှင့် ပြန်လာခဲ့ရ၍ အိပ်ကောင်းနေချိန်အခုလို တံခါးခေါက်မှုမျိုးကို မသိကျိုးကျွံပြုကာ ဆက်အိပ်နေလိုက်သည်။



www.burmeseclassic.com

တံခါးခေါက်ချင်သလောက် ခေါက်ပါစေ၊ မဖွင့်ဘူးဟု ဆိုမည့် ဆရာဝန်မျိုးဆိုလျှင် ထိုအတိုင်းပင် ကျင့်သုံးမည်ဖြစ်သည်။ လူတွေကလည်း လူတွေပါပဲ၊ ခြေထောက်ကလေးနာလည်း ဆရာဝန်လာခေါ်သည်။ ဖင်နာ၊ ခေါင်းနာရုံကလေးနှင့်လည်း ဆရာဝန်လာခေါ်သည်။ ဒေါက်တာဆုတန်သည် ဆက်အိပ်မည်ဟု စိတ်ကူးသော်လည်း လုံးဝအိပ်မရတော့။ တံခါးခေါက်သူကလည်း တော်တော်နှင့် အလျှော့ပေးမည့်ပုံ မပေါ်။ တံခါးကိုသာ ဆက်ခေါက်နေသည်။ နောက်ဆုံး ဒေါက်တာဆုတန်က အလျှော့ပေးလိုက်ရတော့သည်။

ပါးစပ်က ပွစိပွစိနှင့်ပြောရင်း ဒေါက်တာဆုတန်သည် တံခါးကို ထဖွင့်ပေးလိုက်သည်။ တံခါးဖွင့်လိုက်သည်နှင့် အမှောင်ထဲမှလူသည် တံခါးကို အတင်းတွန်းကာ အထဲသို့ဝင်လာသည်။ နောက်တံခါးကို သူကပင် အမြန်ပိတ်လိုက်သည်။ သူ့တစ်ကိုယ်လုံးလည်း တုန်တုန်ယင်ယင်နှင့် ဂဏှာမငြိမ်ဖြစ်နေသည်။ ဘာတွေများဖြစ်လာသည် မသိ။ ကြောက်ကြောက်ရွံ့ရွံ့နှင့် ပြူးတူးကြောင်တောင်ဖြစ်နေသည်။ တံခါးကိုပိတ်ပြီးသည်နှင့် ဒေါက်တာဆုတန်ဘက်ကိုလှည့်ကာ လက်တစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။ ဆုပ်ထားသောလက်က အေးစက်ကာတုန်နေသည်။

"ဒီအိမ်မှာ ဆရာဝန်တစ်ယောက် နေတယ်ပြောတယ်။ ဒေါက်တာဆုတန်တဲ့...။ သူနဲ့တွေ့မှ ဖြစ်မယ်"

အမောတကော ထစ်ထစ်ငေါ့ငေါ့နှင့် ပြောနေသော ထိုလူကို ဒေါက်တာဆုတန်က အကဲခတ်လိုက်သည်။ နောက် သူ့ရုံးခန်း





ဖြစ်သော စာကြည့်ခန်းသို့ ခေါ်သွားလိုက်သည်။ သူ၏စာကြည့်ခန်းသည် အပူဓာတ်ပေးထားသော အခန်းဖြစ်၍ ညဥ့်နက်လာသည်နှင့်အမျှ ပြင်ပတွင်အေးနေသော်လည်း စာကြည့်ခန်းထဲတွင်မူ နွေးထွေးလျက် ရှိသည်။

"ဆရာဝန်ကတော့ ကျုပ်ပါပဲ"

ဒေါက်တာဆုတန်က မီးလင်းဖိုထဲသို့ မီးသွေးခဲများထည့်ရင်း ပြောလိုက်သည်။

"ဘုရားမထားပဲ...ဆရာဝန်ဆိုရင်လည်း ကျုပ်တော့ ရှုးနေပြီသားဆိုတာ သိချင်တယ်"

ဒေါက်တာဆုတန်က သူ့ကို အဖြေမပေးသေးဘဲ ထိုလူကို အကဲခတ်လိုက်သည်။ သူ၏ဆံပင်များသည် ပွရောင်းရောင်းဖြစ်ကာ နံများ၊ အမှိုက်များပင် ကပ်နေသည်။ သူ၏ အကျႌများသည်လည်း တွတ်ပြဲနေကာ မျက်နှာမှာလည်း သွေးများပေကျံနေ၍ ဒဏ်ရာဒဏ်ချက်များနှင့် ပြည့်နေသည်။ ပြူးကျယ်သောမျက်လုံးနှင့် ကြောက်ရွံ့နေသော ပုံကိုကြည့်ကာ ဒေါက်တာဆုတန်က...

"ခင်ဗျား တစ်ခုခုကို ကြောက်လန့်နေတာကတော့ သေချာတယ်"

ဒေါက်တာဆုတန်က အဖြေပေးရင်း ကုလားထိုင်တွင်ထိုင်ရန် သူ့ကို လက်ပြလိုက်သည်။ နောက်ဗီရိုတစ်ခုကိုဖွင့်ကာ ဘရမ်ဒီပုလင်းကိုထုတ်ပြီး ဖန်ခွက်ထဲသို့ ငှဲ့ထည့်ပေးလိုက်သည်။

"ဒါ သောက်လိုက်ပါ"

ဧည့်သည်က ဘရမ်ဒီခွက်ကိုလှမ်းယူပြီး တစ်ကျိုက်တည်း

www.burmeseclassic.com



မော့ချလိုက်သည်။ ထိုအခါကျမှ သူ့မျက်နှာတွင် သွေးရောင်လွှမ်းလာသည်။ ဒေါက်တာဆူတန်က ဘာမှုမမေးဘဲ သူ ဘာပြောမလဲ ဆိုတာကို စောင့်နေသည်။ စည်သည်က ကုလားထိုင်တွင် နေရာပြင်ထိုင်လိုက်သည်။ သူ့လက်များက အငြိမ်မနေဘဲ ကြောက်ကြောက်ရွံ့ရွံ့ ပုံမျိုးဖြစ်နေသည်။ သူပြောပြသော သူ့အတွေ့အကြုံဇာတ်လမ်းက အထူးအဆန်း ဖြစ်နေပြန်သည်။

* * *

ကျုပ်နာမည်က မက်သယူး... ဖရန့်မက်သယူးပါ။ ကျုပ်စီးပွားရေးလုပ်ငန်းက ဓာတ်ပုံနှင့်ဓာတ်ပုံပစ္စည်း ရောင်းဝယ်ရေးပါ။ အရောင်းမြှင့်တင်ရေးတစ်ဦးပေါ့။ ကျုပ်ကုမ္ပဏီက ကျုပ်ကို ဒီဒေသဘက်ကို အရောင်းမြှင့်တင်ဖို့ တာဝန်ပေးလိုက်တာပါ။ ကျုန်ုပ်အရင်က ဒီဒေသတွေကို တစ်ခါမှမရောက်ဖူးပါဘူး။ ကျုပ် သွားနေကျအရပ်တွေ မဟုတ်တော့ တော်တော်ကြီးကို စိမ်းနေပါတယ်"

မက်သယူးက ပြောလက်စ စကားကို ခေတ္တရပ်လိုက်သည်။ ဒေါက်တာဆူတန်က...

"ဟုတ်ပါတယ်...ဒီလိုပါပဲ။ ကျုပ်လည်း တစ်ခါတစ်ရံတော့ မသွားချင်၊ မလုပ်ချင်တဲ့အရပ်နဲ့ အလုပ်တွေကို စိတ်မပါပေမယ့် လုပ်ရတာပဲ။ ခုလို တောမကျ၊ မြို့မကျနေရာလိုမျိုးကို ဘယ်လာလုပ်ချင်မှာလဲ။ မြို့ကြီးပြကြီးမှာ ဆေးခန်းတစ်ခုဖွင့်ပြီး ကားကလေးတစ်စီးနဲ့ သွားလာနေရရင် ဘယ်လောက်ကောင်းလိုက်မလဲလို့ စိတ်ကူးယဉ်ကြည့်ဖူးပါတယ်"





"ဟုတ်လိုက်လေ ဒေါက်တာရယ်။ -ကျုပ်အဖြစ်ကလည်း ဆိုးပါတယ်။ ဒေါက်တာ စဉ်းစားကြည့်လေ... ကျုပ်လိုမြို့ကြီးပြကြီးက လာတဲ့လူဟာ ကော်ကာမောက်ဟိုင်းရားဘူတာရုံမှာ ဆင်းလိုက်ရတဲ့ အချိန်ကစပြီး စိတ်အတော်ညစ်သွားပါတယ်"

ဒေါက်တာဆူတန်က ခေါင်းညိတ်လိုက်သည်။ နောက် ဘရမ်ဒီနှစ်ခွက်ကို ငှဲ့လိုက်ကာ တစ်ခွက်ကို စည်သည်လက်ထဲ ထည့်လိုက်သည်။ တစ်ခွက်ကို သူသောက်လိုက်သည်။ သူသည် အိပ်ရာထဲတွင် ,အိပ်လို့ကောင်းနေချိန် အနှိုးခံလိုက်ရသော်လည်း ယခုအချိန်တွင် သူ့မျက်လုံးများက ပြူးကျယ်နေရုံမက အိပ်ချင်စိတ်လည်း ပျောက်နေပြီဖြစ်သည်။ စည်သည်၏ဇာတ်လမ်းကိုလည်း စိတ်ဝင်စားစ ပြုနေပြီ။

"ကျုပ် ဒီဒေသရောက်တော့ ထူးတိနိုင်သမျှ ဒေသခံတွေနဲ့ မိတ်ဖွဲ့ပါတယ်။ ကျုပ်တတ်တဲ့အရောင်းပညာတွေနဲ့ အစွမ်းကုန် လုပ်ဆောင်ပေမယ့် ထင်သလောက် အရောင်းမပေါက်ဘူး။ ဒီမှာရှိတဲ့ ဒေသခံတွေကလည်း သိတဲ့အတိုင်း ကျွန်တော် မထိတွေ့ဖူးတဲ့ လက်သမား၊ စိုက်ပျိုးရေးသမား၊ ဘောက်လုပ်သားတွေများတော့ အရောင်းမတွင်ဘူးလေ။ ရွာတွေအထိသွားပေမယ့် ခြေသာညောင်းတယ်။ အလုပ်က မဖြစ်ဘူး။ ဒါကြောင့် ကျုပ်တို့နဲ့ အနီးဆုံးဒေသဖြစ်တဲ့ ဝိုက်ပေါးဗင်းကိုသွားဖို့ စိတ်ကူးမိတယ်။ ဒီလိုစိတ်ကူးပေါ်တဲ့ အချိန်က နည်းနည်းတော့နောက်ကျနေပြီ၊ ဘာပဲဖြစ်ဖြစ် ကျွန်တော့် မော်တော်ဆိုင်ကယ်နဲ့ဆိုရင် ဝိုက်ပေါးဗင်းက ရှိုင်ရယ်ဟိုယယ်ကို ဒီညတော့ ရောက်ကိုရောက်ရမယ်လို့တွက်ပြီး အဲဒီညနေပဲ ခရီး

www.burmeseclassic.com



ထွက်ခဲ့တယ်။ ကျုပ် ကံမကောင်းချင်တော့ လမ်းမှာမော်တော်ဆိုင်ကယ်က ဒုက္ခပေးပါတယ်။ တောလမ်းတစ်ခုကို ဖြတ်သွားတဲ့နေရာကျမှ ဆိုင်ကယ် ကာဘာရိတ်တာပို့တဲ့ ဆီပိုက်အဆက်က ဆီယိုနေတာမသိလို့ ဆီတိုင်ကီထဲက ဆီတွေအကုန်ယိုကျနေတာ သိလိုက် ရတယ်။ ဆိုင်ကယ်ပြင်ဆိုင်ကပဲ ပေါ့လျော့လို့လား၊ ကျုပ်ကပဲ မသေချာလို့လား၊ လမ်းကြမ်းလို့ပဲလား၊ တစ်ခုခုပေါ့ဗျာ။ ဆိုင်ကယ်ကတော့ ဆက်ပြီး စီးလို့မရအောင် ဖြစ်သွားတယ်။ ဓာတ်ဆီမရှိမှတော့ ဆိုင်ကယ်ကို ဘယ်လိုစက်နှိုးလို့ ရတော့မှာလဲ။ တွန်းရတဲ့အဖြစ်ပေါ့ဗျာ။ တွန်းလာရင်းမောလို့ နာရီကိုကြည့်လိုက်တော့ ည ၁၀ နာရီလောက်ရှိပြီ။ နာရီကို မီးခြစ်ပြီးကြည့်ရတယ်။ ပတ်ဝန်းကျင်တောရိပ်ကလည်းရှိတော့ မှောင်လိုက်တာကလည်း မပြောပါနဲ့တော့ဗျာ။

ကျုပ်မှန်းကြည့်တာကတော့ အနီးဆုံးရွာတစ်ရွာကိုရောက်ဖို့ ၆ မိုင်လောက်တော့ သွားရတယ်။ ကြယ်ရောင်နဲ့ အနီးပတ်ဝန်းကျင်က တဲတို့၊ အိမ်တို့များ ရှိမလားလို့ ရှာကြည့်တယ်။ အရိပ်အယောင်တောင် မတွေ့ရပါဘူး။ ပိုဆိုးတာက ညအမှောင်နဲ့အတူ မြူလိုလို၊ နှင်းလိုလို လေအေးတွေက တိုက်လာတယ်။ ကားအသွားအလာလည်း လုံးဝမတွေ့။ ဒေါက်တာလည်း ဒီဒေသအကြောင်းသိပါတယ်"

ဒေါက်တာဆူတန်က ခေါင်းညိတ်လိုက်သည်။ မက်သယူးက မောသွားဟန်ဖြင့် ဘာရမ်ဒီခွက်ကိုလှမ်းယူကာ တစ်ကျိုက်မော့သောက်လိုက်သည်။ နောက်ဓာတ်လမ်းကို ဆက်ပြန်သည်။





"ကြောက်တတ်သူ မဟုတ်ပေမယ့် တစ်ယောက်တည်း အရပ်ဒေသအကြောင်းလည်း မသိသူဆိုတော့ ညဥ့်နက်လာလေလေ၊ ကြောက်စိတ်ဝင်လာလေလေပေါ့ဗျာ။ မှောင်ကလည်းမှောင်၊ လူရိပ်လူခြေကလည်း မတွေ့။ အသံဗလံလည်း မကြားရဆိုတော့ အအေးဓာတ် လွှမ်းကဲလာတာတောင် ကျုပ်ကိုယ်မှာ ချွေးတွေပြန်နေတယ်။ ကျုပ်ဆိုင်ကယ်တွန်းလာရင်း အရိပ်မည်းတွေက ကျုပ်နောက်ကို လိုက်နေသလားလို့ ထင်မိတယ်။ လမ်းဘေးသစ်ပင်ရိပ်တစ်ခုကို ကျော်လိုက်စဉ်မှာပဲ လမ်းခွဲကလေးတစ်ခုကို ရိပ်ခနဲတွေ့လိုက်ရတယ်။ အဲဒီလမ်းခွဲကလေးကနေ လှမ်းမျှော်ကြည့်လိုက်တော့ မိုးထားတဲ့ အဆောက်အအုံတစ်ခုကို ခပ်ဝေးဝေးမှာ မြင်လိုက်ရတယ်။ ကျုပ်လည်း အတော်ဝမ်းသာသွားတယ်။ ကျုပ်နောက်လိုက်လာတဲ့ အရိပ်မည်းတွေလည်း ရုတ်ခြည်းပျောက်သွားတယ်"

"တဖြည်းဖြည်းနဲ့ အဆောက်အအုံက ထင်ရှားလာတယ်။ ကျုပ်စိတ်ထဲမှာ ထမင်းဆိုင်လိုလို၊ တည်းခိုခန်းလိုလိုမျိုးပဲ။ ဘာပဲဖြစ်ဖြစ် စားစရာတစ်ခုခုနဲ့ တည်းစရာတော့ ရနိုင်မှာပဲဖြစ်လို့ ဝမ်းသာနေတယ်။ အဆောက်အအုံဆီကို သွားတဲ့လမ်းက လမ်းကျဉ်းကလေးဖြစ်ပြီး ကွေ့ကွေ့ကောက်ကောက်နဲ့ ဘေးမှာလည်း သစ်ပင်တွေက အုပ်ဆိုင်းနေသေးတယ်။ ကျုပ် မှောင်ထဲမှာ အခုလိုတွေ့ရတာလိုပဲ ကံကောင်းလို့ဟု ယူဆမိလိုက်တယ်။ အနားရောက်လာတော့မှ အဆောက်အအုံကြီးက ခေတ်တော်တော်နောက်ကျတဲ့ ကမ္ဘာစစ်မဖြစ်ခင်က အဆောက်အအုံမျိုး။ အပေါ်ထပ်တံခါးတွေက လေတိုက်လို့ တကျွိကျွိမြည်ပြီး ပွင့်လိုက်၊ ပိတ်လိုက်ဖြစ်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဆောက်အအုံရဲ့ ရှေ့ဘက်နားမှာ ဆိုင်းဘုတ်တစ်ခု ချိတ် ထားတာ တွေ့ရတယ်၊ ဘာတွေရေးထားသလဲတော့ သဲသဲကွဲကွဲ ဖတ်မရ ဘူး။ ကျုပ်ကတော့ ဆိုင်နာမည်ကို စိတ်မဝင်စားနိုင်ပါဘူး။ ကျွန်းတံခါးကြီးရှိတဲ့ နေရာကိုသွားပြီး တံခါးကို ခပ်ကြမ်းကြမ်းခေါက် လိုက်ပါတယ်။ ဆိုင်ကယ်ကိုတော့ အဆောက်အအုံရှေ့ တစ်နေရာမှာ ရပ်ထားလိုက်တယ်။ တံခါးကို ခပ်ကြမ်းကြမ်းထုတာတောင် အထဲက တုံ့ပြန်သံ ဘာမှမကြားရဘူး။ တံခါးကြီးအောက်ကနေတော့ အလင်း ရောင် နည်းနည်းထွက်နေတာ တွေ့ရတယ်။ ကျုပ်မျက်လုံးတွေက အမှောင်ထုကို နည်းနည်းတော့ ကျင့်သားရလာပြီ။ ကြယ်ရောင် လရောင်ရေးရေးကလည်း အထောက်အကူပေးပါတယ်။ နောက်ထပ်ပြီး တံခါးကို ခပ်ကြမ်းကြမ်းခေါက်လိုက်ပါတယ်။

ပတ်ဝန်းကျင်ကို အကဲခတ်လိုက်တဲ့အခါမှာ အဲဒီအဆောက် အအုံကြီးက ထမင်းဆိုင်ဖြစ်တဲ့ ဆိုင်းဘုတ်တစ်ခုကို ဖတ်လိုက် တယ်၊ အဲဒီဆိုင်းဘုတ်ကို ခေါင်းမပါတဲ့ လူခြောက်ယောက် ထမ်းပိုးထားတဲ့ပုံဗျာ။ ဆိုင်းဘုတ်ရှေ့မှာလည်း ကျောက်စာတိုင် ကလေးတစ်ခု တွေ့ရတယ်။ ကျောက်စာတိုင်မှာ ရေးထားတဲ့စာ 'ခရီးဆုံး' တဲ့၊ ဆိုင်ရှင်က ရှေးဟောင်းပစ္စည်း မြတ်နိုးသူလား ဒါမှမဟုတ် ဟာသဆန်သူလား ကျုပ် စဉ်းစားနေမိတယ်။

ကျုပ်က မျက်စိသာ ပတ်ဝန်းကျင်ကို လျှောက်ကြည့်နေတာ လက်ကတော့ တံခါးကိုထုနေဆဲပဲ။ မကြာပါဘူး။ အပေါ်ထပ်က အသံတချို့ကြားရပြီး မီးရောင်ကိုပါ တွေ့လိုက်ရတယ်။ ကျုပ်တံခါး ခေါက်နေတာကိုရပ်ပြီး အပေါ်ထပ်ကို မေးကြည့်နေမိတယ်။ အဲ





အခါမှာ မီးရောင်က ပြန်ငြိမ်းသွားတယ်။ ဒါနဲ့ ကျုပ်က တံခါးကို ပြန်ခေါက်ဖို့ ရွယ်လိုက်ချိန်မှာပဲ အထဲက ခြေသံတရှပ်ရှပ် အသံများနဲ့ အတူ တံခါးကလန့်များ လှုပ်ရှားသံကြားရပြီး တံခါးပွင့်သွားတာ တွေ့လိုက်ရတယ်။

တံခါးပွင့်သွားလို့ ရုတ်တရက် ရင်ဆိုင်တွေ့လိုက်ရတဲ့ လူ ကြောင့် ကျုပ်ရဲ့ကျောတစ်လျှောက် ရေခဲရည် အလောင်းခံလိုက် ရသလို စိမ့်သွားတယ်။ လူပုံက တုတ်တုတ်ခိုင်ခိုင်၊ အရပ်ကပုပု၊ ခေါင်းမှာက ဆံပင်တစ်ချောင်းမှမရှိ။ မျက်နှာတစ်ခုလုံးက ပြားချပ်ချပ် ကြောင်ရော်၊ မျက်လုံးနှစ်လုံးနေရာက ချိုင့်ပဲရှိတယ်။ မျက်လုံးမရှိဘူး။ ခေါင်းတစ်ပြင်လုံးကလည်း အမာရွတ်တွေ ပြည့်နေ တယ်။ သူလမ်းလျှောက်ပုံက လက်တွေကို ရှေ့ကိုဆန့်တန်းပြီး မျက်စိလို အသုံးချပြီး လျှောက်လာနေတာ။ အဲဒီတော့ ဖြုန်းခနဲ နှိုးသွားတာပေါ့။

မက်သယူးက အနည်းငယ်ပြင်ထိုင်ပြီး အရက်ခွက်ဆီသို့ လက်လှမ်းလိုက်သည်။ ဆရာဝန်က အလိုက်သိစွာ ထပ်ငှဲ့ပေး လိုက်သည်။ ပြီးမှ "ဆက်ပြောပါဦး" ဟု ပြောလိုက်သည်။

အဲဒီလူဝတ်ထားတဲ့ အဝတ်ကိုလည်း ကြည့်ဦးဗျာ။ ပုံမကျ နှိမ့်မကျ။ ညဝတ်အင်္ကျီရှည် အနက်ရောင်ကြီး။ အဲ...သူ့နောက်က ဖယောင်းတိုင်ကြီးကိုကိုင်ပြီး တပ်လိုက်လာတဲ့ အမျိုးသမီး ကတော့ တော်တော်ချောတဲ့ အမျိုးသမီးဗျ။ မျက်လုံးမျက်ခုံးကောင်း၊ နှာတံစင်းပြီး အရပ်ကမနိမ့်မမြင့်။ ကိုယ်လုံးကိုယ်ပေါက်ကလည်း အချိုးကျတော့ ဝတ်စားထားတဲ့ အဖိုးတန်ညဝတ် ဖဲအင်္ကျီနဲ့ ကတော့ လိုက်ဖက်ကို



www.burmeseclassic.com

www.burmeseclassic.com



ညီနေတာပဲ။ အသက်ကလည်း သုံးဆယ် ဝန်းကျင်လောက်ရှိမေ
စောစောက ကိုရှပ်ဆိုးကိုတွေ့ပြီး ထိတ်လန့် သွားသလော
အဲဒီအမျိုးသမီးကျတော့ ငေးကြည့်နေမိတယ်။ သူမကလည
အရောင်တောက်နေတဲ့ မျက်လုံးကြီးတွေနဲ့ ကျုပ်ကို အကဲခတ်နေတ
ကျုပ် တော်တော်နဲ့ စကားမပြောဖြစ်ဘူး။ နောက်မှ အ
မမျှော်လင့်ဘဲ ဒုက္ခရောက်လာလို့ တစ်ညတာ တည်းခို
ခွင့်တောင်းရတာပေါ့ဗျာ။

မျက်မမြင်ဒုက္ခိတကြီးက ဆိုင်ရှင်ဖြစ်ပုံရတယ်။ ကျ
တည်းခိုခွင့်တောင်းတဲ့အခါ ကျုပ်မျက်နှာကို လက်နဲ့စမ်းကြည့်
တယ်။ အခံရခက်တာပေါ့ဗျာ။ မကြိုက်တဲ့၊ မနှစ်သက်တဲ့မျက်နှ
ကို အမျိုးသမီးက မြင်သွားတော့ ကိုရှပ်ဆိုးကို...

"တည်းခိုခွင့်ပေးလိုက်ပါ။ သူ့ကြည့်ရတာ ဒုက္ခရောက်
ပုံပါ" လို့ ဆိုလိုက်လို့ ကိုရှပ်ဆိုးက ကျုပ်ကို ဝင်ခွင့်ပေးပါတ
ကျုပ်အဖြစ်က ရွေးစရာနေရာမရှိလို့သာ သူတို့ဆီ ဝင်လိုက်ရတာ
တကယ်တော့ အဲဒီပတ်ဝန်းကျင်မှာ နွားတင်းကုပ်ဖြစ်ဖြစ်၊ ကြ
ဖြစ်ဖြစ် အိုဗျာ...ကောက်ရိုးပုံပဲ တွေ့ရင်တောင် တစ်ညတာကိုေ
ဖြစ်သလို အိပ်လိုက်ချင်တာပါ။ ဆိုင်ရှင် ကိုရှပ်ဆိုးပုံကို
ကတည်းက နည်းနည်းမှ တည်းချင်တာ မဟုတ်ဘူးကွာ။ ရွေး
နေရာ မရှိလို့သာ။ ဆိုင်က နှစ်ထပ်ဆိုတော့ အမျိုးသမီး
ဦးဆောင်ပြီး ကျုပ်ကို အပေါ်ထပ်ကို ခေါ်သွားတယ်။ အခန်းတစ်
ဖွင့်ပေးပါတယ်။ ကျုပ်က စားစရာ၊ သောက်စရာများ ရနိုင်သေးသ
မေးတော့ အမျိုးသမီးက နှုတ်ကမဖြေဘဲ ခေါင်းယမ်းပြတ





ချက်နှာကလေးကတော့ ပြုံးလို့ဗျာ။ ဘာကို သဘောကျပြီး ပြုံးသလဲ
တော့ မသိဘူး။ ကျုပ်ကလည်း အစားအသောက်မရလည်း ထိခွ
ရှိပါဘူး။ ညအကို တည်းခိုခွင့်ရတာကိုပဲ ကျေးဇူးတင်လှပြီမို့
အမျိုးသမီးကို "ကောင်းသောညပါ" လို့တောင် နှုတ်ဆက်လိုက်ပါ
သေးတယ်။

အခန်းတွင်းကို လှည့်ကြည့်လိုက်တော့ ပွတ်လုံးတိုင်ကြီး
တွေနဲ့ ရှေးဟောင်းခုတင်ကြီးတစ်လုံး တွေ့တယ်။ ခုတင်တိုင်မှာ
အလှဆင်ထားတဲ့ ခါနားတွေကလည်း အလွန်ရှေးကျတဲ့ အဖြင်
အဆင်၊ မျက်နှာသစ်ဖို့ ကြွေစလုံနဲ့ မျက်နှာသုတ်ပဝါတစ်ခုက
အခန်း ထောင့်တစ်ခုမှာ နေရာယူထားတယ်။ ကြွေစလုံဘေးမှာက
ရှေးဆန် တဲ့ ဝက်သစ်ချသား ဗီရိုကြီးတစ်လုံး။ ကုလားထိုင်နှစ်လုံးလည်း
တွေ့တယ်။ တခြားပစ္စည်းတွေတော့ မတွေ့ဘူး။ အခန်းတစ်နေရာ
မှာတော့ တံခါးပေါက်တစ်ခု ပိတ်လျက်တွေ့ရလို့ ဆွဲဖွင့်ကြည့်
လိုက်တော့ ဖွင့်လို့မရဘူး။ သော့ပေါက်ကနေ ချောင်းကြည့်တော့
လည်း အထဲကမှောင်နေလို့ ဘာမှမမြင်ရဘူး။

ဘာပဲဖြစ်ဖြစ်... ကျုပ်လည်း မောလာလို့ အပေါ်အကျီ
အဝတ်အစားတွေချွတ်ပြီး အနားယူရန်ပြင်လိုက်တယ်။ ကျုပ်ရောက်
နေတဲ့ အခန်းတစ်ခုလုံး ရှေးဟောင်းပစ္စည်းတွေချည်းပဲ။ မီးအိမ်
ထွန်းတိုင်ကြီးကလည်း အတော်ကြီးမားပြီး လှနှစ်ယောက်
အသည်းအသန် ချီမမှရမည့်ပုံမျိုး။ ဆိုင်ရှင်က ရှေးဟောင်းဝစ္စည်း
အတော်မြတ်နိုးပုံရတယ်။

ကျုပ် ခုတင်ပေါ်မှာ လှဲနေသော်လည်း ထူးဆန်းတဲ့ ချက်ချင်



www.burmeseclassic.com

www.burmeseclassic.com



လူကြီးနဲ့ အခန်းလိုက်ပြတဲ့အမျိုးသမီးအကြောင်း မဆီမဆိုင် စဉ်းစား နေမိတယ်။ အရုပ်ဆိုးတဲ့လူကြီးနဲ့ ချောချောလှလှ အမျိုးသမီးတို့ နှစ်ယောက်တည်း အတူနေတာကိုက အတော်ထူးဆန်းနေတယ်။ သူတို့က လင်မယားလား၊ အတင်းအဓမ္မ သိမ်းပိုက်ထားတာလား မလိုက်ဖက်သော လူနှစ်ယောက် အတူနေကြတာဟာ ဒုက္ခ ဆင်းရဲခြင်းလား။ ကျုပ်အတွေးတွေ ပျံ့လွင့်နေတယ်။

အတွေးများရပ်သွားတောင် အိပ်လို့မရသေး။ ပူအိုက်လာတော့ ရေချိုးချင်စိတ်တွေ ဖြစ်လာတယ်။ တံခါးပိတ်ထားတဲ့အခန်းကို သတိ ရလို့ အဲဒီအခန်းဟာ အိပ်ခန်းနဲ့တွဲထားတော့ ရေသန့်စင်ခန်း ဖြစ်ရမယ်လို့ ယူဆပြီး ကျုပ်မှာပါလာတဲ့ သော့တွဲနဲ့ တစ်ချောင်းပြီး တစ်ချောင်း ဖွင့်ကြည့်တော့ တစ်ခုနဲ့အဆင်ပြေသွားတယ်၊ ထင်တဲ့ အတိုင်း မလွဲပါဘူး။ ရေချိုးခန်းနဲ့ အိမ်သာခန်းဖြစ်နေတယ်။ မသုံး တာ ကြာပြီနဲ့တူပါတယ်။ အခန်းကမှောင်ပြီး ညစ်ပတ်နေတယ်။ အနံ့အသက်ကလည်း မကောင်းဘူး။ အမှောင်ရိပ်ကျနေတဲ့ ဘုံဘိုင် ခေါင်းကိုစမ်းပြီး ရေ ဖွင့်ကြည့်မိတယ်။ ရေကျသံကို ကြားရတယ်။ မှုန်ဝါးဝါးအလင်းရောင်ထဲမှာ မြင်လိုက်မိတာက မသုံးတာကြာလို့ သံချေးတွေနဲ့ရောပြီး ကျလာတဲ့ပုံမျိုးပဲ။

မှန်အိမ်မီးတိုင်ကလည်း ရွှေ့လို့မရဆိုတော့ ရေများများ ကန်ထဲရောက်လာရင်တော့ ကြည်လာကောင်းရဲ့ဆိုပြီး ဘုံဘိုင်ကို ဖွင့်ပြီး အိပ်ရာဆီပြန်လာခဲ့တယ်၊ စောင့်ရင်း အိပ်ရာထဲမှာလှဲနေ လိုက်တယ်။ ရေချိုးပြီးရင်တော့ အိပ်လို့ရတန်ကောင်းရဲ့လို့ တွေးနေ မိတယ်။ ရေကျသံကလည်း စိတ်မရှည်ပါဘူးဗျာ။ တစ်စက်ချင်း





ကျနေသံဆိုတော့ ကျုပ်လည်း စိတ်မရှည်တာနဲ့ ရသလောက်ရေနဲ့ဝဲ ချိုးမယ်ဆိုပြီး ရေချိုးခန်းဆီ ပြန်လာခဲ့တယ်။ ညဝတ်အကျႌချွတ်ပြီး ရေချိုးကန်ထဲခြေချလိုက်တာနဲ့ ခြေထောက်ကိုစေးကပ်ကပ်အရည် တွေ နင်းမိလိုက်သလို ထင်လိုက်လို့ ခြေထောက်ကို အမြန်ထုတ် လိုက်ပြီး မီးရောင်နည်းနည်းရှိတဲ့နေရာမှာ စစ်ဆေးကြည့်လိုက်တော့ ဘုရား... ဘုရား သွေးတွေပါလား။ ကျုပ်လည်းလန့်ပြီး နောက်ကို ခုန် လိုက်မိတယ်။ နောက် ခေါင်းထဲမှာ မိုက်ခနဲဖြစ်ပြီး လဲကျသွားတယ်။ ဘယ်လောက်ကြာအောင် သတိလစ်သွားသလဲ မသိဘူး။ သတိရ တော့ ရေချိုးကန်ဘေးမှာ ခွေခွေကလေးလဲနေတာ ခြေထောက်နဲ့ လက်မှာလည်း သွေးတွေနဲ့။ ကျုပ် ချက်ချင်း သတိရလိုက်တယ်။ ဒါဟာ လူသွေးတွေ၊ အနံ့ကလည်း ညှီစို့စို့နဲ့။

ကျုပ်အာရုံထဲမှာ အိပ်မက်လိုလို၊ တကယ်လိုလိုနဲ့ ကျုပ်လည်းကြောက်ပြီး အနီးဆုံးမှာတွေ့တဲ့ မျက်နှာသုတ်ပဝါနဲ့ ပေကျံနေတဲ့ သွေးတွေကို သုတ်လိုက်တယ်။ အခန်းထဲက အမြန် ထွက်ပြီး အလင်းရောင်ရှိတဲ့ အိပ်ရာပေါ်မှာထိုင်ပြီး စိတ်ကိုငြိမ်အောင် လုပ်နေမိတယ်။ မကြုံဖူးတာတွေတော့ ကြုံနေရပြီ။ မဖြစ်နိုင်တာ တွေလည်း ဖြစ်နေပြီ။ ဒါတွေက အိပ်မက်မဟုတ်တာတော့ သေချာ တယ်။ ကျုပ် ခုတင်ပေါ်မှာထိုင်ပြီး အကြောက်နည်းနည်းပြေလာတော့ ချွတ်ထားတဲ့အဝတ်တွေ အကုန်ပြန်ဝတ်လိုက်တယ်။ အိပ်လို့လည်း မရတော့ဘူး။ ကျုပ်အတွေးထဲမှာတော့ ဒီအခန်းထဲမှာ လူသတ်ပြီး အသတ်ခံရတဲ့လူရဲ့ သွေးတွေဖြစ်ရမယ်။ နောက် လူသေအလောင်း ကိုတော့ တစ်နေရာရာမှာ ဖွက်ထားရမယ်။ သွေးတွေကတော့ ကန်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုထဲ ထည့်ထားတာဖြစ်ရမယ်။ စောစောက ကိုရုပ်ဆိုးနဲ့ ခပ်ချောချောမိန်းမနဲ့ ပတ်သက်နေရမယ်လို့ ဆုံးဖြတ်တယ်။

ကျုပ်အတွေးတွေ ဗယောက်ဗယက်ဖြစ်နေတယ်။ ဆက်နေလို့တော့ မဖြစ်တော့ဘူး။ ထွက်ပြေးဖို့ လမ်းရှာမှ ဖြစ်တော့မယ်။ ပြတင်းပေါက်တွေကလည်း တံခါးရွက်အပြင် သံတိုင်တွေပါစိုက်ထားလို့ ပြတင်းပေါက်ကတော့ ထွက်လို့မရ။ တံခါးမကြီးကို တွန်းကြည့်တော့လည်း အပြင်က သော့ခတ်ထားတယ်။ စိတ်ထင်တော့ ကျုပ်ကို သူတို့ထွက်ပြေးလို့မရအောင် လုပ်ထားတာ။ ကျုပ် ဘာဆက်လုပ်ရမလဲလို့ စဉ်းစားနေချိန်မှာ တရှပ်ရှပ်ခြေသံတွေ ကြားလာရတယ်။ လှေကားကို တပြည်းပြည်းချင်းတက်လာတဲ့ ခြေသံမျိုး ကျုပ်အခန်းရှေ့ကိုရောက်တော့ ရပ်သွားတယ်။

ကျုပ် အသက်ရှုနည်းနည်းရပ်သွားတယ်။ ကျုပ်မျက်စိကတော့ တံခါးဖွင့်တဲ့ လက်ကိုင်ဘုအပေါ် ရောက်နေတယ်။ လက်ကိုင်ဘုက တဖြည်းဖြည်းချင်းလည်နေတာကို ကျုပ်မျက်လုံးပြူးပြီး ကြည့်နေမိတယ်။ ကျုပ်တစ်ကိုယ်လုံး တောင့်တင်းပြီး သွေးတွေနားထင်များ ရောက်နေသလားပဲ။ ရေချိုးခန်းထဲ၊ ရေဘုံဘိုင်ထဲက သွေးတွေ တစ်စက်ချင်း တတောက်တောက်ကျနေသံပဲ ကြားရတယ်။ အဲဒီအချိန်မှာ တံခါးရွက်ဟသွားပြီး အပြင်က လေနုအေးတွေ ကျုပ်ရဲ့ပါးပြင်ပေါ်ကို ကျရောက်လာတာကို သိလိုက်တဲ့အချိန်မှာ ကျုပ်ပါးစပ်က အသံတွေထွက်လာတယ်။

"ထွက်သွား... ထွက်သွား... ဝင်မလာနဲ့ ထွက်သွား"

ကျုပ်လည်း ကြောက်လန့်ပြီး ပွင့်လာတဲ့တံခါးကို ပခုံးနဲ့





တွန်းထားလိုက်တယ်။ ဘယ်လောက်ကြာကြာ တွန်းထားမိသလဲ မသိဘူး။ တရှပ်ရှပ်ခြေသံတွေ တံခါးဝက တဖြည်းဖြည်းဝေးသွားတော့မှ စိတ်ကိုလျှော့ချလိုက်တယ်။ နောက်မှ စဉ်းစားမိတာက ဆိုင်ပိုင်ရှင် မျက်မမြင်ကြီးကို ဘာလို့များ ကြောက်မိပါလိမ့်လို့။ တကယ်ဆို သူလိုမျက်မမြင်ကြီးကို တစ်ခုခုနဲ့ ရိုက်လွှတ်လိုက်ရင်တောင် ဖြစ်တယ်။ အကြောက်တရားက အလွန်အကျွံကြောက်လာရင် မှန်မှန်ကန်ကန် မတွေးတတ်တော့ဘူးလေ။

ကျုပ် တံခါးလေးကို ဟပြီးကြည့်လိုက်တယ်။ လှေကားတစ်လျှောက်လည်း မှောင်လို့။ ထွက်ပြေးဖို့က ဒီလောက်မှောင်နေတော့ ဘယ်လိုပြေးရမှန်းမသိ။ အခန်းထဲကို ပြန်ဝင်လိုက်တယ်။ အိပ်ခန်းသော့ကလည်းမရှိ။ ကိုရုပ်ဆိုးယူသွားတာ ဖြစ်မယ်။ အခန်းထဲက တော်သစ်ချဗီရိုကြီးကို မနိုင့်တနိုင်နဲ့ ရွှေ့ပြီး တံခါးဝမှာ ပိတ်ထားလိုက်တယ်။ နောက် ခုတင်ပေါ်မှာ ပစ်လှဲချလိုက်တယ်။ မျက်လုံးက အပေါ်တည့်တည့်ကို ကြည့်လိုက်တော့ ဘာတွေ့တယ်ထင်သလဲ။ ကျုပ် အင်မတန်ကြောက်တဲ့ ပင့်ကူဗျာ။ ငနဲသားက ကျုပ်မျက်နှာတည့်တည့်မှာ တွဲလောင်းခိုလို့။ ကြွက်တို့၊ ပိုးဟပ်တို့၊ မြွေတို့ တော်ရုံ တိရစ္ဆာန်ကို ကျုပ်မကြောက်တတ်ပါဘူး။ ပင့်ကူမြင်ရင်တော့ ကျုပ် သတ္တိတွေ ဘယ်ရောက်ကုန်သလဲ မသိပါဘူး။ ကျုပ် လှဲအိပ်နေတဲ့ ခုတင်မျိုးကလည်း တစ်မျိုးထူးခြားနေတယ်။ ခုတင်ခေါင်းမိုးအလယ်လောက်မှာ သံချောင်းအချွန်တစ်ခုကို မျက်နှာကြက်မှာ ချိတ်ဆွဲထားတယ်။ အဖျားကလည်း ချွန်မြလို့ ချိတ်ကလေးတစ်ခုလည်း ပါသေးတယ်။ ရှေးရှေးက ဘာတွေချိတ်ဆွဲပြီး အလှ



www.burmeseclassic.com

www.burmeseclassic.com



ဆင်တာလည်း မသိပါဘူး။ ကျုပ်စောစောကပြောတဲ့ ပင့်ကူက သံချိတ်နဲ့ ကျုပ်ခေါင်းရင်းက ခုတင်တိုင်နဲ့တွဲပြီး အိမ်ဖွဲ့နေတာဗျ။ ပိုပြီး အသည်းယားဖို့ကောင်းတာက ကျုပ်မျက်နှာတည့်တည့်မှာ တွဲလောင်းကျနေတဲ့ ပင့်ကူမျှင်တစ်ချောင်းကို ကိုရွှေပင့်ကူက တွဲလောင်းခိုနေတာဗျ။ ကျုပ်က မြော်ကြည့်လိုက်ရင် သူအိမ်ဖွဲ့ထားတဲ့ ပင့်ကူအိမ်ရဲ့အလယ်ကို သွားနေတယ်။ ဒါပေမဲ့ မကြာပါဘူး ပြန်ဆင်းလာပြီး ကျုပ်မျက်နှာတည့်တည့်မှာ တွဲလောင်းခိုနေပြန်ရော။

ကျုပ်ကလည်း ပက်လက်အိပ်နေတာဆိုတော့ မျက်လုံးက ပင့်ကူအိမ်ဆီပဲ ရောက်ရောက်နေတယ်။ ပင့်ကူကိုစိုက်ကြည့်လို့လား မသိဘူး မျက်ခွံတွေ တဖြည်းဖြည်းလေးလာတယ်။ သိပ်မကြာဘူး အိပ်ပျော်သွားရော။ ကျုပ်ပါးပေါ်ကို တစ်စုံတစ်ခုပြုတ်ကျလာလို့ လန့်နိုးသွားတဲ့အချိန်မှာ သိလိုက်ရတာက စောစောကပင့်ကူပဲ။ ကျုပ်လည်း လန့်ပြီးအော်လိုက်တယ်။ တစ်ချိန်တည်း ထခုန်မိ သွားတာပေါ့။ အဲဒီအချိန်မှာ ခုတင်အလည်တည့်တည့်က ချိတ်ထားတဲ့ သံချောင်းကြီးဟာ ကျုပ်စောစောကအိပ်နေတဲ့ အလယ်တည့်တည့်ကို ဝုန်းခနဲအသံနဲ့အတူ ပြုတ်ကျလာတယ်။ မွေ့ရာကို ထောင် စူးဝင်ပြီးစိုက်နေပါတယ်။

ပင့်ကူကြောက်စိတ်တွေလည်း ဘယ်ရောက်သွားမှန်း မသိ တော့ပါဘူး။ အမှန်တော့ ပင့်ကူကြောင့် အသက်ဘေးက သီသီ ကလေး လွတ်ခဲ့ရတာပါ။ ခုတင်အလယ်တည့်တည့်မှာ စိုက်နေတဲ့ သံချောင်းကြီးကို သေသေချာချာကြည့်နေမိတယ်။ တကယ်တော့ အတော်ကြောက်စရာကောင်းတဲ့ လူသတ်ထောင်ချောက်တစ်ခုပါပဲ။





ခုတင်အလယ်တည့်တည့်ကို အနေတော်ချိန်ထားပြီး လျှို့ဝှက်တဲ့ နေရာက ခလုတ်ကို ဖြုတ်ချလိုက်တာ ဖြစ်မယ်။ အိပ်ပျော်နေလို့ကတော့ နှလုံးသားတည့်တည့်နေရာပဲ။

ကျုပ် အိပ်ခန်းအလယ်မှာရပ်ပြီး တွေးနေတုန်း နံရံကို တုတ်ခြစ်သံတွေ ကြားနေရတယ်။ ဘယ်နေရာကလဲဆိုတော့ ခုတင်နဲ့ကပ်လျက်က နံရံကို ကုတ်ခြစ်နေတာ ထင်ထင်ရှားရှား ကြားလိုက်ရတယ်။ အဲဒီနေရာမှာ အက်ကြောင်းတစ်ခု ရုတ်တရက် ပေါ်လာတယ်။ ,အက်ကြောင်းကြားက မီးရောင်တစ်ခုကိုလည်း မြင်လိုက်ရတယ်။ ကျုပ်ဟာ လျှပ်တစ်ပြက်ဆုံးဖြတ်ပြီး မီးအိမ်ကို ငြိမ်းလိုက်တယ်။ နောက် ရေချိုးခန်းထဲဝင်ပြီး တံခါးကိုဆွဲပိတ် လိုက်တယ်။

ရေချိုးခန်းထဲကို မဝင်ရဲပေမယ့် ပြေးစရာက ဒီအခန်းပဲရှိတော့ တာကိုး။ နောက် ကျုပ် တံခါးကိုတဖြည်းဖြည်းဟပြီး ချောင်းကြည့် လိုက်တော့ အက်ကွဲသွားတဲ့နံရံဟာ တဖြည်းဖြည်းကျယ်လာပြီး လက်တစ်ဖက်က အရင်ထွက်လာတယ်။ နောက် အုတ်အပိုင်းအစ တွေကိုဖယ်ပြီး ထွက်လာတာက ကျုပ်ထင်တဲ့အတိုင်း ပိုင်ရှင် ကိုရုပ်ဆိုးကြီးပဲ။ သူက အခန်းထဲကို တရွေ့ရွေ့ဝင်လာပြီး လက် နှစ်ဖက်ဆန့်တန်းကာ ဟိုစမ်းဒီစမ်းလုပ်နေတယ်။ နောက် ကျုပ် အိပ်တဲ့ နေရာကိုသွားပြီး လက်နဲ့စမ်းကြည့်နေပါတယ်။ အခန်းထဲကို ထပ်ဝင်လာတာက စောစောက ခပ်ချောချောအမျိုးသမီးပဲ။ လက် တစ်ဖက်က မီးအိမ်ကိုကိုင်ထားတယ်။ ထူးခြားတာကတော့ သူ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာဟာ ရောက်စက၊ တွေ့တုန်းက မျက်နှာနဲ့မတူဘဲ ကြောက်စရာကောင်းနေတယ်။

ကိုရုပ်ဆိုးက ခုတင်ပေါ်စိုက်နေတဲ့ သံချောင်းတစ်ချောင်းကို လက်နဲ့လိုက်စမ်းနေတယ်။ ဘာမှမတွေ့တော့ ဒေါသထွက်ပြီး တောက်တစ်ချက်ခေါက်လိုက်တယ်။ အမျိုးသမီးကလည်း သဘော ပေါက်သွားပြီး…

"ရေချိုးခန်းထဲမှာရှိမယ်… မြန်မြန်လိုက်"

ကိုရုပ်ဆိုးကို လက်နဲ့ဆွဲခေါ်ပြီး ကျုပ်ရှိတဲ့ ရေချိုးခန်းဘက်ကို လှည့်လာကြတယ်။ ကျုပ်အတွက် အချိန်ဟာ ထွက်ပြေးဖို့ပဲရှိတော့ တယ်။ ဒါကြောင့်မို့ ရေချိုးခန်းထဲမှာ လှည့်ပတ်ကြည့်လိုက်တော့ ရေပိုက်တွေအပေါ်မှာ မျက်နှာကြက်က အပေါက်တစ်ခု တွေ့လိုက် တယ်။ ကျုပ်လည်း အချိန်မဆွဲဘဲ ပိုက်ဆက်တွေကို လှမ်းဆွဲလိုက်ပြီး အပေါက်ထဲကိုဝင်လိုက်တယ်၊ အပေါ်ရောက်တော့ ထုပ်တန်းတွေကို ဆွဲခိုပြီး မျက်နှာကြက်ပေါ်က သစ်သားတန်းမှာ ငြိမ်ပြီးရပ်နေလိုက် တယ်။ နှာခေါင်းထဲကိုလည်း ညှီစို့စို့အနံ့တွေ ဝင်လာတယ်။ အဲဒီ အချိန်မှာ ရေချိုးခန်းတံခါးလည်း ဝုန်းခနဲပွင့်သွားတာ ကြားလိုက်ရ တယ်။ အပေါ်က ကျုပ်ကို သူတို့မြင်သွားနိုင်သလား။ ကျုပ်လည်း တတ်သရွေ့၊ မှတ်သရွေ့ ဘုရားစာတွေ ရွတ်နေမိတယ်။

အမျိုးသမီးက ရေချိုးကန်အောက်ကို လက်နှိုက်ပြီး တစ်ခုခု ရှာနေတာ မြင်နေရတယ်။ သူ လက်ပြန်ရုတ်လိုက်တော့ လက်ထဲမှာ ပေါက်ဆိန်တစ်လက်ပါလာတာ တွေ့လိုက်ရတယ်။ သူမက…





ပေါက်ဆိန်ကို တဝင့်ဝင့်ဝှေ့ယမ်းပြီး မကောင်းဆိုးဝါးအသံကြီးနဲ့ ကျုပ်ရှိမယ့်အပေါ်ကို လှမ်းအော်လိုက်တယ်။

"ခုချက်ချင်း… ဆင်းခဲ့စမ်း။ တို့ဆိုင်မှာ တည်းခိုတဲ့အတွက် တစ်ခုခုတော့ ပေးဆပ်မှုရှိရမယ်"

ကျုပ်လည်း ကြောက်ကြောက်နဲ့ ဘာသံမှမပေးဘဲ ငြိမ်နေမိ တယ်။ အမျိုးသမီးက တောရိုင်းတိရစ္ဆာန်တစ်ကောင်လို အော်ပြီး လက်တစ်ဖက်က ကိုင်ထားတဲ့မီးအိမ်ကို ကိုရုပ်ဆိုးလက်ထဲ ထည့် လိုက်တယ်။ နောက် ကျုပ်တက်လာခဲ့တဲ့ ရေပိုက်တစ်ချောင်းက တက်လာပါတော့တယ်။ ကျုပ်လည်း ထွက်ပေါက်ရှာရတော့တာ ပေါ့။ မျက်နှာကြက်သားက မှန်ပြတင်းပေါက်တစ်ခုကို တံတောင်နဲ့ ဆောင့်ပြီး ခွဲလိုက်ပါတယ်။ အဲဒီအပေါက်ကတစ်ဆင့် ခက်ခက်ခဲခဲ အပြင်ကိုထွက်လိုက်တယ်၊ ကျုပ်အမိုးတစ်ခုပေါ်ကို ရောက်လာ တယ်။ အမျိုးသမီးကလည်း ကျုပ်နောက်က ထက်ကြပ်မကွာလိုက် လာတယ်၊ ကျုပ်က အမိုးပေါ်မှာ လမ်းလျှောက်သွားရင်း တစ်နေရာ ရောက်တော့ ခြေချော်ကျသွားတယ်။

ကျုပ် လိမ့်ဆင်းသွားလိုက်တာ အမိုးနှစ်ခု ဆက်ထားတဲ့နေရာ ရောက်တော့ အရှိန်လွန်ပြီး ပြုတ်အကျမှာ လက်က တစ်ခုခုကို ခမ်းဆွဲမိလိုက်တယ်။ ဆွဲမိလိုက်တာက ရေတံလျှောက်ဖြစ်နေတယ်။ တိုးလိုးတွဲလောင်းဖြစ်နေချိန်မှာ ခြေထောက်အောက်က မမိမကမ်းနဲ့ နှင်းမိတာတွေက ပျော့စိစိနဲ့ ညှီစို့စို့အနံ့တွေတလည်း တထောင်း ထောင်းထနေတယ်။ အောက်ကိုငုံ့ကြည့်လိုက်တော့ ကျုပ်တစ်ကောက် မှာ အသည်းထဲစိမ့်သွားလောက်အောင် ကြောက်ရွံ့သွားမိတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျုပ် နင်းမိထားတာတွေက လူသေအလောင်းတွေဗျ။ လူသေအလောင်းတွေက အပိုင်းပိုင်း၊ အထစ်ထစ် ပုံထားတာ။ မြင်တာနဲ့ အော်ဂလီဆန်သွားတယ်။

ကျုပ်လည်း ကြောက်ကြောက်ရွံ့ရွံ့နဲ့ ကုတ်ဖွဲ့ပြန်တက်ပြီး အမိုးနဲ့ကပ်ပေါက်နေတဲ့ သစ်ပင်ကြီးရှိရာကို တရွေ့ရွေ့သွားရပြန်တယ်။ နောက်ကလည်း တရွတ်ရွတ်နဲ့ အမျိုးသမီးကလိုက်နေတယ်။ သစ်ပင်နားလည်းရောက်ရော သစ်ကိုင်းတစ်ကိုင်းကို အားရဝမ်းသာ ဖမ်းဆွဲလိုက်တယ်။ မီလုမီခင်မှာ ကံဆိုးချင်တော့ ခြေထောက်က နည်းနည်းချော်လဲကျသွားတယ်၊ လဲကျရုံတင် မပြီးဘူး... အမိုးတစ်လျှောက် လိမ့်ဆင်းသွားလိုက်တာ မီရာဖမ်းဆွဲလိုက်တော့ အမိုးအစွန်းတစ်ခုကို ဖမ်းကုတ်မိပြီး တွဲလောင်းကြီးဖြစ်နေတယ်။ မြေပြင်နဲ့ကလည်း တော်တော်လေးအလှမ်းဝေးနေတော့ လွှတ်ချလိုက်လို့ မဖြစ်ပြန်။ ပြဿနာတက်နေတာပေါ့။

ကျုပ်အဖြစ်ကိုတွေ့လိုက်တဲ့ အမျိုးသမီးဟာ အားရပါးရရယ်လိုက်ပြီး ပေါက်ဆိန်ကိုမြှောက်လိုက်တယ်။ ကျုပ်က သူ့ကိုကြက်သေသေပြီး ကြည့်နေချိန်မှာ ပေါက်ဆိန်ဟာ ကျုပ်လက်ပေါ်ကို ကျလာတယ်။ တွဲလောင်းကြီးဆိုတော့ ကျုပ် ဘာမှမလုပ်နိုင်ဘူး။ နာကျင်မှုဝေဒနာကတော့ ပြောမပြတတ်အောင်ပါဘဲ။ ကျုပ် နာနာကြည်းကြည်းအော်လိုက်ပြီး အောက်ကိုပြုတ်ကျသွားတာကို နောက်ဆုံးသိလိုက်ရတယ်။ ကျုပ်... သတိလစ်သွားတယ် ဆိုပါတော့ဗျာ။

ကျုပ်သတိရတာနဲ့ ပြေးမိပြေးရာ ကမ္ဘာရှုးထိုးထပြေး





လိုက်တယ်။ ဘယ်လောက်ကြာအောင် ပြေးနေမိတယ် မသိဘူး။ သတိရလို့ နောက်ပြန်လှည့်ကြည့်လိုက်တော့ မှောင်မည်းနေတဲ့ အောင်းကောင်တစ်ခုလုံး ထမင်းဆိုင်နေရာမှာကွက်ပြီး မီးဟုန်းဟုန်း တောက်နေတာ တွေ့လိုက်ရတယ်။

မက်သယူးသည် သူခံစားခဲ့ရသော ဒုက္ခအဖြစ်အပျက်တွေကို ပြန်ပြောပြီး နဖူးပြင်မှာ ချွေးများစို့လျက်ရှိသည်။

"ခင်ဗျားပြောပြတာ... စိတ်ဝင်စားဖို့ကောင်းပါတယ်။ နောက်ဆုံးတော့ ထမင်းဆိုင် မီးလောင်သွားတယ် ဆိုပါတော့။ ဘယ်လိုကြောင့် မီးလောင်သွားရတာလဲ"

"ကျုပ်အထင်တော့ဗျာ... အမျိုးသမီးက ကိုရုပ်ဆိုးကို ယောင်းတိုင် ပေးထားခဲ့တယ်လေ။ ကိုရုပ်ဆိုးက မြင်မကန်းနဲ့ ကျုပ်ကိုလည်း သူတို့မှန်းထားသလို ဖြစ်မလာဘူးဆိုတော့ ဒေါသတကြီးနဲ့ ကိုရုပ်ဆိုးက ကျုပ်နောက်လိုက်ရင်း မီးလောင်ကုန်တာ ဖြစ်နိုင်တယ်"

ဆရာဝန်က...

"ခင်ဗျားက စိတ်ဝင်စားအောင် ပုံပြင်လည်း အပြောကောင်းတယ်။ အဓိပ္ပာယ်ရှိအောင်၊ အကျိုးအကြောင်း ဆင်ခြေမတက်နိုင်အောင်လည်း ရှင်းပြတတ်တယ်"

ဆရာဝန်က မက်သယူးကိုပြုံးပြီး မယုံကြည်သလို ပြောလိုက်သည်။ မက်သယူးက ၎င်းထိုင်နေသော ကုလားထိုင်မှထကာ ဆရာဝန်ကို မျက်နှာချင်းဆိုင်လိုက်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားက ကျုပ်ကို ရူးနေတယ်လို့ ထင်နေတယ် မဟုတ်လား"

ဆရာဝန်က မဖြေသေးပါ။ ပခုံးကို ဖြည်းဖြည်းလေးလေးနှင့် တွန့်ပြလိုက်သည်။

"ကဲဗျာ... ဒါဖြင့် ဒါတွေကိုရော ခင်ဗျားဘယ်လိုပြောမလဲ။ ဘယ်လိုထင်သလဲ"

မက်သယူးက တစ်ချိန်လုံး ဘောင်းဘီဘယ်ဘက်အိတ်ထဲကို ထိုးသွင်းထားသော ဘယ်ဘက်လက်ကိုဆွဲထုတ်ပြီး ဆရာဝန်ကို ပြန်ပြလိုက်သည်။

သူဆွဲထုတ်ပြလိုက်သော ဘယ်ဘက်လက်ချောင်းများသည် ပြတ်လျက်ရှိပြီး မသေမသပ် ရစ်ပတ်ထားသော အဝတ်စုတ်များမှာလည်း သွေးသံရဲရဲနှင့် လက်မှာတုန်ခါလျက်။

ဆရာဝန်သည် မက်သယူးလက်ကို အံ့ဩစွာငေးကြည့်နေစဉ်မှာပင် မက်သယူးသည် သတိလစ်၍ လဲကျသွားပါတော့သည်။

။

*REF: BOOK OF HORROR STORIES*

※ ※ ※



နိုင်သစ်

**ငွေ**

**BRETON SMIS'S**

**MONEY TO BURN**



www.burmeseclassic.com

www.burmeseclassic.com

ဟားရော်လ်ပါဒီသည် သတ္တိနည်းသူတစ်ယောက် မဟုတ်ခဲ့သော်လည်း ယခု သူ့တစ်ကိုယ်လုံး တုန်နေ၏။ ရေပူချိုးကန်များမှာရှိတတ်သော စကျင်ကျောက်သား ရုပ်တုတစ်ခုကဲ့သို့ သူ့၏ ဖြူဖပ်ဖြူရော်နှင့် ရှည်မျောမျောမျက်နှာက ချွေးသီးချွေးပေါက်များဖြင့် ဝင်းလက်တောက်ပနေလေ၏။ မီးလင်းဖိုပေါ်ရှိ စီးကရက်ဘူးထဲမှ စီးကရက်တစ်လိပ်ကို သူ လှမ်းယူလိုက်သည်။ သူ၏လက်များက မီးခြစ်ဆံကို မီးခြစ်ဘူးပေါ်ခြစ်၍ မရလောက်အောင် တုန်နေခဲ့ပြန်သည်။ သူ့ခနီးတီနှာကမှ တစ်ပေါင်တန် ငွေစက္ကူတစ်ရွက်ကို လိမ်လိုက်၏။ ထို့နောက် လိမ်ထားသည့်ပိုက်ဆံကို မီးဖိုမှမီးတို့၍ ပါဒီ့စီးကရက်အား မီးညှိပေးလိုက်သည်။ တစ်ပေါင်တန်ငွေစက္ကူများက နေရာတကာမှာ ပြန့်ကျဲလျက်ရှိသည်။ ကော်ဇောပေါ်၌ ငွေစက္ကူများဖြင့် ရှုပ်ပွနေ၏။ ငွေစက္ကူများက မီးလင်းဖိုအရှေ့မှာလည်း အပြည့်၊ မီးသွေးထည့်ထားသည့် ဇန်းကလည်း ငွေစက္ကူများဖြင့် ပြည့်လျှံနေ၏။

www.burmeseclassic.com



"ငါးပေါင်တန် ငွေစက္ကူတစ်ရွက်နဲ့ ဒယ်ဒီ့ဆေးပြင်းလိပ် မီးညှိတာ ကျွန်မတွေ့ဖူးတယ်။ ဒယ်ဒီက မြင်းပွဲလောင်းတယ်။ မြင်းပွဲမှာ အဲယားဘွန်းက အဆပေါင်း ၅၀ အသာနဲ့ နိုင်ခဲ့တုန်းက ဒယ်ဒီလည်း ထောသွားတယ်" ဟု တီနာက ပြောလိုက်သည်။

ကံစမ်းမဲများထည့်ထားသည့် ခွက်တစ်ခွက်ကိုလှုပ်သည့်ကဲ့သို့ ငွေစက္ကူတွေထည့်ထားသည့် ဗန်းကို သူမက လှုပ်လိုက်ပြီး သံချောင်းတစ်ချောင်းဖြင့် ဗန်းကို မွှေနှောက်လိုက်၏။ ထို့နောက် တီနာက စကားဆက်လိုက်သည်။

"ဒယ်ဒီက သုံးနိုင်ဖြုန်းနိုင်ပေမယ့် ကျွန်မတို့ကတော့ တတ်နိုင်မှာ မဟုတ်ပါဘူး ပါဒီရေ။ ကျွန်မအဖို့ သားမွေးအကျႌတစ်ထည်လောက်၊ ဒါမှမဟုတ် ကားတစ်စီးလောက်ဝယ်လို့ရရင် သိပ်ကောင်းမှာပဲ။ ဒီပိုက်ဆံတွေကို မီးရှို့ပစ်ရတာ အပြစ်ကြီးတစ်ခုလိုပဲ"

ပါဒီက မီးသွေးဗန်းထဲမှ ပိုက်ဆံများကို နှိုက်ယူလိုက်ပြီး မီးတောက်များထဲသို့ ထည့်လိုက်သည်။ သူက ပေါင် ၅၀၀ ပါသည့် ပိုက်ဆံအုပ်တစ်အုပ်ကို မီးရှို့ပစ်ရန် ကြိုးစား၏။ သို့သော်လည်း ပိုက်ဆံများက မီးကျွမ်းရုံသာရှိခဲ့သည်။ ငွေစက္ကူများသည် မြန်မြန်လောင်စေရန် တစ်ရွက်စီ ခွဲထည့်ရသည်။

"မီးခိုးခေါင်းတိုင်ကို မီးမရှို့မိစေနဲ့ဦး။ ရဲတွေကို ခေါ်လိုက်သလို ဖြစ်နေဦးမယ်။ ကျွန်မ ဦးလေးပရက်က ဒီလိုဖြစ်ပြီး အဖမ်းခံခဲ့ရတာပေါ့။ စာပို့အိတ်ခွံက တငွေ့ငွေ့မီးလောင်ပြီး မီးခိုးတွေအူနေတုန်း ဦးလေးက မြန်မြန်လောင်အောင် ဓာတ်ဆီနဲ့လောင်းလိုက်





တယ်။ အိတ်ထဲပါလာတဲ့ မှတ်ပုံတင်စာတွေကို ဖွင့်ရသေးခင်မှာ မီးသတ်တပ်ဖွဲ့ ရောက်လာကြတယ်" ဟု တီနာက ပါဒီ့ထို သတိပေးလိုက်၏။

* * *

ပါဒီက တီနာကို စိတ်ထဲက ကျိတ်ပြီး ကျိန်ဆဲနေမိ၏။ တီနာသည် စကားကိုတတွတ်တွတ် ပြောတတ်ပြီး အဓိပ္ပာယ်မရှိသော စကားများကိုသာလျှင် ပြောတတ်သော ထုံထုံအအ ဆံဝါမတစ်ဦးပင်။ ဂိတ်စောင့်တစ်ဦး၏မိန်းမက သားမွေးအကျႌဝတ်၊ စိမ်ခံကားကြီးတစ်စီးစီးလျှင် ပတ်ဝန်းကျင်က မပြောဘဲနေမည်ဟု သူမက ထင်နေသည်။ သူမကြောင့် သူသည် မဆပ်နိုင်သောအကြွေးများ တင်နေ၏။ ယခု သူ လူသတ်မှုတစ်ခု ကျူးလွန်သည့် ရာဇဝတ်ကောင်ဘဝ ရောက်ရသည်မှာလည်း သူမကြောင့်ပင်။ သူမ၏ မောင်ဝမ်းကွဲ အက်ဒီက အကြံပြုခဲ့သည်။ အက်ဒီသည် လူကောင်က ခပ်ကြီးကြီး၊ ရွှေအို ရောင်ဆံပင်၊ တောက်ပသည့် မျက်လုံးပြာကြီးများရှိပြီး ပျော်ပျော်ရွှင်ရွှင်နေတတ်သည့် လူတစ်ဦးဖြစ်၏။

သူမ၏ မောင်ဝမ်းကွဲအက်ဒီက အကြံပြုခဲ့သည်။

"အဲဒါ အခွင့်ကောင်းပဲ။ မင်းက လစာပေးတဲ့စာရေး ဘယ်တနေ့ စက်ရုံကို ပြန်ရောက်မယ့်အချိန်ကို အတိအကျသိတယ်။ ငါက လွဲပြီး ဘယ်သူမှ ဂိတ်ပေါက်ဝနားမှာ ရှိမနေအောင် မင်းလုပ်ပေးရမှာပဲရှိတယ်" ဟု အက်ဒီက ပြောခဲ့သည်။

တက္ကစီအငှားကားက စာရေးကို စက်ရုံဂိတ်တွင်ချပေးခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



အငှားကားထွက်သွားသောအခါ အက်ဒီသည် စာရေးအား ရုံးနေရာမှာပင် မှောက်သွားအောင် တီးထည့်လိုက်သည်။ ထို့နောက် ငွေ စက္ကူပေါင် ၆၀၀၀ ပါသော သားရေအိတ်ကို ဆွဲပြေးသွားသည်။ သူ့နောက်မှ ပါဒီထက်ကြပ်လိုက်သွားသည်။ အက်ဒီက ပါဒီ့ကို ဝင်တိုက်မိသည်။ အက်ဒီသည် လမ်းကြားကလေးတစ်ခုအတွင်းသို့ ဝင်ပြေးသွားသည်။ ပါဒီကမူ လူရှုပ်သော ဈေးလမ်းတစ်ခုအတွင်းသို့ "အဲ့ဒီလူကို ဖမ်းထားကြ" လို့ အော်ဟစ်ရင်း ပြေးဝင်သွားခဲ့သည်။ ရှုပ်ရှုပ်ထွေးထွေးအနေတွင် တချို့က အပြေးလိုက်ခဲ့ကြသည်။ သို့သော် မည်သူကို ဖမ်းဆီးရမည်မှန်း မသိခဲ့ကြပေ။ တခြားသူများ လမ်းပေါ်တွင် ဆက်ပြီးပြေးနေအောင် လွှတ်ထားပြီး ပါဒီသည် လုယက်သူ ပျောက်သွားကြောင်း တင်ပြရန် စက်ရုံသို့မောကြီးပန်းကြီး သုတ်ခြေတင်ပြီး ပြန်လာခဲ့၏။ အဖြစ်အပျက်မှာ မြန်ဆန်လွန်းသဖြင့် လုယက်သူ၏ ပုံပန်းသဏ္ဌာန်ကို သေချာစွာမမှတ်မိကြောင်း ပါဒီက ရဲများအား ရှင်းပြလိုက်သည်။ လုယက်သူသည် ခါးပတ်ပါသည့် အပြာရောင် မိုးကာအင်္ကျီတစ်ထည်နှင့် အနက်ရောင် ဦးထုပ်အဝိုင်း တစ်လုံးကို ဝတ်ဆင်ထားသော ကိုယ်လုံးကိုယ်ထည် ခပ်ကြီးကြီး လူတစ်ယောက်ဖြစ်ကြောင်းသာ ရဲများကို ဝေဝေဝါးဝါး ပြောပြခဲ့၏။ လူနာတင်ယာဉ်က စာရေးကို ဆေးရုံသို့ခေါ်သွားနှင့်ပြီဖြစ်၏။ ပါဒီက စာရေး၏အခြေအနေကို မေးမြန်းကြည့်၏။

"သူ့ကို ဆေးရုံပို့လိုက်ပြီ။ ဒါပေမဲ့ ရေခဲတိုက်ကို ပို့လိုက်တာပဲ ဖြစ်လိမ့်မယ်။ စာရေးရဲ့ပုံစံ...ပြီးတော့ ပလက်ဖောင်းပေါ်က





သွေးတွေကိုကြည့်ရတာ သူဆေးရုံမရောက်ခင် သေမှာပဲ။ ဒါဟာ လူသတ်မှုတစ်ခုပဲ" လို့ ရဲသားတစ်ယောက်က ရှင်းပြခဲ့၏။

ပါဒီက ငွေစက္ကူများကိုမီးရှို့နေစဉ် ပလက်ဖောင်းပေါ်က သွေးများကို ပြန်မြင်ယောင်မိသည်။ မန်နေဂျာက သွေးဖျက်နေမှန်း သတိပြုမိပြီး သူ့ကို အိမ်ပြန်မလွှတ်ခင် သဲများဖြင့် ဖုံးအုပ်ခဲ့ရသော သွေးကွက်ကြီးကို သူပြန်မြင်ယောင်နေ၏။

"မင်းကတော့ အစွမ်းကုန် ကြိုးစားခဲ့တာပဲ။ လုယက်သူမှာ လက်နက်ပါတယ်ဆိုတာ မင်း ဘယ်နယ့်လုပ် သိနိုင်မှာလဲ။ နီကိုးလ် (စာရေး)တော့ ကံဆိုးခဲ့တာပဲ" ဟု မန်နေဂျာက ဆိုလိုက်သည်။

မည်သူမျှ ဆိုးဆိုးရွားရွား မထိခိုက်နိုင်ပါဟု အက်ဒီက ကျိန်တွယ်ပြောခဲ့သည့်ကြားမှ...

"သူ စဏလောက် သတိလစ်သွားရုံလောက်ပဲ တီးလိုက်မှာပါ။ ဘယ်နေရာကိုတီးရမယ်ဆိုတာ ငါသိတယ်" ဟု အက်ဒီက ပါဒီ့ကို ပြောခဲ့၏။

ပါဒီသည် လမ်းထောင့်ကအရက်ဆိုင်တွင် ဘရန်ဒီသောက်ပြီးနောက် လမ်းသောဖုန်းမှတစ်ဆင့် ဆေးရုံသို့ဖုန်းဆက်ခဲ့သေး၏။ ရဲသားက သူ့ကို တလွဲပြောခဲ့သည်ဟု ပါဒီက သူ့ကိုယ်သူ ပြောမိခဲ့၏။

"မစ္စတာနီကိုးလ်လား။ ခင်ဗျားက သူ့ရဲ့ဆွေမျိုးလား။ ကျွန်တော် ခင်ဗျားကိုပြောရမှာ အရမ်းအားနာတယ်ဗျာ။ ခင်ဗျား အရမ်းနောက်ကျသွားပြီ။ နီကိုးလ်က သွားပြီ" ဟု မရင်းနှီးသော အသံတစ်သံက ဖုန်းထဲက ပြန်ပြောခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



သူဖုန်းဆက်သည်ကို ခြေရာခံမိမှာ စိုးရိမ်သဖြင့် ပါဒီက ဖုန်း အမြန်ချခဲ့ပါသည်။ ထို့နောက် အရက်ထပ်၍ သောက်ခဲ့သည်။ ကြောက်ဖျားဖျားပြီး ပါဒီအိမ်ကို ပြန်လာခဲ့၏။ အိမ်ပေါက်ဝ၌ ငွေစက္ကူပေါင် ၂၀၀ ပါသည့် အညိုရောင် စက္ကူအိတ်ကိုကိုင်လျက် စောင့်မျှော်နေသောတီနာကို တွေ့ခဲ့ရ၏။

"အက်ဒီ ကတိပေးခဲ့တဲ့ ကျွန်မတို့ရမယ့် ဝေစု ပေါင် ၂၀၀၀။ အက်ဒီကတော့ မှန်မှန်ကန်ကန်ပဲ။ ပိုက်ဆံတွေကို ရှင်ရေတွက်ကြည့်ချင်ရင်တော့ ငွေစက္ကူတွေပေါ်က၊ နံပါတ်တွေက အစဉ်အတိုင်းပဲ" လို့ တီနာက ဂုဏ်ယူဝံ့ကြွားစွာ ပြောခဲ့သေးသည်။

"ဒီငွေတွေ ငွေပူဖြစ်မယ်ဆိုတာကို ရှင်သိခဲ့သားပဲ။ ဒီငွေတွေကို တစ်နှစ်လောက်သိမ်းထားပြီးမှ သုံးမယ်လို့ ရှင်ပြောခဲ့တာလေ" ဟု တီနာကအော်လိုက်သည်။

"အခု လူသတ်မှုကွ" လို့ ပါဒီက စိတ်ဆိုးနေသောလေသံဖြင့် ပြောခဲ့သည်။ "ဒီကိစ္စမှာ ငါမပါဘူး။ ငါ့မှာ ဒီငွေတွေမရှိရင် သူတို့ ငါ့ကို ဘယ်လိုမှ အရေးယူလို့မရဘူး။ အက်ဒီ အခုဘယ်မှာလဲ"

"သူ အပန်းဖြေခရီးထွက်သွားပြီ။ အလုပ်တစ်ခုပြီးတိုင်း သူ ခရီးထွက်နေကျပဲ။ ကျွန်မတော့ နားမလည်နိုင်ဘူး။ အက်ဒီက အမြဲတမ်းသေချာပါတယ်"

"သူ လူတစ်ယောက်ကို သတ်ခဲ့တယ်။ ဒီငွေစက္ကူတွေအားလုံးက ငါတို့ကို ဖော်ကောင်လုပ်မယ့် သက်သေခံပစ္စည်းတွေပဲ" ဟု ပါဒီက ရေရွတ်လိုက်သည်။





"ကျွန်မတို့လည်း တစ်နေရာရာကိုသွားပြီး ဒီပိုက်ဆံတွေကို သုံးပစ်လို့မရဘူးလား။ အချိန်ကြာကြာ မသုံးရပါဘူး။ တကယ်ပါ.. မကြာဘူး ပါဒီ" လို့ သူမကဆိုခဲ့သည်။ ပါဒီ သူမကို တီးချင်စိတ်ပေါ်သွားသည်။

"ငါ အလုပ်က ရုတ်တရက်ထွက်လိုက်ရင် သူတို့ဘယ်လိုထင်ကြမလဲ။ ငါတို့ ဒီမှာပဲဆက်နေမယ်။ ငွေတွေအားလုံးကို မီးရှို့ပစ်ရမယ်"

ငွေတွေအားလုံးကို မီးရှို့ပစ်လိုက်၏။ မီးလင်းဖိုသည် မီးရှို့ထားသည့် ငွေစက္ကူများမှ ပြာများဖြင့် အပြည့်ဖြစ်နေ၏။ တတ်ဆေးနည်းဖြင့် စမ်းသပ်လျှင် ငွေစက္ကူပြာများဖြစ်သည်ကို သိနိုင်ကြောင်း ပါဒီဖတ်ခဲ့ဖူးသည်။ ထို့ကြောင့် ပါဒီက ပြာများကို ပြတင်းပေါက်ဆီသို့သယ်သွားပြီး လေထဲသို့ကြဲချလိုက်သည်။ ပြာများက အိမ်ခေါင်မိုးများအပေါ်သို့ လွင့်သွားကြ၏။

"အခုမှပဲ စိတ်အေးရတော့တယ်" ပါဒီ သက်ပြင်းချလိုက်သည်။ "အက်ဒီက အဖမ်းခံခဲ့ရရင် ငါကိုပါ တရားခံဖြစ်အောင် သူ ပြောမှာမဟုတ်ဘူး။ သူက မင်းကတစ်ဆင့် ငါနဲ့အဆက်အသွယ်ရှိတာကို ဘယ်သူမှမသိကြဘူး" ဟု ပါဒီက ပြောလိုက်သည်။

"သူက သိပ်ပြီးပါးနပ်တာ၊ အဖမ်းခံရဖို့ အကြောင်းမရှိဘူး။ ပိုက်ဆံတွေအားလုံးကို အစီအစဉ်မရှိ ဖြုန်းတီးလိုက်ရတာတော့ ကောင်းဘူး။ ဟိုစာရေးလေးအတွက်တော့ စိတ်မကောင်းဖြစ်မိ တယ်။ သူ့ရဲ့ခေါင်းက ပလက်ဖောင်းနဲ့ရိုက်မိသွားတာဖြစ်မယ်။ ဒါက အက်ဒီရဲ့ အမှားမဟုတ်ဘူး" ဟု တီနာက ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ညက ပါဒီ တစ်ညလုံး အိပ်လို့မရခဲ့ချေ။ နောက်တစ်နေ့နံနက် ရောက်သောအခါ ပါဒီတစ်ယောက် သတင်းစာကို မဖတ်ရဲပေ။ သတင်းစာမျက်နှာဖုံးတွင် မည်သည့်သတင်းမျှမပါကြောင်း တီနာက ပြောပြ၏။ "နောက်ထပ် ဂြိုဟ်တုတစ်လုံး လွှတ်တင်တဲ့ သတင်းပဲပါတယ်။ လူသတ်မှုဆိုရင် သတင်းဖြစ်ရမယ့်ဟာပဲ၊ ဒါမှမဟုတ် တစ်စုံတစ်ယောက်ကို ဖမ်းပြီးတဲ့အထိ ရဲတွေက ဒီအမှုကို ထိမ်ချန်ထားတာလား"

သူမက စာမျက်နှာများကို ဟိုလှန်ဒီလှန် ရှာဖွေကြည့်သည်။ ပါဒီက လက်ဖက်ရည်ကို မော့သောက်လိုက်ပြီး "ကိစ္စမရှိဘူး" ဟု ပြောလိုက်သည်။

"ငါ ဒီကိစ္စကို ဖတ်လည်းမဖတ်ချင်ဘူး၊ ပြောလည်း မပြောချင်တော့ဘူး။ ဒီကိစ္စက ငါတို့နဲ့မဆိုင်တော့ဘူး။ ဒီကိစ္စကို မေ့လိုက်တော့... တီနာ"

နီကိုးလ်လဲကျခဲ့သည့် စက်ရုံဂိတ်ဝကနေရာကို သဲများဖြင့် ဖုံးအုပ်ထားဆဲပင် ဖြစ်သည်။ သဲများကို တံမြက်စည်းဖြင့် သူ မလှည်းရသေးခင်မှာပင် မန်နေဂျာက သူ့ကိုတွေ့ချင်နေကြောင်း သတင်းရောက်လာ၏။ ပါဒီ ရင်တွေခုန်လာသည်။ ရုံးခန်းသို့ရောက်သောအခါ မန်နေဂျာက ပါဒီကို လက်ဆွဲနှုတ်ဆက်၏။

"ခင်ဗျားကတော့ လူဆိုးကိုလိုက်ဖမ်းပြီး သတ္တိပြလိုက်တာပဲ။ ကျန်တဲ့အလုပ်သမားတွေအတွက် အတုယူစရာပဲ။ ကျွန်တော် ခင်ဗျားကို ကျေးဇူးတင်စကားပြောပြီး ဂုဏ်ပြုချင်လို့ပါ" ဟု မန်နေဂျာက ပြောသည်။





"ကျေးဇူးတင်ပါတယ် ဆရာ။ ကျွန်တော် ဒီငနဲကို မမိလိုက်လို့ စိတ်မကောင်းပါဘူး။ ဒီအဖြစ်အပျက်က မျက်စိတစ်မှိတ်အတွင်းမှာ ဖြစ်သွားတာ။ ရဲတွေဆီက ဘာသတင်းမှမကြားဘူးလား" လို့ ပါဒီက မေးလိုက်၏။

"ဘာမှ မကြားရသေးဘူးဗျာ။ စိတ်ပျက်စရာကောင်းတဲ့ ကိစ္စတစ်ခုပဲ။ ဒါပေမဲ့ ထင်သလောက်တော့ မဆိုးဘူး။ နီကိုးလ်က မကြာခင်ပြန်လာတော့မှာ" လို့ မန်နေဂျာက ပြောလိုက်သည်။

"ပြန်လာတော့မယ် ဟုတ်လား၊ ကျွန်တော် ဆေးရုံကို ဖုန်းဆက်တုန်းက ဆေးရုံက ကျွန်တော့်ကို နောက်ကျသွားပြီ၊ နီကိုးလ်သွားပြီလို့ ပြောလိုက်တယ်" ဟု ပါဒီက ပြောလိုက်သည်။

"သွားပြီဆိုတာ အိမ်ကိုပြန်သွားပြီလို့ ပြောတာဖြစ်မှာပေါ့ဗျာ" ဟု မန်နေဂျာက ပြုံး၍ပြောလိုက်သည်။ "ခင်ဗျား သွေးမျက်သွားတာ မဆန်းဘူး။ နီကိုးလ်က နှာခေါင်းသွေးလျှံတတ်တာကိုး။ ဒါကြောင့် သွေးအများကြီးထွက်တာ၊ ခဏလောက် သတိလစ်သွားခဲ့တာကလွဲပြီး သူ အန္တရာယ်ဖြစ်တာ မရှိဘူး။ ဆေးရုံက သူ့ကိုအိမ်မှာ ပြန်အနားယူဖို့ လွှတ်လိုက်တာ။ ပြီးတော့ မကျန်းမာမချင်း အလုပ်မဆင်းဖို့ သူ့ကိုပြောထားပြီးပြီ"

ပါဒီ စိတ်သက်သာရာရခဲ့၏။ သို့သော် သူ့ကိုယ်သူ ခေါသဖြစ်မိ၏။ ဖြစ်ပေါ်လာမည့် ဆိုးကျိုးများကို တွက်ချက်ပြီး ပါဒီ သတ္တိကြောင်ခဲ့သည်။ ပိုက်ဆံပေါင် ၂၀၀၀ ဆုံးရှုံးခဲ့ရပြီ၊ သူကလွဲ၍ တခြားမည်သူမျှ ထိခိုက်မှုမရှိကြပေ။ စက်ရုံက အာမခံထားရှိသဖြင့်

www.burmeseclassic.com



လုယက်ခြင်းခံရသောငွေများ ပြန်ရမည်။ နီကိုးလ်က လစာအပြည့်ဖြင့် အနားယူခွင့်ရခဲ့သည်။ ငွေတွေကို မည်သို့ကိုင်တွယ်ရမည်ကို နားလည်သည့်အက်ဒီက သုံးဖြုန်းပြီး ခိမ်ကျနေပေပြီ။

* * *

ပါဒီအိမ်ပြန်ရောက်သောအခါ တီနာအနေဖြင့် ပြောစရာအများကြီးတော့ရှိသွားသည်။ ပါဒီက တီနာကို အပြစ်တင်၍မရသလို ပါးစပ်ပိတ်၍လည်း မရခဲ့ချေ။ ရက်အနည်းငယ်ကြာသောအခါ ဒဗ္ဗလင်မြို့မှ ပို့စကတ်တစ်ခုရောက်လာသည်။ ဘီယာခွက်ထဲမှ အမြှပ်များကို ပါးစပ်ဖြင့်မှုတ်ထုတ်နေသည့် လူဝကြီးတစ်ယောက်၏ ပုံဖြစ်သည်။ အက်ဒီက ပို့စကတ်ပေါ်၌ အခိပ္ပာယ်နှစ်ခွထွက်သော စာတစ်ကြောင်း ရေးပေးလိုက်၏။

"မင်းတို့ ဒီဒဗ္ဗလင်မှာ မရှိကြတာ ငါစိတ်မကောင်းဘူးကွာ။ ဒီအပြောင်းအလွဲက စိတ်ကြည်နူးစရာဖြစ်စေမယ့်အပြင် အသီတချို့လျော့စေမှာ။ ဒဗ္ဗလင်က မပူလှဘူး။ ဒါပေမဲ့ ကျန်းမာရေးနဲ့ ပြည့်ဝစေမှာတော့ အမှန်ပဲပေါ့"

လုယက်မှုကို မကြာခင်မှာ မေ့မေ့ပျောက်ပျောက်ဖြစ်သွားကြ၏။ ဘဏ်မှလစာအတွက် ငွေများကို လူနှစ်ဦးသွားထုတ်ကြ၏။ နီကိုးလ်ကလည်း ကျန်းမာစိုပြည်ပြီး လက်ထောက်ငွေကိုင်ရာထူးအဆင့်သို့ တိုးမြှင့်ခံရ၏။ ဤမတရားချက်က ပါဒီကို အတော်လေးစိတ်ဒုက္ခပေးခဲ့သည်။ ဆုငွေအစား စက်ရုံက ပါဒီကို လက်ပတ်နာရီ





တစ်လုံး ဆုချ၏။ နီကိုးလ်က ပါဒီကို လမ်းထောင့်အရက်ဆိုင်တွင် အရက်တိုက်ပြန်သည်။

"နှစ်ကိုယ်ကြား ပြောရရင်တော့ဗျာ။ ကျွန်တော် ဒါထက်ထဲကောင်းတဲ့ အတီးမခံရဘူး။ ခုလိုခံလိုက်ရလို့ ကျွန်တော့်ရဲ့ လစာတစ်နှစ်ကို ၁၅၀ ပေါင် တိုးသွားပြီ။ ဆောင်းရာသီအားကစားအတွက် ရက်သတ္တပတ်နှစ်ပတ် အခွင့်ရတယ်" ဟု နီကိုးလ်က ဆို လိုက်သည်။

"သူတို့ ဟိုလူကိုဖမ်းလို့ မမိသေးဘူး။ အတော်ညံ့ကြတာပဲ" ဟု ပါဒီက ပြောလိုက်သည်။

"သူတို့မှာ လိုက်စရာသဲလွန်စ မရှိလှတော့ဘူး။ ခင်ဗျားက သူတို့ကို ဘာမှအကူအညီမပေးနိုင်ခဲ့ဘူး။ ကျွန်တော်တောင်မှ ဒီလူကို မှတ်ခနဲပဲ မြင်လိုက်တာ"ဟု နီကိုးလ်က ရှင်းပြ၏။

ပါဒီ၏နဖူးတွင် ချွေးစို့လာ၏။ "မင်း အဲဒီလူကို မြင်လိုက်သလား" ဟု ပါဒီက မေးသည်။

"ဂိတ်ဝနားမှာ အငှားကားရပ်တုန်း ကျွန်တော်တွေ့ခဲ့တာ။ သူကောင်ခပ်ထွားထွား၊ အရောင်တဝင်းဝင်းတောက်တဲ့ မျက်လုံးတွေနဲ့။ လူတစ်ယောက်ကိုမကိုက်ခင်မှာ အယ်လ်ဆေးရှင်းခွေးတွေပြုံးတဲ့ အပြုံးမျိုးနဲ့လူပဲ" ဟု နီကိုးလ်က ထိုလူနှင့်ပတ်သက်ပြီး သူ မြင်ခဲ့သမျှကို ပြောပြ၏။

"မင်း ဒီငနဲကို ထပ်တွေ့ရင် မှတ်မိပါ့မလား"

"ခေါင်းရိုက်ခံရမှ မမှတ်မိဘဲ နေပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



"ရဲတွေက ဒီလူကိုဖမ်းမိခဲ့ရင် သက်သေထွက်နိုင်အောင် ကျွန်တော့်ကို အသာလျှို့သိမ်းထားတာ" ဟု နီကိုးလ်က ပြောလိုက်သည်။

ပါဒီက ရဲများ အမှုဖော်နိုင်ပါစေဟု မျှော်လင့်ထားမိ၏။ ပေါ်သွားမှာကိုလည်း ကြောက်လန့်မိ၏။ ပါဒီသည် အိမ်ပြန်လာပြီး အက်ဒီဆီသို့ ပြန်မလာခဲ့ဟု စာလှမ်းရေးပြောရန် တီနာကို သတိပေးလိုက်ပါသည်။

"ရှင်ကိုယ်တိုင် သူ့ကိုပြောလို့ရပါတယ်။ အက်ဒီ ဒီမှာ ညစာလာစားလိမ့်မယ်။ သူ ဒီနေ့ပဲပြန်ရောက်တယ်" ဟု တီနာက ပြောသည်။

* * *

အက်ဒီက အနည်းငယ်နောက်ကျ၍ ရောက်လာ၏။ သိုးမွေးအင်္ကျီတစ်ထည်ကို စတိုင်ကျကျဝတ်ဆင်လျက် အိုင်းရစ်ဝီစကီပုလင်းနှစ်လုံးကိုကိုင်ပြီး ရောက်လာ၏။ ပါဒီ၏ စိုးရိမ်တကြီး သတိပေးစကားများကို ဘေးချိတ်ထားလိုက်သည်။

"ငါ အဆာတစ်ရာနဲ့ တစ်ဆလောင်းရဲတယ်။ လစာပေးတဲ့ စာရေး(နီကိုးလ်)ကို ငါကိုယ်တိုင် ခေါင်းကိုက်ပျောက်ဆေးမှုန့် သွားရောင်းရင်တောင် သူ ငါ့ကို မှတ်မိမှာမဟုတ်ဘူး" ဟု အက်ဒီက စိန်ခေါ်လိုက်သည်။

တီနာက သူတို့၏ဝေစုပေါင် ၂၀၀၀ ၏ အဖြစ်အပျက်ကို ပြောပြသည့်အခါ အက်ဒီက ပထမတော့မယုံကြည်ပေ။ ထို့နောက်တွင် မျက်ရည်ထွက်သည်အထိ ဟားတိုက်ရယ်မော၏။





"မီးနိုးငွေ့အဖြစ် ကောင်းကင်ကို တက်သွားခဲ့တာပေါ့။ နောက်တစ်ခါ မင်းတို့မှာ ချက်ပြုတ်ဖို့လောင်စာမရှိရင် အင်္ဂလန်ဘဏ်ကို ငါတို့စားပြသွားတိုက်တာပေါ့" ဟု အက်ဒီက ခနဲ့လိုက်သည်။

အက်ဒီက ပိုပြီးရယ်မောလေ၊ ပါဒီက အက်ဒီ့ကို ပိုပြီးကြည့်မရလေ ဖြစ်နေခဲ့၏။ အက်ဒီက တီနာကိုခေါ်ပြီး ရုပ်ရှင်ကြည့်ရန်ထွက်သွားသည်နှင့် တစ်ပြိုင်နက် ပါဒီက ဝီစကီထပ်၍သောက်သည်။ အက်ဒီက မည်သူဖြစ်ကြောင်းနှင့် ဘယ်မှာနေကြောင်းကို ရဲစခန်းကိုအကြောင်းကြားသည့် အမည်မဖော်သည့်စာတစ်စောင် ထိုင်ရေးလိုက်သည်။ ထို့နောက် ဝီစကီထွေထွေဖြင့်ပင် စာထည့်ရန် အပြင်သို့ထွက်ခဲ့သည်။

နောက်တစ်နေ့ နံနက်ရောက်သောအခါ ပါဒီသည် အသည်းတယားယားဖြစ်နေခဲ့၏။ နီကိုးလ်ကို တွေ့လိုက်သောအခါ အူတွေအသည်းတွေ ကျွမ်းထိုးမှောက်ခုံဖြစ်သွားသကဲ့သို့ ပါဒီခံစားလိုက်ရသည်။

"ဟိုငနဲရဲ့သတင်းကို ရထားပြီဗျ" ဟု နီကိုးလ်က စိတ်လှုပ်ရှားစွာပြောလိုက်စဉ် "ရဲစခန်းက ကျွန်တော့်ကို အကြောင်းကြားလိုက်တယ်။ တရားခံကိုပြဖို့ ခင်ဗျားနဲ့ကျွန်တော်ကို ရဲစခန်းက အနုချက်ချင်း အလိုရှိနေတယ်"

ရဲစခန်း၏မြေကွက်လပ်တွင် အက်ဒီအပါအဝင် လူ ၁၂ဦး တန်းစီပြီး မတ်တတ်ရပ်နေခဲ့ကြ၏။ ဓါတ်ပုံဖိုင်းကဲ့သို့ပင် အက်ဒီက



www.burmeseclassic.com

ပြုံးနေခဲ့၏။ ပါဒီက အက်ဒီနှင့် မျက်လုံးချင်းဆိုင် မကြည့်ရဲခဲ့ပေ။ စုံစမ်းစစ်ဆေးရေးအရာရှိတစ်ဦးက ပါဒီကို မတ်တတ်ရပ်နေသူများ၏ အနောက်သို့ ခေါ်သွား၏။

“မစ္စတာပါဒီ၊ လုယက်သူနဲ့ တူတဲ့လူကို တွေ့လား” ဟု စုံထောက်က မေး၏။

“ကျွန်တော်ပြောရမှာ ဘဝင်မကျလှဘူး။ အနောက်ကကြည့်ပြီး ပြောရတာခက်ခဲတယ်။ သူတို့အားလုံးက အတူတူပါပဲ” ဟု ပါဒီက ခပ်ကျယ်ကျယ်လေး ပြောလိုက်၏။

“ခင်ဗျားရော၊ ဘယ်လိုလဲ မစ္စတာနီကိုးလ်” ရဲအရာရှိက မေး၏။ နီကိုးလ်က လူတန်းအတိုင်း ခေါက်တုံ့ခေါက်ပြန် လျှောက်လိုက်သည်။

“ဝမ်းနည်းပါတယ် ဆရာ၊ ကျွန်တော် တစ်ယောက်မှ မမှတ်မိဘူး” ဟု နီကိုးလ်က ဖြေလိုက်သည်။

“သေချာရဲ့လား... ထပ်ပြီးကြည့်ပါဦး” လို့ ရဲအရာရှိက ပြောသည်။

နောက်ထပ် မိနစ်အနည်းငယ်ကြာသောအခါ နီကိုးလ်က လက်လျှော့လိုက်သည်။

“ဝမ်းနည်းပါတယ်ဗျာ၊ ကျွန်တော်လည်း မတတ်နိုင်ဘူး” ဟု နီကိုးလ်က စိတ်ပျက်စွာ ပြောလိုက်သည်။

“ကောင်းပါပြီ။ ဒီလောက်ပါပဲ။ ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့လည်း သတင်းအရ ဆောင်ရွက်ရတာပါ။ ဒါပေမဲ့





တစ်ခါတလေတော့ ရတဲ့သတင်းက အလကားပဲ” ရဲအရာရှိက ရှင်းပြပါသည်။

သူတို့အားလုံးကို သွားခွင့်ပြုလိုက်၏။ သူပြောခဲ့သည့်အတိုင်းပင် အက်ဒီ မည်သည့်အန္တရာယ်မှ မကြုံခဲ့ပါ။ နီကိုးလ်သည် ကြယ်တွေလတွေမှအပ အခြားမည်သည့်အရာမျှ မြင်မိလိုက်ဟန် မရှိချေ။

အရက်သောက်ရန် နီကိုးလ်က ပါဒီကို အရက်ဘားတစ်ခုသို့ ဦးဆောင်ခေါ်သွားရင်း ပြောလိုက်သည်။

“ခင်ဗျားပုံစံက တစ်ခွက်တစ်ဖလား လိုသလိုပဲ၊ ဘယ်လိုပဲ ဖြစ်ဖြစ် အလုပ်နားခွင့်ရတာပေါ့” ဟု နီကိုးလ်က ပြောသည်။

အရက်ဘား၏ တံခါးများ ပွင့်သွား၏။ သွားများပေါ်အောင် ပြုံးလျက် အက်ဒီဆိုင်ထဲသို့ ဝင်လာ၏။

“ဒီတစ်ခါ မင်းတို့နှစ်ယောက်ကို ငါတိုက်မယ်၊ မင်းတို့ တော်တယ်၊ စခန်းမှာ နာရီဝက်လောက်နေခဲ့ရပေမယ့် အရေးယူစရာ ဘာမှမရှိခဲ့ဘူး” ဟု အက်ဒီက ပြောလိုက်သည်။

ပါဒီက ပါးစပ်အဟောင်းသားဖြင့် အက်ဒီနှင့်နီကိုးလ်တို့ကို ကြည့်နေမိ၏။ “မင်းတို့ တစ်ယောက်ကိုတစ်ယောက် သိကြသလား” ဟု ပါဒီက မေး၏။

“မင်းက ဘယ်လိုထင်လို့လဲ။ ဒီမှာ ငါ့လူ... ငါက အလုပ် တစ်ခုလုပ်ရင် ပိပိရိရိဖြစ်အောင် စီစဉ်တာ၊ ဒီအလုပ်အတွက် ငွေ

သုံးစုခွဲခဲ့ရတာ၊ နီကိုးလ်ကတော့ ခေါင်းကိုတစ်ချက် အထိုးခံခဲ့ရတယ်၊ အဲဒါအပိုဆုပဲ" လို့ အက်ဒီက ပြော၏။

"မင်း ငါ့ကို ဒီအကြောင်းတွေ မပြောခဲ့ဘူး" ဟု ပါဒီက အမောတကော ဆိုလိုက်သည်။

"ကျွန်တော့်ကိုလည်း ပြောမထားဘူး" ဟု နီကိုးလ်က ဆိုလိုက်သည်။

အက်ဒီက ပြုံးလိုက်သည်၊ "အဲဒါ ငါ့ရဲ့ ပညာပဲလေ၊ ဘယ်သူ့ကိုမှ ငါ ဘာမှမပြောထားခဲ့ဘူး၊ အခုတစ်ယောက်ယောက်က ပြောလိုက်တာ ဖြစ်မယ်၊ ဒီကောင် ဘယ်သူလဲဆိုတာ သိရင်တော့ ဒီကောင့်ခေါင်းက မင်းရဲ့ ခေါင်းထက် ပိုမာကျောလို့ဖြစ်မယ် နီကိုးလ်ရေ" ဟု အက်ဒီက ပြောလိုက်၏။

ထိုနေ့ညအိမ်ပြန်သောအခါ ပါဒီသည်လမ်းရှည်မှ အိမ်ပြန်ခဲ့သည်၊ မတော်နေဟုသောအတွေးဖြင့်၊ လည်ပြန်တကြည့်ကြည့်ဖြင့် ပြန်ခဲ့သည်၊ အက်ဒီ့အပြုံးကို မည်သူမျှ အဓိပ္ပာယ်မသိတတ်နိုင်ချေ။

တီနာက ပါဒီကို အိမ်မှာစောင့်မနေပါ၊ တိုက်ခန်းက ဗလာနတ္ထိဖြစ်နေ၏။ သူမ၏ အဝတ်အစားများလည်း မရှိခဲ့တော့ချေ၊ သူမနှင့်အက်ဒီက တစ်ဦးကိုတစ်ဦး သံယောဇဉ်ရှိကြသည်ကို ပါဒီ သတိထားမိခဲ့ပါသည်၊ တစ်ယောက်တည်း ကျန်ခဲ့၍ စိတ်သက်သာရာ ရသွားသည်သို့ပင် သူခံစားမိခဲ့သည်၊ သူ အက်ဒီအကြံအတိုင်း ဤနေရာမှလစ်သွားနိုင်သည်၊ ငွေရှိလျှင် နီကိုးလ်ထံမှ ငွေညှစ်နိုင်သည်၊ အက်ဒီ အဝေးရောက်နေသည့် အနေအတွင်း လက်ထောက်





ငွေကိုင်စာရေးကို ဖိအားနည်းနည်းပေး၍ ငွေပေါင် ၂၀၀၀ လောက် ရိတ်ရသည်က ခက်လှမည်မဟုတ်ဟု သူထင်မိသည်၊

* * *

ရဲများက သတင်းအရ သူ၏တိုက်ခန်းအား ဝင်ရောက်ရှာဖွေသောအခါ ပါဒီသည် သူ၏စိတ်ကူးအိပ်မက်ထဲ နစ်နေခဲ့သည်၊ ပါဒီ၏ဗီရိုထဲမှ နိုးရာပါ ငွေစက္ကူအနည်းငယ်ကို ရှာတွေ့ခဲ့၏၊ ထိုငွေများမှာ အက်ဒီက ထားခဲ့ခြင်း ဖြစ်လေသည်၊ သူနှင့် ကြံရာပါများကို ရဲများက သိချင်ခဲ့ကြ၏၊ တိုက်ခန်းအတွင်းမှ တွေ့ရှိခဲ့သော တရွက်များ၊ မင်များ၊ ဘောလ်ပင်တို့က ပါဒီက အက်ဒီကို ချောက်ချရန် အသုံးပြုသော အရာများဖြစ်ကြောင်း သက်သေပြနေသဖြင့် အက်ဒီသည် ကြံရာပါတစ်ဦးမဟုတ်ကြောင်း ရဲက ယူဆခဲ့သည်၊ သူ့မိန်းမနှင့်ကင်းစေရန် ကြံဆချက်ဟု ရဲများက ကောက်ချက်ချခဲ့သည်။ ထို့အပြင် အက်ဒီသည် နိုင်လုံသော အလီဘိုင်ရှိခဲ့သည့်အပြင် စာရေးကလည်း သူမှန်း ခွဲထုတ်မပြနိုင်ခဲ့ချေ၊ "သူ့ကို ခေါ်သွား" စုံထောက်အရာရှိက ဆိုလိုက်သည်၊

"ငါ နီကိုးလ်နဲ့ထပ်ပြီး စကားပြောဖို့လိုလိမ့်မယ် ထင်တယ်၊ သူနဲ့ပါဒီ အရက်အတူတူသောက်နေတာ တွေ့မိလိုက်ကြတယ်"

*REF: Parade, April 16th, 1960*

* * *